အမှန်တရားထင်ရှားရမည်

# ဗုဒ္ဓအဘိဓမ္မာ
# နှင့်
# ဟာဒယဝတ္ထုပြဿနာ

တတိယအကြိမ်—ပြုပြင်ရိုက်နှိပ်ခြင်း

သခင်တင်ရေးသားပြုစုသည်။

(အခြေခံသင်္ဂြိုဟ်လေ့လာပြီးသူတို့အတွက်သာ)

ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်
၃၄၉-ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်မြို့

## ( ပြင်ဆင်ချက် )

၁။ စာမျက်နှာ(၂၅) ဘာရဒွါဇသုတ်၊ (၂၆)ဝါသေဋ္ဌ မာနုန္နသုတ်နှင့်(၂၇)မဟာသတိပဋ္ဌာနသုတ်တို့၌ အစာဟောင်းဆိုသော စကား၏နောက်တွင် [ဦးနှောက်]ဆိုသောစကားကို ထည့်ရန်။

၂။ စာမျက်နှာ (၃၉) စာကြောင်းရေ (၁၆)၏ အဆုံး၌[ဟောတိဝိယ၊ ဖြစ်သကဲ့သို့။နိရောဓေါ ပိ၊ ချုပ်ခြင်းသည်လည်း။] ဆိုသော စကားစုကို ထည့်ရန်။

၃။ စာမျက်နှာ(၄၈) အောက်ဆုံး စာကြောင်းကို [တမျိုး(၄)ဇီဝိတကလာပ်နှင့် ကလာပ် လေး မျိုး ခွဲနိုင်၏။] ဟု ပြင်ဆင်ရန်။

၄။ စာမျက်နှာ(၄၉)ပထမစာကြောင်း၌(သုံးမျိုး) ဆိုသောစကားကို(လေးမျိုး)ဟု ပြင်ဆင်ရန်။

၅။ စာမျက်နှာ(၄၉)၌ အောက်ဆုံးတွင် အောက်ပါစာပိုဒ်သစ်ကို ထည့်ရန်။

[(၄) ဇီဝိတကလာပ်၌ ပါရှိကြသော ရုပ်များ၊ အဝိနိဗ္ဘောဂရုပ် (၈) ခု၊ ဇီဝိတိန္ဒြေရုပ် (၁) ခု နှင့် ရုပ်ပေါင်း(၉)ဖြစ်ပါသည်။]

# ပြင်ဆင်ဖတ်ရှုရန်

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၄ | ၁၉ | မနောဝိညာဏစိတ် | မနောဝိညာဏဓာတ် |
| ၉ | ၁၃ | ခုဒ္ဒကနိကာယ်ဆောင် ပုဂ္ဂိုလ်တို့ကတမျိုး | ခုဒ္ဒကနိကာယ်ဆောင် ပုဂ္ဂိုလ်တို့ကတမျိုး၊ သံယုတ္တနိကာယ်ဆောင် ပုဂ္ဂိုလ်တို့ကတမျိုး |
| ရွ | ၄ | ထို့နောက်တွင် | (ထို့နောက်တွင် |
| ၅ | ၁၁ | ိမိမိ၏အမြင်က | မိမိ၏အမြင်ကို |
| ၁၅ | ၁၀ | မမွကြီးတခုလုံးကို | မမွကြီးတခုလုံးကို) |
| ၃၈ | ၁၇ | အထက်တွင်(ပ)သတိပြုခဲ့ပါ | [အဆက်တွင်(ပ) သတိပြုခဲ့ပါ] |
| ၆၄ | ၃ | စိတ်ကိုလည်း | စိတ်ကိုငင်း |
| ၁၁၇ | ၂၀ | ကြံ့ကြံ့ခံနိုင်မည်ဟူ | ကြံ့ကြံ့ခံနိုင်မည်ဟူ အလေး အနက် ယုံ ကြည် သ ည့် အတိုင်း အစပျိုး သည့် သဘောဖြင့် |

ဖြန့်ချိရေးအဖွဲ့
အမှန်တရားထင်ရှားရမည်

# ဗုဒ္ဓအဘိဓမ္မာ

နှင့်

# ဟာဒယဝတ္ထုပြဿနာ

တတိယအကြိမ် ပြုပြင်ရိုက်နှိပ်ခြင်း

သုံခင်တင်ရေးသားပြုစုသည်။

(အခြေခံသင်္ဂြိုဟ်လေ့လာပြီးသူတို့အတွက်သာ)

၁၃၃၆–ခု (သာသနာ–၂၅၁၈) ၁၉၇၅–ခု

H 638— A [ဟံသာဝတီ]

ဗုဒ္ဓအဘိဓမ္မာနှင့်ဟဒယဝတ္ထုပြဿနာ
စက်တင်ပုံနှိပ်ခြင်း

ပထမအကြိမ် ၃-၁-၇၀
ဒုတိယအကြိမ် ၂၆-၈-၇၁
တတိယအကြိမ် ၇-၃-၇၅
ဘာသာရေးဆိုင်ရာစာပေခွင့်ပြုချက်အမှတ် (၇၄၇၃)

# ဓမ္မဒါန

စာအုပ်ရေ ၁၅၀၀

ထုတ်ဝေသူ။ ။ဦးသန်းမြင့်၊ကင်းလွတ်ခွင့်အမှတ် (၀၂၅၆၈)
အမှတ် ၁၂၂၊ ၉၃-လမ်း၊ ကန်တော်ကလေး
ရန်ကုန်။

ပုံနှိပ်သူ ဦးဇော်ဝင်း (၀၁၄၈၅)
ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်
၃၄၉-ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်မြို့။

(မျက်နှာဖုံး ကာလာမောင်ဝင်းမှာရိုက်သည်)

# မာတိကာ


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| * | နိဒါန်း | | |
| | (အခန်း—၁) | | |
| ၁ | ဓမ္မသင်္ဂဏီကျမ်းဦးမှတ်ဘွယ်မှ | .... | ၁ |
| ၂ | ဘုရားဟောသောရုပ် | .... | ၄ |
| ၃ | ဘုရားဟောသောဝတ္ထုငါးပါး | .... | ၇ |
| ၄ | ဟာဒယဝတ္ထုပြသာနာ | .... | ၁၀ |
| ၅ | ဝတ္ထုရှာပုံတော် | .... | ၁၄ |
| ၆ | စူဠမာလုကျသုတ် | .... | ၁၆ |
| ၇ | သမ္မာဒိဋ္ဌိသုတ် | .... | ၁၈ |
| ၈ | ဘုရားနှင့်ရဟန္တာကြီးများ၏ မှတ်တမ်း | .... | ၂၀ |
| ၉ | ဘာရဒွါဇသုတ်၊ နှလုံးသည် အသုဘသညာ | .... | ၂၅ |
| ၁၀ | ဂိရိမာနန္ဒသုတ် | .... | ၂၆ |
| ၁၁ | မဟာသတိပဋ္ဌာနသုတ် | .... | ၂၇ |
| ၁၂ | ဓမ္မသုတေသီတို့၏အမြင် | .... | ၂၉ |
| ၁၃ | ပဋ္ဌမဝိဝါဒမူလသုတ် | .... | ၃၀ |
| ၁၄ | ဟဒယ—စိတ်နှလုံး | .... | ၃၂ |
| ၁၅ | အာယတနကုသလတာဒုက် | .... | ၃၃ |
| | (အခန်း—၂) | | |
| ၁၆ | ပိဋကတော်များအစွန့်ရှည်စွာတည်ရေး | .... | ၃၆ |
| ၁၇ | ယကန္တသံယုတ်တွန္တကသုတ် | .... | ၃၆ |

# မာတိကာ


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၈ | ရူပဒီပနီ | .... | ၃၇ |
| ၁၉ | ဓမ္မသင်္ဂဏီ ပါဠိတော် စိတ္တုပ္ပါဒကဏ္ဍ | .... | ၄၀ |
| ၂၀ | ဓမ္မသင်္ဂဏီ ပါဠိတော် ရူပကဏ္ဍ | .... | ၄၀ |
| ၂၁ | ကမ္မဇရုပ် | .... | ၄၁ |
| ၂၂ | ကမ္မပစ္စည်း | .... | ၄၁ |
| ၂၃ | ဖြစ်ခြင်းနှင့် ကြည်ခြင်း | .... | ၄၃ |
| ၂၄ | သသမ္ဘာရစက္ခု | .... | ၄၅ |
| ၂၅ | ပသာဒစက္ခု | .... | ၄၅ |
| ၂၆ | သင်္ဂြိုဟ်ဘာသာဋီကာ | .... | ၄၇ |
| ၂၇ | ရုပ်ကလာပ်ဖွဲ့ပုံ | .... | ၄၈ |
| ၂၈ | ပဋိသန္ဓေစိတ် | .... | ၅၂ |
| ၂၉။ | ဝိပါက်စိတ်မည်ပုံကိုပြခြင်း | .... | ၅၂ |
| ၃၀။ | ဝိပါက်မည်ခြင်း | .... | ၅၃ |
| ၃၁။ | ပဋ္ဌာနုဒ္ဒေသဒီပနီ | .... | ၅၄ |
| ၃၂။ | အညမညပစ္စည်း | .... | ၅၅ |
| ၃၃။ | ဌာန်,ဒွါရနှင့်စိတ် | .... | ၅၇ |
| ၃၄။ | သံယုတ်ပါဠိတော် ဘင်္ဂသုတ် | .... | ၅၉ |
| ၃၅။ | ကေကနိပါတ်အဋ္ဌမသုတ် | .... | ၆၁ |
| ၃၆။ | နဝမသုတ် | .... | ၆၁ |
| ၃၇။ | မဟာတဏှာသင်္ခယသုတ် | .... | ၆၂ |
| ၃၈။ | အနာထပိဏ္ဍိကောဝါဒသုတ် | .... | ၆၃ |
| ၃၉။ | လောကသမုဒယသုတ်နှင့် ဆဆက္ကသုတ် | .... | ၆၄ |

| ဦးချ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၄၀။ | ပဋ္ဌဝိညာဏ်နှင့်မနောဝိညာဏ် | .... | ၆၅ |
| ၄၁။ | မိလိန္ဒပဉှာ | .... | ၆၆ |
| ၄၂။ | စိတ်တို့၏မှီရာ | .... | ၆၇ |
| ၄၃။ | ပုရေဇာတပစ္စည်း | .... | ၆၉ |

## အခန်း (၃)

| | | | |
|---|---|---|---|
| ၄၄။ | မနောဝိညာဏ်ပေါ်ရာဘဝင်အကြည်<br>ဘဝင်အကြည်မှီရာဇီဝိတရုပ် | .... | ၇၈ |
| ၄၅။ | ဘဝင်ကိစ္စ | .... | ၇၈ |
| ၄၆။ | ဖေဏပိဏ္ဍူပမသုတ် | .... | ၈၀ |
| ၄၇။ | ကမ္မဇရုပ်နှင့်စိတ်တို့ဆက်ဆံပုံ | .... | ၈၁ |
| ၄၈။ | ဇီဝိတိန္ဒြေရုပ် | .... | ၈၂ |
| ၄၉။ | နာမ်ရုပ်တို့ဖြစ်ရာတည်ရာ | .... | ၈၄ |
| ၅၀။ | မဟာဝေဒလ္လသုတ် | .... | ၈၅ |
| ၅၁။ | မရဏာသန္နဝီထိ | .... | ၈၆ |
| ၅၂။ | ဘဝင်အကြည် | .... | ၈၈ |
| ၅၃။ | ပင်ကိုစိတ် | .... | ၈၉ |
| ၅၄။ | မနောဓာတ် | .... | ၉၀ |
| ၅၅။ | စက္ခုဝိညာဏ် | .... | ၉၂ |
| ၅၆။ | မနောဝိညာဏစိတ် | .... | ၉၃ |
| ၅၇။ | စိတ်၏မူလ | .... | ၉၄ |
| ၅၈။ | သိမှုအပြား | .... | ၉၅ |

# မာတိကာ


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၅၉။ | ဝိညာဏလက္ခဏာပဉ္စာ | .... | ၉၆ |
| ၆၀။ | ပိဋကနှင့်ဟပ်၍ကြည့်သော် | .... | ၉၇ |
| ၆၁။ | ဘုရားဟောနှင့်ညီညွတ်ခြင်း | .... | ၉၉ |
| ၆၂ | စက္ခုဝိညာဏာဒိပဉ္စာ | .... | ၁၀၁ |
| ၆၃ | စိတ်ဖြစ်ပေါ်ပုံ | .... | ၁၀၂ |
| ၆၄ | ဇီဝိတရုပ်ဓာတ်နှင့်စိတ် | .... | ၁၀၅ |
| ၆၅ | ဇီဝိတရုပ်နှင့်သိပ္ပံအတွေ့ | .... | ၁၀၆ |

အခန်း (၄)

| | | | |
|---|---|---|---|
| ၆၆ | ပိဋကတော်များသန့်စင်နည်း | .... | ၁၀၈ |
| ၆၇ | မဟာပဒေသလေးပါး | .... | ၁၀၈ |
| ၆၈ | ဘုရားပေးသောနည်းလမ်း | .... | ၁၁၄ |
| ၆၉ | ပုရိသိန္ဒြိယဉာဏသုတ် | .... | ၁၁၅ |
| ၇၀ | ဘုရား၏တိုက်ရိုက်စကား | .... | ၁၁၆ |
| ၇၁ | ဒေဝဒတ္တဝိပတ္တိသုတ် | .... | ၁၁၇ |
| ၇၂ | လောကဓာတ်ပညာနှင့် ဗုဒ္ဓအဘိဓမ္မာ | .... | ၁၁၈ |

နောက်ဆက်တွဲ

| | | | |
|---|---|---|---|
| ၇၃ | သမ္မာဒိဋ္ဌိအမြင် | .... | ၁၂၁ |
| ၇၄ | မဟာနိဒါနသုတ် | .... | ၁၂၃ |
| ၇၅ | မဂ်ဖိုလ်ဉာဏ်၏ အခြေခံ | .... | ၁၂၆ |

# နိဒါန်း

ဘုရား, တရား, သံဃာတို့၏ ဂုဏ်တော်များအားပူဇော်ပါ၏။

ရုပ်တရားများအတွင်း၌ (ဟဒယဝတ္ထု)ဟု ခေါ်တွင်သည့် ရုပ်တမျိုးလည်း ပါဝင်သည်ဟု ဆိုသော အဋ္ဌကထာနှင့် ဋီကာ ဆရာမြတ်တို့၏ အယူသည်ရှင်း, နာမ်တရားများ၌ မနောဝိညာဏ်သည် ယင်း(ဟဒယဝတ္ထု)ကို မှီ၍ဖြစ်သည်ဆိုသော ထိုဆရာမြတ်တို့ အယူသည်ရှင်း သံဂါယနာ၁ဝင် ပါဠိပိဋကတော်များအရ မြတ်စွာဘုရား၏ အလိုတော်နှင့် ညီညွတ်ခြင်း ရှိမရှိကို ဤစာအုပ်တွင် စိစစ်ဝေဘန်ထားပါသည်။

ဟဒယဝတ္ထုပြဿနာ စတင်ပေါ်ရသည့် အကြောင်းရင်းကို ဖော်ပြရသော် သာသနာနှစ် (၄၅၀)၌ ပိဋကတော်များကို ရဟန္တာအသျှင်မြတ် (၅၀၀)တို့က သီဟိုဠ်ကျွန်း စတုတ္ထသံဂါယနာတွင် ပေထက်အက္ခရာ တင်တော်မူပြီးသည့်နောက် နှစ်ပေါင်း(၄၇၀)မျှ ကြာညောင်းသောအခါ(သာသနာနှစ်-၉၃၀)တွင် အရှင်မဟာဗုဒ္ဓဃောသသည် ၎င်းဆိုပါသံဂါယနာဝင် ပါဠိတော်များအား ဖွင့်ဆိုသော အဋ္ဌကထာကျမ်းများကို ရေးသားရာမှ အစပြုခဲ့သည်ဟု အဆိုရှိလေသည်။

သာသနာနှစ်(၁၂၀၀)တွင် သီဟိုဠ်ကျွန်းမှ အရှင်အာနန္ဒာသည် မူလဋီကာကျမ်းကိုရှင်း, အရှင်ဓမ္မပါလသည် အနုဋီကာကျမ်းကိုရှင်း ရေးသားစီရင်တော်မူကြလျက် အရှင်ဗုဒ္ဓဃောသ၏ အဋ္ဌကထာကျမ်းများကို ထပ်ဆင့်ဖွင့်ဆိုတော် မူကြပါသည်၊

ဋီကာကျမ်းများ၌ ဟဒယဝတ္ထုခေါ်ရုပ်သည် ဘုရားကိုယ်တော်မြတ်ကြီး ဟောကြားတော်မူခဲ့သော ရုပ်တရားများ၌ မဖော်ပြသော်လည်း ယင်းဟဒယဝတ္ထုရုပ် ပါရှိထိုက်ကြောင်းကို အမျိုးမျိုးသော စောဒကစကားဖြင့် မိမိတို့၏ အလိုသို့ဆွဲ၍ အဆုံးအဖြတ်ပေး ရေးသားတော်မူသည်ကို တွေ့နိုင်ကြပါသည်၊ ဤသာဓကများ ထင်ရှားပေါ်လွင်စိမ့်သောငှာ ပိဋကတော်လာ မြတ်စွာဘုရား၏ သက်ဆိုင်ရာမိန့်မြွက်စကား အပြည့်အစုံနှင့် နှိုင်းယှဉ် စစ်ဆေးကြည့်ရှုနိုင်ရန် ယခုစာအုပ်တွင် ဖော်ညွှန်းထားပါသည်။

သာသနာနှစ် (၁၅၀၀) ခန့်တွင် သီဟိုဠ်ကျွန်းမှပင် အရှင်အနုရုဒ္ဓါသည် အဘိဓမ္မတ္ထသင်္ဂဟ (ခေါ်) လက်သန်း အဋ္ဌကထာကျမ်းကို ပြုစုရေးသားတော်မူသောအခါဝယ် ဟဒယ ဝတ္ထုအယူကို မြတ်စွာဘုရား၏ ဒေသနာရင်း ဖြစ်ဘိသကဲ့သို့ သုံးနှုန်းတော်မူပါသည်။

ပိဋကတော်များနှင့် အဋ္ဌကထာ, ဋီကာကျမ်းများသည် မည်သည့် အချိန်မှစ၍ မြန်မာပြည်သို့ ရောက်ရှိနေသည်ကို သမိုင်းမှတ်တမ်း အခိုင်အမာ မတွေ့ရပါ၊ သို့ရာတွင် သာသနာနှစ် (၁၆၀၀) ခန့်တွင် မနူဟာမင်းလက်ထက်၌ သထုံပြည်သို့ ပိဋကတော်များ ရောက်ရှိနေသည်မှာ ထင်ရှားပါသည်။

ပုဂံမခေတ် အနော်ရထာမင်း လက်ထက်တွင် ပိဋကတော်များကို သထုံပြည်မှ ပင့်ဆောင်ကိုးကွယ်ရာမှစ၍ အိန္ဒိယပြည်, သီဟိုဠ်ကျွန်းတို့နှင့် အဆက်အသွယ်ရလျက် မြန်မာပြည် အနှံ့

အပြားသို့ ပိဋကတော်များ ပြန့်ပွားခဲ့ပုံကို သမိုင်း၌ဆိုပါသည်၊ သို့ရာတွင် ယခုခေတ် တူးဖော်တွေ့ရှိချက်များအရ သရေခေတ္တရာ ခေတ်ကပင် ဗုဒ္ဓ၏ဓမ္မများ ရောက်ရှိနေသည့် အထောက်အထား တို့ကို တွေ့ရလေသည်။

ပါဠိပိဋကတော်များ အနက် အဘိဓမ္မာ ဒေသနာများမှာ ထူးကဲ နက်နဲလှသဖြင့် အစအဦးပြု၍ လေ့လာ ဆည်းပူးသူတို့ အတွက် အခက်အခဲများကို ကျော်လွှားနိုင်စိမ့်သောငှာ အဖွင့် ကျမ်းများဖြစ်သော အဋ္ဌကထာနှင့် ဋီကာတို့၏ အထောက်အကူ ဖြင့် အဘိဓမ္မာကို လေ့လာရသည်မှာ ကျွန်တော်တို့၏ ရှေး အစဉ်အလာ ဖြစ်ပါသည်၊ ဤအလေ့အထသည်ပင် (ဟဒယဝတ္ထု အယူ)ကို မြန်မာ့ပိဋကစာပေနယ်အတွင်း၌ ပျံ့နှံ့ စွဲမြဲစေသော အကြောင်းရင်း တရပ် ဖြစ်သည်မှာ သဘောပေါက်နိုင်ကြပါ သည်။

အထက်တွင် ဆိုခဲ့သည့်အတိုင်း (ဟဒယဝတ္ထုဝါဒ) မှာ ကျွန်တော်တို့၏ အရိုးစွဲအယူဖြစ်လာသော်လည်း သံဂါယနာဝင် ပိဋကပါဠိတော်(မူ)များအတွင်းသို့ ယနေ့ထက်တိုင် ထွင်းဖောက် ဝင်ရောက် လွှမ်းမိုးခြင်း မရှိသေးသည်ကို တွေ့ရသဖြင့် အထူး ဝမ်းမြောက်စရာဖြစ်ပါပေသည်။

ဤပြဿနာနှင့်စပ်လျဉ်း၍ ပိဋကတော်များကို မူရင်းမပျက် ဆက်လက် ထိန်းသိမ်းလိုကြသော ဓမ္မ သုတေသီကြီးများသည် (ဟဒယဝတ္ထုအယူ)သည် ပါဠိပိဋကတော်လာ မြတ်စွာဘုရား၏ အလိုတော်မဟုတ်ပဲ အဋ္ဌကထာနှင့် ဋီကာကျမ်းဆရာမြတ်တို့၏

အယူအဆ အနုမာနစကားသာလျှင် ဖြစ်သည်ကို (အတိအလင်း တမျိုး၊သွယ်ဝိုက်၍တဖုံ)အကြိမ်ကြိမ်ရှင်းလင်းခုခံရေးသားတော်မူခဲ့ကြလေပြီ။

၁၃၃၃–ခု၊ ဝါဆိုလပြည့်ကျော် ၁၁–ရက် (၂၅-၇-၇၃)နေ့ထုတ် လုပ်သားပြည်သူ့နေ့စဉ်သတင်းစာတွင် (ပညာရှိကြီးများနှင့် မြင်းကောင်းခွာလိပ် သဘော)ဆိုသော ခေါင်းစဉ်ဖြင့်ဆရာကြီးဦးမာဃ၏ရေးသားချက်များမှာ ယခုကိစ္စနှင့် တိုက်ရိုက် စပ်ဆိုင်နေပါသဖြင့် အနည်းငယ် ကောက်နုတ်ဖော်ပြလိုက်ပါသည်။

"ဗုဒ္ဓဘုရား၏ စကားတော်များကို အသက်ပေး ဆောင်ရွက်တော်မူကြသည့် ဘာဏကဆရာကြီးများပင် တနိကာယ်နှင့်တနိကာယ် မတူဘဲ ရှိကြလေသည်၊ ဥပမာ–ကလလ ရေကြည်ဟူသော ရုပ်ဓာတ်ကလေး၏ အရွယ်ပမာဏကို ခုဒ္ဒကနိကာယ်ဆောင် ပုဂ္ဂိုလ်တို့ကတမျိုး ဖြစ်နေလေသည်"။

"ဗုဒ္ဓဘာသာ စာပေလောကတွင် နေလိုလလို ထင်ရှားသည့် အဋ္ဌကထာဆရာကြီး အရှင်မဟာဗုဒ္ဓဃောသသည်ပင် ရှေ့နောက်မညီသည့် အရေးအသားများကို ပြုမိလေသည်၊ ယင်းသို့ ဖြစ်ရခြင်းမှာလည်း နိကာယ်ဆောင်ဆရာတို့၏အလိုသို့လိုက်ကာ ဖွင့်ရသောကြောင့် ဖြစ်သည်ဟု အဖြေပေးကြလေသည်"။

"အဋ္ဌကထာဆရာကြီး၏ ရှေ့နောက်မညီပုံအချို့ကို ဖော်ပြပါမည်၊ ဘုရားရှင်ပရိနိဗ္ဗာန် စံတော်မူပြီးနောက် ဓာတ်တော်ခွဲဝေပွဲကြီး ပြုလုပ်၍အပြီးတွင် ပထမ သံဂါယနာတင်ရန် အရှင်မဟာကဿပသည် သံဃာတော်တဝက်ကို ယူဆောင်၍ ရာဇဂြိုဟ်

ပြည်သို့ ကြွတော်မူသည်ဟု ပါရာဇိကကဏ်အဋ္ဌကထာ၌ ပြဆိုသည်၊ သီလက္ခန်အဋ္ဌကထာ၌ကား မိမိ၏တပည့်ငါးရာခြံရံကာ ရာဇဂြိုဟ်သို့ ကြွတော်မူသည်ဟု ဆိုလေသည်"။

(ထို့နောက်တွင် ဆရာ ဦးမာဃက အရှင်မဟာဗုဒ္ဓဃောသ ပြုသော ကျမ်းအချင်းချင်း၌ ရှေ့နောက်မညီ ကွဲလွဲနေကြသော သာဓကကိုးခုကို ဆက်လက်ရေးသားထောက်ပြလျက် အောက်ပါအတိုင်း နိဂုမ်းချုပ်ထားပါသည်။)

"ဤကား သိသာရုံမျှသာတည်း၊ အများအပြားပင် ရှိပေသေးသည်၊ ယင်းသို့ အဋ္ဌကထာဆရာကြီး တဦးတည်းပင် ဖြစ်ပါလျက် ရှေ့နောက်မညီရှိခဲ့သော် သာမညပုဂ္ဂိုလ်များ အဘို့ အဘယ်ဆိုဖွယ်ရာ ရှိတော့မည်နည်း"။

"တခါတရံ အဋ္ဌကထာ ဋီကာအဆို ကွဲပြားမှုများ, ငြင်းခုံမှုများလည်း ရှိပေသေးသည်...."။

နောက်တချက် တွင်လည်း ဥတိန္နပျို စာပိုဒ် ၁၄၃–၌ အောက်ပါအတိုင်း မိန့်ဆိုထားပါသည်။

ဘုရားသာသနာ၊ လေးရာမက၊ ငါးဆယ်မျှ၌၊ ဝဋ္ဋဂါမဏိ၊ မင်းကြီးလက်ထက်၊ အာဏာစက်တွင်၊ ထွန်းတက်ဘုန်းရောင်၊ ရွှေတောင်အက်ခြ၊ စက်နှယ်ရှသား၊ သောဏမည်ထူး၊ အမူးပြုဆောင်၊ သောင်သီဟိုဠ်ပေါ်၊ ထေရ်ကျော်ငါးရာ၊ ရဟန္တာဝသီ၊ သမ္မိဒါဉာဏ်ရ၊ သင်္ဃိန္ဒတို့၊ ဘုရားမိန့်ရွတ်၊ ပိဋကတ်ကို၊ မှတ်မှတ်ဖြူဖွေး၊ ပေထက်ရေး၍၊ ဆေးလေးကြပ်ကြပ်၊ အထပ်တရာ၊ တည်းဖြတ်ပါလည်း၊ အဋ္ဌကထာပုဒ်ထွေး၊ မှားယွင်းသေး

၏၊ ညစ်ကြေးစပ်ယှဉ်၊ ပုထုဇဉ်သာ၊ ငါတို့မှာကား၊ မမှား ဘယ်သို့၊ ရှိလေမြို့လိမ့်၊ ယွင်းချို့ အကွာရာ၊ ပျက်လိုရာ၌၊ ပညာကြီးရှင်၊ ငြမ်းကောင်းဆင်သို့၊ ပြင်စေသတည်း....။

အထက်ပါတို့မှာ ဘုရားဟော ပါဠိတော်များသည် အဋ္ဌကထာဆရာ, ဋီကာဆရာတို့၏ အဆိုအမိန့်များနှင့် ကွဲလွဲနေသောအချက်တို့၌ ဘုရားဟော ဒေသနာတော်ကိုပင် ပြင်ဆင်မည်လော၊ သို့တည်းမဟုတ်ပါက အဋ္ဌကထာဆရာ, ဋီကာဆရာတို့အာဘော်ကို ပယ်ရမည်လောဟု ဆိုသည့်ပြဿနာ၏ အဖြေဖြစ်ပါသည်၊ ဤကား ဗုဒ္ဓဝါဒီတို့အတွက် လျစ်လျူပြု၍ မရသော တာဝန်ဖြစ်ချေသည်။

ယခုဆက်၍ မိမိ၏အမြင်ကို မကွယ်မထောင့်ဘဲ ရေးသားတင်ပြရပါမူ အကယ်တန္တု အဋ္ဌကထာနှင့် ဋီကာကျမ်းလာ (ဟဒယဝတ္ထုအယူ)ကိုသာ ပိဋကတော်များအတွင်းသို့ လက်ခံသိမ်းသွင်းကြမည်ဆိုလျှင် သံဂါယနာဝင် အဘိဓမ္မာနှင့် သုတ္တန်ဒေသနာတော်များအနက် စိတ်ဖြစ်ပေါ်ပုံနှင့်စပ်သော ဒေသနာအားလုံးနှင့် ရုပ်တရားများကိုပင် ပြင်ဆင်ရေးသားရန် လိုအပ်လာမည်ဟု ယူဆမိပါသည်။

ယင်းစကားမှန်မမှန်ကို နက်နက်နဲနဲ စူးစမ်းနိုင်စိမ့်သောငှာ (ဟဒယဝတ္ထုအယူ)နှင့် ဖီလာဆန့်ကျင်ဖြစ်၍ နေသော သံဂါယနာဝင် အဘိဓမ္မာနှင့် သုတ္တန်ဒေသနာတော်များ အနက်မှ အချို့အချက်တို့ကို ကောက်နုတ်ဖော်ပြ ထားပါသည်။

ထိုမျှသာမကသေး၊ အဘိဓမ္မာဒေသနာတော်၏ (ရေသောက်မြစ်ဖြစ်သော) ဓမ္မသင်္ဂဏီကျမ်းကြီး၌ (ဟဒယ ဝတ္ထုရုပ်) ကို

တိုးဖြည့်မှုသာ ပဋ္ဌာန်းဒေသနာတော်၌ (ယံရူပံနိဿာယ) အစ ရှိသဖြင့်လာသော ပါဠိတော် များအား အနက်ပေးရာတွင် အဓိပ္ပါယ်ဆီလျော်မှုကို ဖြစ်စေသည်ဟု ဆိုသောစကားမှာလည်း အကြောင်းလုံလောက်ခြင်း မရှိချေ။

အဘယ်ကြောင့်ဆိုသော် (ဟဒယဝတ္ထုအယူ) ကို ပိဋက တော်လာ ရုပ်တရားများအတွင်းသို့ တိုးဖြည့်ခြင်းမပြုဘဲ ရှိမှန်းစွဲ ဒေသနာတော်အတိုင်းနှင့်ပင် အဘိဓမ္မာဒေသနာ အချင်းချင်း သော်၎င်း, အဘိဓမ္မာနှင့် သုတ္တန်ဒေသနာတို့သည်၎င်း ရှေ့နောက်စကား ညီညွတ်နေသည်ကို တွေ့နိုင်၍ ဖြစ်ပါသည်၊ ဤစကားမှန်ကြောင်းကို လက်တွေ့ပြသရန်အတွက် သက်ဆိုင်ရာ ဒေသနာများအား ယခုစာအုပ်တွင် ထောက်ပြထားပါသည်။

အကြောင်းတိုက်ဆိုင်လာသဖြင့် ရေးသားလိုသည်မှာ (စိတ်) ဖြစ်ပေါ်ပုံကို ပြဆိုသော ဗုဒ္ဓ၏ဒေသနာတော်အား ကျမ်းရင်း အရှိအတိုင်း အဓိပ္ပါယ်ကောက်ယူခဲ့လျှင် ယခုခေတ် ဆေးပညာ အရ (သိစိတ်သည်ဦးနှောက်ကို မှီ၍ဖြစ်သည်) ဟု ဆိုသော အယူမှာ ဗုဒ္ဓ၏ဒေသနာတော်အား စိုးစဉ်းမျှ အံတုခြင်းမပြုနိုင်ဘဲ ရှိသည်ကို ဤစာအုပ်တွင် ဘတ်ရှုတွေ့မြင်နိုင်ကြပါသည်။

ယခုစာအုပ်ကို ရေးသားလှူဒါန်းသည်မှာ တတိယ အကြိမ် ဖြစ်ပါသည်၊ ပထမအကြိမ် ရေးစဉ်က မိမိတင်ပြလိုရင်း ပြဿနာ မှာ သိမ်မွေ့နက်နဲလှသဖြင့် ရည်ရွယ်ရင်းကို ထိမိ ပေါ်လွင် အောင် မရေးနိုင်ခဲ့ပါ၊ ဒုတိယအကြိမ် ထပ်မံရေးသားရာ၌လည်း စာအုပ်မှာ လှူဒါန်းရန်ဖြစ်၍ မိမိ၏ငွေကြေးအင်အားအလျောက်

စာမျက်နှာအနည်းဆုံးဖြင့် ရေးသားရသောကြောင့်တကြောင်းး ပုံနှိပ်စက်နှင့် အခြားအဆင်မပြေသော အကြောင်းတို့ကြောင့် ၎င်း စာအုပ်အနည်းငယ်မျှကိုသာ မပြည့်မစုံဘဲ ပုံနှိပ်ခဲ့ရပါသည်။

တတိယအကြိမ် ဖြည့်စွက်ပြုပြင်ရေးသားရာ၌ကား မူလရေးနည်း ရေးဟန်တခုလုံးကို ပြန်လည်သုံးသပ်လျက် ပိဋကတော်သမိုင်းဖြစ်စဉ်နှင့်တကွ အထူးခိုင်လုံသောပိဋကတော်များကို ရွေးချယ်ကိုးကား ဘော်ပြထားသည်ကို တွေ့နိုင်ပါသည်။

အမှာစကား ရေးသားလိုသည်မှာ—ဤဟဒယဝတ္ထုအယူမျိုးကဲ့သို့သော ပြဿနာများ၌ မြတ်စွာဘုရား၏ အလိုတော်သည် အဘယ်သို့ရှိသည်ကို နောင်လာနောင်သားတို့ တိကျမှန်ကန်စွာ ဆုံးဖြတ်နိုင်ကြစိမ့်သောငှာ ဉာဏ်တော်, တန်ခိုးတော်အရာတွင် အတုမရှိသော မြတ်စွာဘုရားသည် မဟာပရိနိဗ္ဗာနသုတ် မဟာပဒေသလေးပါး တရားတော်ကြီးကို ဟောထားပညတ်တော်မူပြီးရှိနေပါသည်၊ ထိုကြောင့် ယခုကဲ့သို့(လိပ်ခဲတင်းလင်း) ဖြစ်နေရသော(ဟဒယဝတ္ထု)ပြဿနာများကို ချောမောပြေလည်သွားစေရန် မဟာပဒေသလေးပါး တရားတော်ကြီးဖြင့် ကိုယ်တွေ့မျက်မြင် မှတ်ကျောက်တင်ကြပါရန် စိတ်ကောင်း စေတနာမွန်ဖြင့် နှိုးဆော်ရပါသည်။

ယခုစာအုပ်၏ ရည်ရွယ်ရင်းမှာ ဟဒယဝတ္ထု ပြဿနာကို အမှန်သို့ရောက်အောင် ရှေးဓမ္မသုတေသီကြီးတို့၏ ကြိုးပမ်းချက်များ အောင်မြင်သည်အထိ အဆက်မပြတ် လှုံ့ဆော်ပေးရန် ဖြစ်ပါသည်၊ သို့ရာတွင် တာဝန်နှင့် မိမိ၏စွမ်းပကားမှာ မမျှ

ပါသဖြင့် ပိဋကပါရဂူ အာဇာနည် ပုဂ္ဂိုလ်ကြီးများက အမှန်တရား ထင်ရှားစေရန် ဆက်လက်ဆောင်ရွက်တော်မူကြပါမည့်အကြောင်း တောင်းပန်ပါသည်။

နိဂုံးတွင် ဤစာအုပ်၌ ကိုးကားထားသော စာပေများကို ရေးသားပြုစုတော်မူကြကုန်သော ပညာရှိပုဂ္ဂိုလ်များအားရင်း၊ ယခုစာအုပ်တွင် ဖော်ပြခြင်းမပြုမိသော်လည်း ပုဂ္ဂိုလ်ကိုယ်တိုင်ထံမှရင်း, စာပေအားဖြင့်ရင်း မိမိဆည်းပူးခဲ့သည့် ပညာရှင်များအားရင်း အထူးကျေးဇူးတင်ပါကြောင်း မှတ်တမ်းပြုအပ်ပါသတည်း။

အမှန်တရားထင်ရှားပါစေသော၀်
**သခင်တင်**
ယခင်ဒုတိယဝန်ကြီးချုပ်
အမှတ် ၂၇၉–ပြည်လမ်း၊ ရန်ကုန်
(၁၅-၈-၇၄)

# ဗုဒ္ဓအဘိဓမ္မာ

နှင့်

# ဟဒယဝတ္ထုပြဿနာ

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ

ဓမ္မသင်္ဂဏီ ပါဠိတော် မြန်မာပြန်ကျမ်းဦး မှတ်ဘွယ်မှု

## ကောက်နုတ်ချက်

(အခန်း—၁)

လောကသုံးရပ် ဘုံသုံးထပ်အတွင်း၌ ရှိကြကုန်သော နတ်,လူ,ဗြဟ္မာ သတ္တဝါတို့အား ဆင်းရဲဒုက္ခအပေါင်းမှ ကင်းလွတ်မြောက်၍ နိဗ္ဗာန်ဟူသော ဝိမုတ္တိသုခကို ရရှိခံစားနိုင်ကြရန် ရည်သန်တော်မူလျက် ဗုဒ္ဓရှင်တော်မြတ် ဟောကြားတော် မူခဲ့

H 638—1 [ယံဆာ၀တီ]

သော တရားဒေသနာတော် အစဉ်သည် ပိဋကအားဖြင့် ဝိနည်း, သုတ္တန်, အဘိဓမ္မာ-ဟူ၍ သုံးမျိုး-သုံးစား သုံးပါးပါရှိသည်၊ ထိုသုံးပါးတို့တွင် ဓမ္မသင်္ဂဏီပါဠိတော်သည် တတိယမြောက် ဖြစ်သည့် အဘိဓမ္မာပိဋက ပဌမဦးဆုံးကျမ်း ဖြစ်သည်။

အဘိဓမ္မာဟု ဆိုရုံမျှဖြင့်ပင် သုတ္တန် ဒေသနာတော်များထက် ထူးခြားသာလွန်သည့် တရားတော်ဖြစ်ကြောင်း အများအားဖြင့် နားလည်ပြီးဖြစ်သည်၊ သို့ဖြစ်သည့်အတိုင်း ထိုအဘိဓမ္မာ ပိဋကကျမ်း ခုနစ်ဆူတို့အနက် လက်ဦးဆုံးဖြစ်သော ဓမ္မသင်္ဂဏီကျမ်းသည်လည်း အဘိဓမ္မာဒေသနာ၌ ပင်ရင်းအကျဆုံး အရေးအကြီးဆုံး ကျမ်းကြီးဖြစ်သည်ဟူသော အချက်မှာ ထင်ရှား ပေါ်လွင်လျက်နေပေသည်၊ သို့ဖြစ်ရကား ထိုအချက်ကိုပင် ပို၍ထင်ရှားစေရန် "ဓမ္မသင်္ဂဏီ" ဟူသော ဝေါဟာရ စကားလုံး၏ ဆိုလိုရင်းအနက်အဓိပ္ပါယ်ကို တိတိကျကျ ကြံဆရှာဖွေ၍ ပြပါအံ့။

"ဓမ္မသင်္ဂဏီ" ဟူသော စကားလုံး၌ "ဓမ္မ" နှင့် "သင်္ဂဏီ" ဟူသော ပုဒ်နှစ်ခုကို သမာသ်တွဲစပ် ထားခြင်းဖြစ်၏၊ အလွယ်ဆုံးအားဖြင့် ဖွင့်ဆိုရှင်းလင်း ပြောပြရပါမူ—

ဓမ္မ .... သဘာဝတရားများ။

သင်္ဂဏီ.... သိမ်းကျုံးစုပေါင်း၍ ယူခြင်း (ပြခြင်း) ကောင်းစွာ (ပြည့်စုံစွာ) ရေတွက်ခြင်း ဟူ၍ အဓိပ္ပါယ်ရလေသည်။

(၁) သဘာဝတရား(ပရမတ္ထတရား)အားလုံးကို သိမ်းကျုံး စုပေါင်း၍ ပြသောကျမ်း။

(၂) ကောင်းမွန်ပြည့်စုံစွာ သဘာဝတရား(ပရမတ္ထတရား) တို့ကို ရေတွက်၍ပြသော ကျမ်းဟုဆိုလိုသည်။

အထက်ပါတို့မှာ....ဓမ္မသင်္ဂဏီကျမ်း၏ ကျမ်းဦးမှတ်ဘွယ်တွင် နိဒါန်းစကား၏(အစ) မျှသာဖြစ်သည်၊ အကျယ်ကို ဓမ္မသင်္ဂဏီပါဠိတော် မြန်မာပြန်ကျမ်းကြီး၌ ကြည့်ရှုစေလိုပါသည်။

ထိုကျမ်းကြီးတွင် မြတ်စွာဘုရားသခင်သည်—

(၁) စိတ္တုပ္ပါဒကဏ္ဍ၌ စိတ်,စေတသိက် တရားတို့အား အကြွင်းအကျန် မရှိရလေအောင် အမျိုးမျိုး ဝေဘန်ဟောကြားအပ်ပါသည်။

(၂) ရူပကဏ္ဍ၌ မြတ်စွာဘုရားသည် ရုပ်တရားများကို အကြွင်းအကျန်မရှိရလေအောင် အမျိုးမျိုး ဝေဘန် ဟောကြားအပ်ပါသည်။

(၃) နိက္ခေပကဏ္ဍ၌ မြတ်စွာဘုရားသခင်သည် ကုသလတိက်၌ စိတ္တုပ္ပါဒကဏ္ဍနှင့် ရူပကဏ္ဍတို့တွင်(စံနမူနာ) အဖြစ်ဖြင့် အကျယ်ဆုံး ဝေဘန်ဟောကြားတော်မူသည့်အတိုင်း ဆက်လက်၍ တိက်, ဒုက်များကို ဝေဘန်ဟောကြား ခဲ့ပါလျှင် ဤဓမ္မသင်္ဂဏီကျမ်းကြီးမှာ ဆုံးနိုင်တော့မည် မဟုတ်တော့ပေ။

ထို့ကြောင့် အကျယ်နည်းဖြင့် ဆက်၍ ဟောကြားခြင်းကို (ခြွင်းခဲ့၍) မကျဉ်း မကျယ်သောနည်းဖြင့် ဟောကြားသော အပိုင်းကို "နိက္ခေပကဏ္ဍ"ဟု ဆိုလိုပါသည်။

(၄) အဋ္ဌကထာကဏ္ဍ၌ သဘာဝ တရားကိုယ် များကို ဟောကြားတော်မူသည်၊ ရုပ်တရား, နာမ်တရား များကို မြတ်စွာဘုရားသခင်သည် ထိုမျှကျယ်ဝန်း နက်နဲစုံလင်စွာ အနုစိတ်၍ ဟောကြားတော် မူခဲ့ ပါလျက် ထိုကျမ်း၏ မည်သည့် အပိုင်းကဏ္ဍတွင် မျှ (စိတ်) တရားများကို (ဟဒယဝတ္ထု)အား မှီ၍ ဖြစ်သည်ဟူ၍ လည်းကောင်း, (ရုပ်) တရားများ၌ (ဟဒယဝတ္ထု) ဟူ၍လည်းကောင်း ဟောကြား တော်မမူခဲ့ပါ။

ထိုဓမ္မသင်္ဂဏီကျမ်းကြီး၌ (ဟဒယ)ဆိုသော စကားကို စိတ် နှလုံးဟူ၍ (နာမ်) တရားအဖြစ်နှင့်သာ သုံးနှုန်းဟောပြောထား သည်ကို တွေ့ရပါသည်၊ ဤကျမ်း၏ အခြားမည်သည့်နေရာတွင် မျှ (ဟဒယ)ဆိုသောစကားကို(ဝတ္ထု)ဆိုသော (ရုပ်) တရားနှင့် တွဲ၍ သုံးနှုန်းဟောပြောခဲ့ခြင်း မရှိပါ။

## ဘုရားဟောသောရုပ်

ယခုအခါတွင် အထက်၌ဖော်ပြခဲ့သည်များနှင့် စပ်ဆိုင်သော ဓမ္မသင်္ဂဏီပါဠိတော် မြန်မာပြန်ကျမ်းကြီးမှ ကောက်နုတ်ချက် များကို ဖော်ပြပါအံ့။

ဓမ္မသင်္ဂဏီပါဠိတော် မြန်မာပြန် (ဆဋ္ဌသံဂါယနာတင်မူ) စာမျက်နှာ ၂၂၅၊ ရုပ်ပိုင်း (ရူပကဏ္ဍစာပိုဒ်) ၅၈၄–၌

**အလုံးစုံသောရုပ်အကျဉ်း**—ထိုစကားရပ်၌ အလုံးစုံသောရုပ်ဟူသည် အဘယ်နည်း၊ ကြီးကျယ်ထင်ရှားသော "မဟာဘုတ်" လေးပါးတို့သည်ငင်း, မဟာဘုတ်လေးပါးတို့ကို စွဲမှီ၍ဖြစ်သော "ဥပါဒါ" ရုပ်သည်ငင်း (ရှိကုန်၏၊) ဤကြီးကျယ်ထင်ရှားသော "မဟာဘုတ်"နှင့် ဥပါဒါရုပ်ကို အလုံးစုံသောရုပ်ဟူ၍ ဆိုအပ်၏။

ငင်းပါဠိတော် မြန်မာပြန် စာမျက်နှာ–၂၉၆၊ ရုပ်ပိုင်း (ရူပကဏ္ဍ) စာပိုဒ် ၆၆၂ ၌–

**မဟာဘုတ်ရုပ်**။ (၁) မဟာဘုတ်ဟူသောထိုရုပ်သည် အဘယ်နည်း၊ ထိသိစိတ်ဖြစ်ကြောင်းအတွေ့ "ဖောဋ္ဌဗ္ဗာယတန" (ပထဝီ-တေဇော ဝါယော) ရေဟူသော (ဖွဲ့စည်းမှု) သဘော "အာပေါဓာတ်"သည် (ရှိ၏၊) ဤရုပ်အပေါင်းသည် မဟာဘုတ်ဟူသော ထိုရုပ်ပေတည်း။

ငင်းပါဠိတော် မြန်မာပြန်စာမျက်နှာ – ၂၆၁၊ ရုပ်ပိုင်း (ရူပကဏ္ဍ) စာပိုဒ်–၅၉၅ ၌–

**ဥပါဒါရုပ်**။ ထိုမှီ၍ဖြစ်သော "ဥပါဒါ" ရုပ်ဟူသည် အဘယ်နည်း။

(၁) မြင်သိစိတ်ဖြစ်ရာ—မျက်စိအကြည် "စက္ခာယတန" ရုပ်သည်၊
(၂) ကြားသိစိတ်ဖြစ်ရာ—နားအကြည် "သောတာယတန" ရုပ်သည်၊
(၃) နံသိစိတ်ဖြစ်ရာ—နှာခေါင်းအကြည် "ဃာနာယတန" ရုပ်သည်၊

(၄) လျက်သိစိတ်ဖြစ်ရာ—လျှာအကြည် "ဇိဝှါယတန" ရုပ်သည်၊
(၅) ထိသိစိတ်ဖြစ်ရာ— ကိုယ်အကြည် "ကာယာယတန" ရုပ်သည်၊
(၆) မြင်သိစိတ်ဖြစ်ကြောင်း—အဆင်း (ရူပါရုံ) "ရူပါယတန" ရုပ်သည်၊
(၇) ကြားသိစိတ်ဖြစ်ကြောင်း-အသံ (သဒ္ဒါရုံ) "သဒ္ဒါယတန" ရုပ်သည်၊
(၈) နံသိစိတ်ဖြစ်ကြောင်း—အနံ့ (ဂန္ဓာရုံ) "ဂန္ဓာယတန" ရုပ်သည်၊
(၉) လျက်သိစိတ်ဖြစ်ကြောင်း—အရသာ (ရသာရုံ) "ရသာယတန" ရုပ်သည်၊
(၁၀) မိန်းမ (အမ) ဖြစ်ကြောင်း၌ အစိုးရမှု "ဣတ္ထိန္ဒြေ" ရုပ်သည်၊
(၁၁) ယောကျ်ား (အထီး-အဖို) ဖြစ်ကြောင်း၌ အစိုးရမှု "ပုရိသိန္ဒြေ" ရုပ်သည်၊
(၁၂) အသက်ရှည်ကြောင်း၌ အစိုးရမှု—"ဇီဝိတိန္ဒြေ" ရုပ်သည်၊
(၁၃) မိမိ၏အလိုဆန္ဒကို ကိုယ်အမူအရာဖြင့် သိစေမှု "ကာယဝိညတ်" ရုပ်သည်၊
(၁၄) မိမိ၏အလိုဆန္ဒကို နှုတ်မြွက်ခြင်းဖြင့် သိစေမှု "ဝစီဝိညတ်" ရုပ်သည်၊

(၁၅) မရေးခြစ် အပ်သော (ရေးခြစ်၍မရသော ဟင်းလင်း) သဘော"အာကာသဓာတ်" ရုပ်သည်၊
(၁၆) ရုပ်၏လျှင်မြန် ပေါ့ပါးမှု "ရူပဿလဟုတာ" ရုပ်သည်၊
(၁၇) ရုပ်၏နူးညံ့မှု "ရူပဿမုဒုတာ" ရုပ်သည်၊
(၁၈) ရုပ်၏ခံ့မှု (အမှုကိစ္စ၌ ပြီးမြောက်အောင် လိုက်လျော ဆောင်ရွက်နိုင်မှု) "ရူပဿကမ္မညတာ" ရုပ်သည်၊
(၁၉) ရုပ်ဖြစ်ပေါ်လာစ "ရူပဿဥပစယ" ရုပ်သည်၊
(၂၀) ရုပ်၏ကြီးပွားဆဲအစဉ် "ရူပဿသန္တတိ" ရုပ်သည်၊
(၂၁) ရုပ်၏အိုမှု,ရင့်ရော်ဆွေးမြေ့မှု "ရူပဿဇရတာ"ရုပ်သည်၊
(၂၂) ရုပ်၏ (ဖြစ်ပြီးသည့်နောက် တည်တံ့မနေခြင်းကြောင့်) မမြဲမှု"ရူပဿ အနိစ္စတာ" ရုပ်သည်၊
(၂၃) အလုပ်- အလွေး ပြုအပ်သော အစာ " ကဗဠီကာရ အာဟာရ"ရုပ်သည် ရှိ၏၊ ဤရုပ်အပေါင်းသည် မှီ၍ဖြစ် သော ဥပါဒါရုပ်ပေတည်း။

ဤကား ဘုရားဟောသော မဟာဘုတ်ရုပ်(၄)ပါးနှင့် ဥပါဒါရုပ်(၂၃)ပါး၊ နှစ်ရပ်ပေါင်း ရုပ်(၂၇)ပါးတို့၏အရေအတွက် တည်း။

## ဘုရားဟောသောဝတ္ထုငါးပါး

ရင်းပါဠိတော်မြန်မာပြန်စာမျက်နှာ ၂၂၉၊ ရုပ်ပိုင်း(ရူပကဏ္ဍ) စာပိုဒ် ၅၈၄–၌ ဝတ္ထုဒုက် ခေါင်းစဉ်းအောက်တွင် ဝတ္ထုငါးမျိုး ကိုသာ ဘုရားဟောပါသည်။

(၁) မြင်သိစိတ်နှင့်ယှဉ်သောတွေ့ထိမှု "ဖဿ"၏ မှီရာရုပ်သည်ရှိ၏၊ "စက္ခုသမ္ဖဿဿဝတ္ထု" (စက္ခုပသာဒ)။
(၂) (နဝတ္ထုရုပ်ကိုချန်ခဲ့ပါသည်။)

(၁) မြင်သိစိတ်နှင့် ယှဉ်သော တွေ့ထိမှု "ဖဿ"ကြောင့်ဖြစ်သော ခံစားမှု"ဝေဒနာ၏။ပ။မှတ်သားမှုသညာ၏။ပ။စေ့ဆော်မှု(နှိုးဆော်မှု)စေတနာ၏။ပ။မြင်သိစိတ်၏ တည်ရာ မှီခိုရာရုပ်သည် ရှိ၏၊ "စက္ခုဝိညာဏဿဝတ္ထု"(စက္ခုပသာဒ).
(၂) (နဝတ္ထုရုပ်ကို ချန်ခဲ့ပါသည်။)

(၁) ကြားသိစိတ်နှင့်ယှဉ်သော တွေ့ထိမှု "ဖဿ"၏။ပ။နံသိစိတ်နှင့်ယှဉ်သော တွေ့ထိမှု "ဖဿ"၏။ပ။ထိသိစိတ်နှင့်ယှဉ်သော တွေ့ထိမှု "ဖဿ"၏ မှီရာ တည်ရာရုပ်သည် ရှိ၏၊ "ကာယသမ္ဖဿဿဝတ္ထု"(သောတ, ဃာန, ဇိဝှါ, ကာယ၊ ပသာဒရုပ်လေးခု)
(၂) (နဝတ္ထုရုပ်ကိုချန်ခဲ့ပါသည်။)

ၡင်း "ဝတ္ထုဒုက်" တို့ကို အကျယ်ဝေဘန်ပြဆိုရာ အပိုင်း စာမျက်နှာ ၂၉၉၊ စာပိုဒ် ၆၇၈ ၌—

**စက္ခုသမ္ဖဿဿဝတ္ထုရုပ်။** (၁) မြင်သိစိတ်နှင့်ယှဉ်သောတွေ့ထိမှု "ဖဿ" ၏ မှီရာ တည်ရာ "စက္ခုသမ္ဖဿဿဝတ္ထု"ဟူသောထိုရုပ်သည် အဘယ်နည်း၊ မြင်သိစိတ်ဖြစ်ရာမျက်စိအကြည်"စက္ခာယတန"သည် (ရှိ၏၊) ဤရုပ်သည် မြင်သိစိတ်နှင့် ယှဉ်သော

တွေ့ထိမှု "ဖဿ"၏ မှီရာ တည်ရာ "စက္ခုသမ္ဖဿဝတ္ထု" ဟူသော ထိုရုပ်တည်း။ (စက္ခုပသာဒ)

စာပိုဒ် ၆၇၀ ၌—

**စက္ခုသမ္ဖဿဇာဝေဒနာစသည်တို့၏ မှီရာရုပ်များ။** (၁)မြင်သိစိတ်နှင့်ယှဉ်သော တွေ့ထိမှု "ဖဿ" ကြောင့်ဖြစ်သော ခံစားမှု "ဝေဒနာ"၏ ။ပ။ မှတ်သားမှု "သညာ" ၏ ။ပ။ စေ့ဆော်မှု (နှိုးဆော်မှု)"စေတနာ"၏။ပ။မြင်သိစိတ်(စက္ခုဝိညာဏ်)၏မှီရာ တည်ရာ "စက္ခုဝိညာဏဿဝတ္ထု" ဟူသော ထိုရုပ်သည် အဘယ်နည်း၊ မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည် "စက္ခာယတန"သည် (ရှိ၏၊) ဤရုပ်သည် မြင်စိတ်၏ မှီရာတည်ရာ "စက္ခုဝိညာဏဿဝတ္ထု" ဟူသော ထိုရုပ်ပေတည်း။ (စက္ခုပသာဒ)

စာပိုဒ် ၆၇၂ ၌—

**သောတသမ္ဖဿဿဝတ္ထုစသောရုပ်များ။** (၁) ကြားသိစိတ်နှင့်ယှဉ်သော တွေ့ထိမှု "သောတသမ္ဖဿ"၏ ။ပ။နံသိစိတ်နှင့်ယှဉ်သောတွေ့ထိမှု "ဃာနသမ္ဖဿ"၏။ပ။ လျက်သိစိတ်နှင့်ယှဉ်သော တွေ့ထိမှု "ဇိဝှါသမ္ဖဿ"၏ ။ပ။ ထိသိစိတ်နှင့်ယှဉ်သောတွေ့ထိမှု "ကာယသမ္ဖဿ"၏ တည်ရာ မှီရာဝတ္ထုဟူသော ထိုရုပ်သည် အဘယ်နည်း၊ ထိသိစိတ်ဖြစ်ရာ ကိုယ်အကြည် "ကာယာယတန" သည်(ရှိ၏၊)ဤရုပ်သည် ထိသိစိတ်နှင့်ယှဉ်သော တွေ့ထိမှု"ကာယသမ္ဖဿ" ၏မှီရာ တည်ရာ "ဝတ္ထု" ဟူသော ထိုရုပ်ပေတည်း။

အထက်ပါတို့မှာ မြတ်စွာဘုရားသခင်သည် (ဝတ္ထု) ရုပ်တရားများကို(ဒုက်)အားဖြင့် ဝေဘန်ပိုင်းခြား၍ ဟောကြားတော်မူ

ခြင်းများ ဖြစ်ပါသည်၊ (တိက်)အားဖြင့်(ဝတ္ထု)ရုပ်တရားများကို အလားတူ ဟောကြားထားသည်များကိုလည်း စာမျက်နှာ ၂၃ဂ၊ ၃၁ဂ နှင့် ၃၁၉-တို့၌ တွေ့ရှိနိုင်ပါသည်၊ ထိုပါဠိတော်များ၌ မြတ်စွာဘုရားသခင်သည် ဝတ္ထု ငါးမျိုးကိုသာဟော၍ (ဟဒယဝတ္ထု)ကို မဟောပါ။

ထို့ပြင် ၎င်းပါဠိတော် မြန်မာပြန်နိကာယပကဏ္ဍ စာမျက်နှာ ၄၄၃၊ ဥပါဒါဒုက် စာပိုဒ် ၂၂၁၅-နှင့် ၁၂၁၆တို့၌—

ဥပါဒါတရား။ (၁)အဘယ်တရားတို့သည် မှီ၍ဖြစ်တတ်သော "ဥပါဒါ" တရားဖြစ်ကုန်သနည်း၊ မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ရာ မျက်စိအကြည် "စက္ခာယတန" ။ပ။ အလုပ်အလွေး ပြုအပ်သောအစာ "ကဗဠီကာရအာဟာရ"သည်(ရှိ၏၊) ဤတရားတို့သည် မှီ၍ဖြစ်တတ်သော "ဥပါဒါ" တရားဖြစ်ကုန်၏။

**အမှာစကား။** ။"ဥပါဒါ"တရား ၂၃-ပါး၏ရေတွက်ပုံကိုရှေ့၌ပြခဲ့ပါပြီ။ (ဓမ္မသင်္ဂဏီ ပါဠိတော် မြန်မာပြန် စာမျက်နှာ ၂၆၁၊ စာပိုဒ် ၆၉၅)

ထိုမျှလောက်သော ကောက်နုတ်ချက်တို့နှင့်ပင် ဓမ္မသင်္ဂဏီကျမ်းကြီး၌(ဟဒယဝတ္ထု)ရုပ်-ဟုဆိုသော(ရုပ်)တရားမျိုးမပါရှိကြောင်း ထင်ရှားလောက်ပေပြီ။

## ဟဒယဝတ္ထုပြဿနာ

ဤနေရာဝယ်(နိဗ္ဗာနဝိဿဇ္ဇနာ) ကျမ်း၌ လယ်တီဆရာတော်ဘုရားကြီးက (အဘိဓမ္မာတွင် တစုံတခုသောနေရာမှာမှ မဟောသည်ရှိသော်-ထိုတရားသည် မရှိပြီဟုပယ်ခြင်း ဖြစ်ကြောင်း

ဖြင့် ဋီကာကျော်ကျမ်းမှ (အဘိဓမ္မေ အဘာဝေါပိ နိသေဓော ယေဝသဗ္ဗထာ) ဟုဆိုသော ပါဠိကို ကိုးကားတော် မူသည်မှာ အလွန်ပင် အရေးပါသော စကားဖြစ်ပေသည်။

အဘယ်ကြောင့်ဆိုသော် နောင်လာ- နောက်သားများသည် မြတ်စွာဘုရားကိုယ်တော်မြတ် ဟောကြားထားခဲ့သော အဘိဓမ္မာ ပိဋကတော်၏ (ဘောင်) အတွင်း၌သာ ဉာဏ်ကျက်စားခြင်းဖြင့် သာသနာတော်သည် အဓွန့်ရှည်စွာ တည်တံ့နိုင်ရေး အတွက် အရေးကြီးသော သြဝါဒတရပ် ဖြစ်ခြင်းကြောင့်ပေတည်း။

အဂ္ဂမဟာပဏ္ဍိတ ပန်းတောင်းဆရာတော်ဘုရား ရေးသား စီရင်တော်မူသော ဝိပဿနာ ဉာဏတန္တိ ဋီကာကျမ်း၌ "ဣဒံမေ ရုပ်"ပုဒ်ကို အကျယ်ဖွင့်ဆို ဝေဘန်ရာ၌ လက်သန်းအဋ္ဌကထာ အဆို(ဟဒယဝတ္ထု)နှင့်တကွ ရုပ်ပေါင်းနှစ်ဆယ့်ရှစ်ပါးဟူ၍၎င်း-

ရူပကဏ္ဍအဋ္ဌကထာ, ခန္ဓဝိဘင်း အဋ္ဌကထာကြီးတို့၌ နှစ်ဆယ့် ငါးပါးသော ရုပ်အစုကောဋ္ဌာသ ဟူ၍၎င်း, ဆနဝုတိ ရူပ- ကောဋ္ဌာသ-ကိုးဆယ်ခြောက်ပါးသော ရုပ်အစုကောဋ္ဌာသ ဟူ၍ ၎င်း ရုပ်နှင့်စပ်၍ အကျယ်ဖွင့်ဆိုရာ၌-

"ဆိုလတ္တံ့သော သြဠာရိကံဝါ-ပါဌ်အရ စက္ခာယတန, သောတာယတန, ဃာနာယတန, ဇိဝှါယတန, ကာယာယတန, ရူပါယတန, သဒ္ဒါယတန, ဂန္ဓာယတန, ရသာယတန, ဖောဋ္ဌဗ္ဗာ ယတန-ဟူသော သြဠာရိကရုပ် အာယတန ဆယ်ပါးကို၎င်း၊ ရှေ့၌ဆိုလတ္တံ့သော သုခုမံဝါ-ပါဌ်အရ အာပေါ, ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ, ဟဒယ, ဇီဝိတ, အာဟာရ, ပရိစ္ဆေဒ, ဝိညတ်ဒွေး,

လဟုတာ, မုဒုတာ, ကမ္မညတာ, ဥပစယ, သန္တတိ, ဇရတာ, အနိစ္စတာ-အားဖြင့် သုခုမရုပ် တဆယ့်ခြောက်ပါးတို့တွင် ရူပကဏ္ဍပါဠိတော်၌ ဟဒယရုပ်ကို တိုက်ရိုက် ဘုရားဟောတော်မမူခြင်းကြောင့် ဟဒယရုပ်ကို ပယ်နုတ်၍ ကြွင်းတဆယ့်ငါးပါးသော သုခုမရုပ်ကိုင်း၊ ထိုနှစ်ရုပ်ကိုပေါင်းစပ်၍ ပဉ္စဝီသတိကောဋ္ဌာသဟူသောပါဠိအရ ရုပ်နှစ်ဆယ့်ငါးပါး အဘိုအစုဖြစ်လေသည်”ဟူ၍ ဖော်ပြပါသည်။

ထို့နောက် ဆရာတော်ဘုရားက ဆက်လက်ရေးသား သည်မှာ—ယင်းကောဋ္ဌာသ နှစ်ဆယ့်ငါးပါးကိုပင် အဋ္ဌကထာ ဆရာတို့သည် ဥပစယနှင့် သန္တတိရုပ်နှစ်မျိုးကို တပေါင်းတည်းပြုလျက် (ဇာတိရုပ်) ဟု အမည်သစ်ပေး၍ (ဟဒယရုပ်)ကို ထည့်သွင်းရေတွက်ကြပုံကို ထောက်ပြထားပါသည်၊ ဤကား ဘုရားဟောကိုပြင်သော သာဓကတခု ဖြစ်ပါသည်။

ရုပ်ကိုးဆယ်ခြောက်ပါး (ဆနဝုတိရူပကောဋ္ဌာသ)ကို ရေတွက်ပုံအားငင်း၊ ဟေဋ္ဌိမကာယ, မဇ္ဈိမကာယနှင့် ဥပရိမကာယဟု ဆိုအပ်သော ကောဋ္ဌာသသုံးပါး၌ ရုပ်ပေါင်း(၁၈၂)ပါးကို ရေတွက်ပုံများအားငင်း ရှည်အံ့စိုး၍ ချန်ခဲ့ပါသည်။

ယခုအခါတွင် အရှင်ဇနကာဘိဝံသ ဆရာတော် ဘုရား (ကျမ်းအစောင်စောင်ကိုမှီး၍)ပြုစုတော်မူသော သင်္ဂြိုဟ်ဘာသာဋီကာကျမ်းမှ(ဟဒယဝတ္ထု) ဆိုသောစကားသည် (အဘိဓမ္မာပိဋကတော်၏ နယ်အတွင်းသို့ အဘယ်ပုံအဘယ်နည်းဖြင့် ချင်းနင်း ဝင်ရောက်၍ လာသည်ဆိုသော အခြေခံအကြောင်းရင်းကို အနည်းငယ် ကောက်နုတ်၍ပြပါဦးအံ့—

## သင်္ဂြိုဟ်ဘာသာဋီကာကျမ်း စာမျက်နှာ ၄၅၇။

## ဟဒယဝတ္ထု

ဟဒယဝတ္ထု။ "ဟဒန္တိ တံတံအတ္ထံဝါ အနတ္ထံဝါ ပူရေန္တိ"တေနာတိ ဟဒယံ၊ ဟဒယဉ္စ တံ ဝတ္ထုစာတိ ဟဒယဝတ္ထု။

တေန၊ ဤရုပ်ဖြင့်။ တံတံအတ္ထံဝါ၊ ထိုထိုအကျိုးကိုငှင်း။ တံတံ အနတ္ထံဝါ၊ ထိုထိုအကျိုးမဲ့ကိုငှင်း။ ဟဒန္တိပူရေန္တိ၊ ပြည့်စေနိုင်ကုန်၏။ ဣတိ၊ ကြောင့်။ ဟဒယံ၊မည်၏။ ဤနှလုံးသားတည်းဟူသော ရုပ်ပါသည့်အတွက် ထိုထိုကောင်းကျိုး, ဆိုးကျိုးကိုပြည့်စုံစေနိုင်ကြ၏၊ ထို့ကြောင့် ဤနှလုံးသားတည်းဟူသော ရုပ်ကို "ဟဒယ"ဟုခေါ်သည်၊ ဤနေရာ၌ကား–ထိုနှလုံးသား၏ အလယ်မှာ ပုန်းညက်စေ့ခန့် ပမာဏရှိသော တွင်းငယ်ရှိ၏၊ ထိုတွင်းငယ်၌ သွေးများတည်ရှိ၏၊ ထိုသွေးများကို ပံ့နှံ့လျက်တည်သော ဝတ္ထုရုပ်တမျိုးကို "ဟဒယ"ဟုဆိုသည်။" (ကေဒေသူပစာတည်း)

ဤရုပ်ကို "ဟဒယဝတ္ထု"ဟု နာမည်တပ်၍ တိုက်ရိုက်ဟောထားအပ်သော ပါဠိတော်မရှိ၊ ဓမ္မသင်္ဂဏီရူပကဏ္ဍပါဠိတော်သည် ရုပ်ဟူသမျှကို ထုတ်ပြသော ပါဠိတော်ဖြစ်၏၊ ထိုပါဠိတော်၌ သော်မှ ထုတ်ပြခြင်းမရှိ၊ သို့သော် ထိုထိုပါဠိတော်များကိုသံနှံစပ်၍ ဤဝတ္ထုရုပ် ရှိထိုက်ကြောင်းကိုအဋ္ဌကထာ, ဋီကာတို့က ယူဆကြလေသည်"။

## ဝတ္ထုရှာပုံတော်

**သန္နိစပါဠိတော်**။ "ယံရူပံ နိဿာယ မနောဓာတုစ မနောဝိညာဏဓာတုစ ဝတ္တန္တိ၊ တံရူပံ မနောဓာတုယာစ မနောဝိညာဏဓာတုယာစ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော"။

(အကြင်ရုပ်ကိုမှီ၍ မနောဓာတ်နှင့် မနောဝိညာဏဓာတ်တို့ ဖြစ်ကြကုန်၏၊ ထိုမနောဓာတ်, မနောဝိညာဏဓာတ်နှင့် စေတသိက်တို့အား ထိုရုပ်က နိဿယသတ္တိဖြင့် ကျေးဇူးပြုသည်၊) ဤပါဠိတော်ကို ထောက်ထားလျှင် စက္ခုဝိညာဏ်၏မှီရာ စက္ခုဝတ္ထု၊ သောတဝိညာဏ်, ဃာနဝိညာဏ်, ဇိဝှါဝိညာဏ်, ကာယဝိညာဏ်တို့၏မှီရာ သောတ,ဃာန,ဇိဝှါ,ကာယဝတ္ထုများရှိသကဲ့သို့ ထို့အတူ မနောဓာတ်, မနောဝိညာဏဓာတ်တို့၏မှီရာ ဝတ္ထုရုပ် တမျိုးရှိသည်ဟု ယူဆရပေမည်" ဟူ၍အစချီလျက် အဋ္ဌကထာ, ဋီကာကျမ်းတို့၌ ပါရှိသော (ဝတ္ထုရှာပုံတော်)ကို စာမျက်နှာ (၄၅၇မှ၄၆၁) အထိတွင် အသေးစိတ်ဖော်ပြထားပါသည်။

အဆိုပါရှာပုံတော်၌ ဇီဝိတိန္ဒြေတရားအား (မနောဓာတ်, မနောဝိညာဏဓာတ်) တို့၏ မှီရာသဘောမရှိဟူ၍ အဆုံးအဖြတ် ပေးတော်မူကြသည့် အကြောင်းရင်းများကိုလည်း စာမျက်နှာ (၄၆၁-၄၆၂)တို့၌ အကျယ်ဖတ်ရှုနိုင်ကြပါသည်။

ယင်းကိစ္စနှင့် စပ်လျဉ်း၍ ဒုတိယမြို့ပြင်ကြီး ဆရာတော် ရေးသားတော်မူသော အဘိဓမ္မတ္ထသင်္ဂဟဒီပကကျမ်း ဒုတိယတွဲ စာမျက်နှာ (၇၂မှ၇၇) တို့တွင်၎င်း၊ မူလဋီကာ စာမျက်နှာ

၁၅၉ နှင့် အနုဋီကာ စာမျက်နှာ (၁၄၇-၁၇၂) တို့တွင် ရှင်းကြည့်ရှုစေလိုပါသည်။

အထက်ရည်ညွှန်းပါ ကျမ်းစာများ၏ အလိုအရ မြတ်စွာဘုရားသည် ရုပ်တရားများအတွင်း၌ ဟဒယဝတ္ထုကို ထည့်သွင်းဟောကြားသင့်ပါလျက် တမင်ခြွင်းချန်မြှုပ်နှံ၍ ဟောကြားခဲ့သောကြောင့် ငုပ်လျှိုးနေရသည်ကို ထိုကျမ်းပြုဆရာတို့ကပင် ဖော်ထုတ်ပေးကြရဘိသကဲ့သို့ ရေးသားသည်ကို တွေ့ရပါသည်။

အကယ်တန္တု ယင်းဆရာတို့၏ အနုမာနစကား မှန်ငြားအံ့၊ ပိဋကတွင် ထိုမျှ အရေးပါ အရာ ရောက်သည် ဆိုသော (မနောဝိညာဏ်၏ မှီရှုဖြစ်ရာ ဓမ္မကြီးတခုလုံးကို ) ခြွင်းချန်ခဲ့လျက် မပြည့်မစုံဘဲ ဟောကြားခဲ့ရသည့် အဖြစ်သနစ်ကို မြတ်စွာဘုရား ကိုယ်တော်တိုင်သော်လည်းကောင်း၊ ထိုထိုကျမ်းပြုဆရာများနှင့် မနှိုင်းယှဉ်သာအောင် ဘုရားနှင့် နီးစပ်မှုရှိကြပြီး ဉာဏ်ပညာအရာ၌လည်းလွန်ကဲ၍ မြင်နိုင်စွမ်းရှိကြကုန်သော ရဟန္တာကြီး အသီးသီး အဆက်ဆက်တို့သည်လည်းကောင်း ယခုကဲ့သို့ ဆိတ်ဆိတ်နေတော်မူကြမည် မဟုတ်ချေ။

ယခုပြဿနာ၌ ဘုရားဟော ဒေသနာများအား ကျမ်းဂန်အရှိအတိုင်း လက်မခံကြဘဲ မူလပါဠိတော်ကို ပြင်ဆင်ရာသို့ရောက်စေသည့် ဖွင့်ဆိုရေးသားမှုမျိုးကို မြတ်စွာဘုရား ခွင့်ပြုတော်မူခဲ့ခြင်း ရှိမရှိနှင့်စပ်လျဉ်း၍ မိမိတို့ကိုယ်တိုင် ဆုံးဖြတ်ကြပါရန် ရွေ့ဦးတော်ပြလတ္တံ့သော စူဠဝမ္မာလုကျသုတ်ကို ဆက်၍ ဖတ်ရှုစေလိုပါသည်။

## စူဠမာလုကျသုတ်

မြတ်စွာဘုရား၏ စကားတော်များကို ပြင်ဆင်ခြင်း၊ သို့မဟုတ် အဓိပ္ပါယ်ကွဲလွဲအောင် ဖြည့်စွက်ခြင်းများနှင့် ပတ်သတ်၍ ဘုရားကိုယ်တော် မြတ်ကြီးသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် အသျှင်မာလုကျပုတ္တမထေရ်အား ဟောကြားဆုံးမတော်မူသော မဇ္ဈိမပဏ္ဏာသပါဠိတော် စူဠမာလုကျသုတ်၌ ပါရှိသည့်စကားတော်များမှာ အထူးသတိပြုထိုက်သည် ဖြစ်၍ အောက်တွင်ကောက်နုတ်ဖော်ပြလိုက်ပါသည်။

"မာလုကျပုတ္တ.... အဘယ်ကို ငါဘုရား ဟောကြားသနည်း ။ပ။ မာလုကျပုတ္တ....ထို့ကြောင့်သာလျှင် သင်တို့သည် ဤငါ မဟောကြားသည်ကို မဟောကြားသည့်အတိုင်း မှတ်ကြကုန်လော့၊ ငါဟောကြားသည်ကိုလည်း ဟောကြားသည့်အတိုင်း မှတ်ထားကြကုန်လော့ဟု မြတ်စွာဘုရားသည် ဤတရားတော်ကို မိန့်ကြားတော်မူ၏၊ အသျှင်မာလုကျပုတ္တသည် မြတ်စွာဘုရား၏ တရားတော်ကို နှစ်ခြိုက်ဝမ်းမြောက်လေ၏"။

ဤပါဠိတော်ကိုထောက်၍ ပိဋကစာပေတွင် အလွန်အရေးကြီးသော ဓမ္မသင်္ဂဏီနှင့် ဝိဘင်းကျမ်းကြီးများ၌ ထည့်သွင်း၍ မဟောခဲ့သည့် (ဟဒယဝတ္ထု) ကို ရုပ်တရားများအတွင်းသို့ တိုးဖြည့်ရန် သင့်လျော်ပါမည်လော။

ဒုတိယ မြို့ပြင်ကြီး ဆရာတော်ဘုရား (ကျမ်းဂန်ပေါင်း ၄၀-ကျော်)တို့ကို ကိုးကား၍ ရေးသားစီရင်တော်မူလျက် ဗုဒ္ဓ

သာသနာ့အဖွဲ့မှ ရိုက်နှိပ်သော အဘိဓမ္မတ္ထသရူပဒီပက ကျမ်း (ဒုတိယတွဲ) စာမျက်နှာ-၇၂၊ "ဟဒယဝတ္ထုရုပ် သဘောလက္ခဏာ"ဟူသော ခေါင်းစဉ်း၌လည်း—

မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးသည်ဓမ္မသင်္ဂဏီပါဠိတော်၌ (ဟဒယဝတ္ထု) ရုပ်ကို ဟောတော်မမူကြောင်း ဝန်ခံတော်မူပြီး နောက် ထိုကျမ်းကြီး၌ တိုက်ရိုက်ပင်မပါရှိသော်လည်း အာဂုံ အားဖြင့်လည်းကောင်း, ယုတ္တိအားဖြင့်လည်းကောင်း (ဟဒယ ဝတ္ထု) ရှိသည်အဖြစ်ကို သိကြောင်းဟုဆိုလျက်—

အာဂုံအားဖြင့် ပဋ္ဌာန်းပါဠိတော် နိဿယပစ္စည်းမှ အထက် ၌ဖော်ပြခဲ့ပြီးသော(ယံရူပံ နိဿာယမနောဓာတုစ မနောဝိညာဏ ဓာတုစ ဝတ္တန္တိ) အစရှိသော ပါဠိတော်ကိုပင် ကိုးကားဖော်ပြ ထားလျက် အနက်ပေးရာ၌လည်း (ယံရူပံ၊အကြင်ရုပ်ကို။နိဿာယ၊ မှီ၍၊ မနောဓာတုစ၊ မနောဓာတ်သည်၎င်း၊ မနောဝိညာဏဓာတု စ၊ မနောဝိညာဏဓာတ်သည်၎င်း။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။ (ပ) အစရှိသဖြင့် အနက်ပေးပြီးမှ—

ယုတ္တိကိုပြတော်မူရာ၌ ၎င်းကျမ်းစာမျက်နှာ (၇၄) ဒုတိယ စာပိုဒ်တွင် "ထိုနှစ်ပါး (မနောဓာတ်နှင့် မနောဝိညာဏဓာတ်) တို့၏မှီရာ"ရုပ်အရကို ပထဝီစသောဘုတ်ကို ယူရအံ့လောဟူမူ- ယင်းတို့ကိုမယူရ၊ ၎င်းဘုတ်ကိုမှီ၍ဖြစ်သော ဥပါဒါရုပ်ကိုသာယူ- ဟူလေ၊ ဥပါဒါရုပ်အရကို ဥပါဒါရုပ်ရှိသမျှကို ယူရအံ့လော ဟူမူ-နိပ္ဖန္နဖြစ်သော ဥပါဒါရုပ်ကိုသာ ယူ-ဟူလေ၊ ထိုဓာတ် နှစ်ပါးတို့၏မှီရာ ရုပ်အရကို နိပ္ဖန္နဖြစ်သော ဥပါဒါရုပ်ကို ယူရ

မည်ဟူ၍ ဆို၏၊ ထိုနိပ္ဖန္နဥပါဒါရုပ်အရကို ရူပကဏ္ဍ၌ ဟော တော်မူသော စက္ခု, သောတ, ဃာန, ဇိဝှာ, ကာယ, ရူပ, သဒ္ဒ, ဂန္ဓ, ရသ, အာဟာရ, ဇီဝိတ, ဣတ္ထိဘာဝ, ပုမ္ဘာဝ ဟူသော ၁၃-ပါးသော နိပ္ဖန္နဥပါဒါရုပ်တို့တွင် တပါးပါးကို ယူရအံ့လောဟူမူ— ယင်းတို့ကိုမယူရ၊ ယင်းတို့မှတပါး တခြား နိပ္ဖန္နဖြစ်သော ဥပါဒါ ရုပ်ကိုသာယူ-ဟူလေ"။

အထက်ပါ အဆိုအမိန့်အရ(ဟဒယဝတ္ထု)ရုပ်သည် မြတ်စွာ ဘုရား ဟောကြားတော်မူသည့် ဓမ္မသင်္ဂဏီပါဠိတော် ရူပကဏ္ဍ၌ လာသော မဟာဘုတ်ရုပ်လည်းမဟုတ်၊ မဟာဘုတ်ရုပ်ကို မှီ၍ ဖြစ်သော ဥပါဒါရုပ် (၂၃) မျိုးအတွင်း၌လည်း မပါရှိသည့် (အခြားတပါးသောရုပ်)ဟု ဆိုသဖြင့် ထိုအယူသည် ပါဠိပိဋက လာ ဒေသနာတော်နှင့် ညီညွတ်မှန်ကန်သော (သမ္မာဒိဋ္ဌိ) အယူဖြစ်နိုင်ပါမည်လော။

## သမ္မာဒိဋ္ဌိသုတ်

ဤကိစ္စနှင့်ပတ်သက်၍ စိစစ်ဝေဖန်နိုင်ရန် မူလပဏ္ဏာသပါဠိ တော် သမ္မာဒိဋ္ဌိသုတ်မှသက်ဆိုင်ရာအပိုင်းကို ကောက်နုတ်ဖော်ပြ လိုက်ပါသည်။

"ငါ့သျှင်တို့.... ရှိပေသေး၏၊ ငါ့သျှင်တို့....အရိယာ ဖြစ်သော တပည့်သည် နာမ်ရုပ်ကိုလည်း ခွဲခြား၍သိ၏၊ နာမ်ရုပ်ဖြစ်ကြောင်း ကိုလည်း ခွဲခြား၍သိ၏၊ နာမ်ရုပ်ချုပ်ခြင်းကိုလည်း ခွဲခြား၍ သိ၏၊ နာမ်ရုပ်ချုပ်ငြိမ်းခြင်းသို့ ရောက်ကြောင်း အကျင့်ကိုလည်း

ခွဲခြား၍သိ၏၊ ငါ့သျှင်တို့....ဤမျှဖြင့်လည်း အရိယာ ဖြစ်သော တပည့်သည် မှန်ကန်သောအယူရှိသူဖြစ်၍ ထိုသူ၏ အယူသည် ဖြောင့်မတ်၏၊ (ထိုသူသည်) တရားတော်၌ သက်ဝင်ကြည်ညို ခြင်းနှင့် ပြည့်စုံလျက် ဤသူတော်ကောင်းတရားသို့ ရောက်လာ သူဖြစ်ပေ၏"။

"ငါ့သျှင်တို့....နာမ်ရုပ်ဟူသည် အဘယ်နည်း၊ နာမ်ရုပ်ဖြစ် ကြောင်းဟူသည် အဘယ်နည်း၊ နာမ်ရုပ်ချုပ်ငြိမ်းခြင်း ဟူသည် အဘယ်နည်း၊ နာမ်ရုပ်ချုပ်ငြိမ်းခြင်းသို့ ရောက်ကြောင်းအကျင့် ဟူသည် အဘယ်နည်း။

"ခံစားခြင်း-ဝေဒနာ၊ သိမှတ်ခြင်း– သညာ၊ စေ့ဆော်ခြင်း စေတနာ၊ တွေ့ထိခြင်း-ဖဿ၊ နှလုံးသွင်းခြင်း–မနသိကာရ၊ ငါ့သျှင်တို့....ဤတရားစုကို နာမ်ဟုဆိုရ၏၊ မဟာဘုတ်လေးပါး၊ ယင်းမဟာဘုတ် လေးပါးတို့ကို မှီ၍ဖြစ်သော ဥပါဒါရုပ်၊ ငါ့အသျှင်တို့ ... ဤတရားစုကို ရုပ်ဟူ၍ဆိုရ၏၊ ဤသို့ လျှင် ဤနာမ်ကိုရင်း, ဤရုပ်ကိုရင်း(ဖော်ပြပြီ)၊ ငါ့သျှင်တို့... ဤတရား စုကို နာမ်ရုပ်ဟူ၍ဆိုရ၏၊ဝိညာဏ်ဖြစ်ခြင်းကြောင့် နာမ်ရုပ်ဖြစ်၏၊ ဝိညာဏ် ချုပ်ငြိမ်းခြင်းကြောင့် နာမ်ရုပ်ချုပ်ငြိမ်း၏"။

ယခုကောက်နုတ်၍ ထုတ်ပြလိုက်သော ဒေသနာတော်အရ မဟာဘုတ်ရုပ်လေးပါးနှင့် ထိုမဟာဘုတ်လေးပါးတို့ကို မှီ၍ဖြစ် သော ဥပါဒါရုပ် (နှစ်ဆယ်သုံး)ပါးကိုသာလျှင် (ရုပ်) ဟူ၍ ပညတ်ကြောင်း အလွန်ပင်ထင်ရှားနေပါသည်။

## ဘုရားနှင့်သံဂါယနာဝင်ရဟန္တာကြီးများ၏မှတ်ဘမ်း

ဤစကားမှန်၏၊ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံဝင်တော်မူပြီး သည့်နောက် (၃)လနှင့် (၄)ရက်မြောက်နေ့တွင် အသျှင်မဟာ ကဿပ အမှူးရှိသော ရဟန္တာ(၅၀၀)တို့သည် ဝိနည်း သုတ္တန်နှင့် အဘိဓမ္မာပိဋကများကို ပထမသံဂါယနာတင်တော်မူကြပါသည်။

ထိုစဉ်က (ဟဒယဝတ္ထုရုပ် ဆိုသောစကားသည်၎င်း,မနော ဝိညာဏ်သည် ဟဒယဝတ္ထုကို မှီ၍ဖြစ်သည် ဆိုသောစကားသည် ၎င်း) ပိဋကတော်အတွင်း၌ ပါဝင်ခြင်းမရှိဟု အခိုင်အမာ သိရပါသည်။

အဘယ့်ကြောင့်ဆိုသော် ယင်းအချိန်မှစ၍ သက်ဆင်းလာ သော သုတ္တန်နှင့်အဘိဓမ္မာ ပိဋကများ၌ (မနောဝိညာဏ်သည် ဘဝင်စိတ်ကို မှီ၍ဖြစ်သည်)ဆိုသောမှတ်တမ်းမှာ ထင်ရှားရှိဆဲ ဖြစ်သောကြောင့်ပင်တည်း။

သာသနာတော်နှစ်(၁၀၀)တွင် အသျှင်မဟာယသ အမှူး ရှိသော ရဟန္တာ (၇၀၀)တို့သည် အထက်ပါ ပိဋကတော်များ ကိုပင် ထပ်မံ၍ ဒုတိယသံဂါယနာ တင်တော်မူကြပါသည်။ ထိုအချိန်၌လည်း (ဟဒယဝတ္ထုရုပ် ဆိုသောစကားနှင့် မနော ဝိညာဏ်သည် ဟဒယဝတ္ထုကို မှီ၍ဖြစ်သည် ဆိုသောစကားသည်) မပေါ်လာသေးချေ။

သာသနာတော်နှစ်(၂၃၅)ခုတွင် အသျှင်မဟာမောဂ္ဂလိပုတ္တ တိဿ မထေရ်သည် (ကထာဝတ္ထုကျမ်း)ကို ဟောတော်မူလျက် ရဟန္တာ (၁၀၀၀)တို့သည် သုတ္တန်, ဝိနည်းနှင့် အဘိဓမ္မာပိဋက တော်များကို တတိယသံဂါယနာ တင်တော်မူကြပါသည်။

ထိုအချိန်ကလည်း (ရုပ်တရားများအတွင်း၌ ဟဒယဝတ္ထု ဆိုသောစကားသည်ငင်း, နာမ်တရားများ၌ မနောဝိညာဏ်သည် ဟဒယဝတ္ထုကို မှီ၍ဖြစ်သည် ဆိုသောစကားသည်ငင်း) သုတ္တန်, ဝိနည်းနှင့် အဘိဓမ္မာဒေသနာ သုံးရပ်စလုံးတွင် ပါဝင်ခြင်းမရှိခဲ့ပါ။

သာသနာနှစ်(၄၅၀)ခုတွင် အသျှင်မဟာဓမ္မရက္ခိတ အမှူးရှိသော ရဟန္တာ (၅၀၀)တို့သည် အထက်ပါ ပိဋကသုံးပုံစလုံးကို သီဟိုဠ်ကျွန်း၌ ပေထက်အက္ခရာတင်လျက် စတုတ္ထသံဂါယနာ တင်တော်မူကြပါသည်။

ထိုအကြိမ်၌လည်း (ဟဒယဝတ္ထုဆိုသောရုပ်ကိုငင်း, မနောဝိညာဏ်သည် ဟဒယဝတ္ထုကို မှီ၍ဖြစ်သည် ဆိုသောစကားကိုငင်း) သာသနာဝင်မှတ်တမ်းများတွင် အရိပ်အမြွက်မျှ မတွေ့ရချေ၊ အမှန်အားဖြင့် ရုပ်တရားကို မဟာဘုတ်(၄)ပါးနှင့် ဥပါဒါရုပ်(၂၃)ပါးဟူ၍ငင်း, ထို့ပြင်နာမ်တရားများ၌ မနောဝိညာဏ်သည် (ဘဝင်စိတ်)ကို မှီ၍ဖြစ်သည် ဟူ၍ငင်း မှတ်တမ်းတင်တော်မူခဲ့သည်ကိုသာ တွေ့ကြရပါသည်။

သာသနာနှစ်(၅၀၀)တွင် အသျှင်နာဂသေန ရဟန္တာမထေရ်သည် မိလိန္ဒမင်းအား ဝိညာဏ်ခြောက်ပါးနှင့် စပ်လျဉ်း၍ (မိလိန္ဒပဉှာပါဠိတော်)ဝိညာဏလက္ခဏပဉှာနှင့် စက္ခုဝိညာဏာဒိပဉှာတို့၌ ရှင်းလင်းပြတ်သားစွာ ဟောကြားခဲ့ပါသည်။

အထက်ဖော်ပြရပါဟောကြားချက်မှတ်တမ်းများကို တွေ့ရှိကြရသော ပုဂ္ဂိုလ်တို့သည် (ဟဒယဝတ္ထုရုပ်ဆိုသောစကားနှင့်

မနောဝိညာဏ်သည် ဟဒယဝတ္ထုကို မှီ၍ဖြစ်သည် ဆိုသော အဋ္ဌကထာနှင့် ဋီကာဆရာတို့၏ နောက်ပေါ်စကားသည်)သံဂါယနာဝင် ပိဋကတော်မှတ်တမ်းများနှင့် ဖြောင့်ဖြောင့်ကြီး ကွဲလွဲဆန့်ကျင်နေသည်ကို ထင်ရှားစွာ တွေ့မြင်ကြရပါသည်။

(အထက်ရည်ညွှန်းပါ ဒေသနာများနှင့် မိလိန္ဒပဉ္စာပါဋ္ဌိတော်မှ သက်ဆိုင်ရာ ကောက်နုတ်ချက်များကို ဤစာအုပ်တွင် ဘော်ပြထားပါသည်။)

ဓမ္မသင်္ဂဏီပါဠိတော်၌ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးသည် "အလုံးစုံသော ရုပ်ဟူသည် အဘယ်နည်း" ဟူ၍ မေးခွန်းထုတ်တော်မူပြီးမှ ရုပ်တရားအလုံးစုံကို တိတိကျကျကြီး အသေးစိတ်၍ ဟောကြားထားခြင်း ဖြစ်ပါသည်။

ထိုကဲ့သို့ တိကျရှင်းလင်းစွာ ဟောကြား ထားခဲ့ပါလျက် (ဥပမာအားဖြင့် မဟာဘုတ် ရုပ်လေးမျိုး၏ သင်္ချာအရေအတွက်ကို ငါးမျိုးသို့တိုးရန်သော်လည်းကောင်း, သုံးမျိုးသို့ လျှော့ချရန်သော်လည်းကောင်း မည်သည့်အကြောင်းနှင့်မျှ ပြုသင့်သည်ဟု မယူဆမိပါ။

ထိုနည်းငှင်းပင် မြတ်စွာဘုရားသခင်သည် ဓမ္မသင်္ဂဏီကျမ်းကြီး၌ ဥပါဒါရုပ်တို့ကို သင်္ချာအရေအတွက်အားဖြင့် နှစ်ဆယ့်သုံးမျိုး ဟောကြား သတ်မှတ်တော်မူခဲ့သည်များကို ပယ်စွန့်၍ နှစ်ဆယ့်လေးမျိုးသို့ တိုးရန်သော်လည်းကောင်း, နှစ်ဆယ့်နှစ်မျိုးသို့ လျှော့ချရန်သော်လည်းကောင်း မည်သည့် အကြောင်းနှင့်မျှ ပြုသင့်သည်ဟူ၍ မယူဆမိပါ။

## ယုတ္တိကိုရှာသော်

ဤပြဿနာနှင့် ပတ်သက်၍ ဓမ္မသင်္ဂဏီကျမ်းကြီး၏ဘက်မှလည်း (ဟဒယ)ဝတ္ထု၏ ယုတ္တိမရှိပုံ အချက်များကို တင်ပြနိုင်သည်သာ ဖြစ်ပါသည်။ ဥပမာအားဖြင့် ပဥ္စဝိညာဏ်တို့၏ မှီရာ စက္ခု့သောတ အစရှိသော ရုပ်ငါးခုတို့သည်၎င်း မနောဝိညာဏ်၏မှီရာ မနာယတနသည်၎င်း အားလုံးကုန်အကြည်ဓာတ်များ ဖြစ်ကြပါလျက် အသင်္ခတဓာတ်(နိဗ္ဗာန်)ကိုပင် အာရုံပြုနိုင်စွမ်းရှိသော မနောဝိညာဏ် (စိတ်)၏ မှီရာဟုဆိုသော (ဟဒယဝတ္ထု)သည် အကြည်ရုပ်မျိုး၌ မပါရှိခြင်းမှာ အလွန်ပင်ဆီလျော်ခြင်းမရှိသော ကိစ္စတရပ်ဖြစ်ခြင်း။

ဇီဝိတ, ဘာဝ ရုပ်များနှင့် ကာယပသာဒရုပ်များသည် တကိုယ်လုံးပျံ့နှံ့၍ တည်ကြသည်ဖြစ်ပါလျက် (ဓမ္မာရုံ)ကို အာရုံပြုနိုင်သော (မနောဝိညာဏဓာတ်) စိတ်၏ မှီရာဟုဆိုသော (ဟဒယဝတ္ထု)ရုပ်သည် တကိုယ်လုံးပျံ့နှံ့၍ တည်နိုင်သောရုပ်မျိုး မဟုတ်သောကြောင့် အဆင်မပြေ ဖြစ်နေခြင်း။

နိဗ္ဗာန်ကိုပင် အာရုံပြုနိုင်စွမ်းရှိသည့် မနောဝိညာဏ်၏မှီရာဟုဆိုသော (ဟဒယဝတ္ထု)သည် ဣန္ဒြိယရုပ်များအတွင်း၌ မပါသဖြင့် စဉ်းစားဘွယ်ဖြစ်ခြင်း။ (ပဋ္ဌာန်းပါဠိတော် ဣန္ဒြိယပစ္စည်းရုပ်ဇီဝိတိန္ဒြေကို ကြည့်ပါ။)

"ဣန္ဒြေနှင့်မစပ်သော အနိန္ဒြိယဗဒ္ဓရုပ်သည်၎င်း, နိဗ္ဗာန်သည်၎င်း ဗဟိဒ္ဓသန္တာန်၌ ဖြစ်သော တရားဖြစ်ကုန်၏"။ (ဓမ္မသင်္ဂဏီပါဠိတော် အဋ္ဌကထာကဏ္ဍ)

သိစိတ်ဖြစ်ရာဌာန မနာယတနသည် အဇ္ဈတ္တိကတရားဖြစ်၍ (နောက်တိုး) ဟဒယဝတ္ထုသည် ဗဟိဒ္ဓတရားအတွင်း၌သာ ပါနိုင် သောကြောင့် မူရင်းပါဠိတော်အား ရှုပ်ထွေးစေခြင်း။

"အဘယ်တရားတို့သည် အတွင်းအဇ္ဈတ္တသန္တာန်၌ ဖြစ်သော အဇ္ဈတ္တိကတရား ဖြစ်ကုန်သနည်း၊ မြင်သိစိတ် ဖြစ်ရာ မျက်စိအကြည် စက္ခာယတန။ ပ။ သိမှုစိတ်ဖြစ်ရာဌာန မနာယတနသည် (ရှိ၏၊) ဤတရားတို့သည် အတွင်းအဇ္ဈတ္တသန္တာန်၌ ဖြစ်သော အဇ္ဈတ္တိကတရားဖြစ်ကုန်၏"။ (ဓမ္မသင်္ဂဏီပါဠိတော် နိက္ခေပကဏ္ဍ အဇ္ဈတ္တိကဒုက်)

(အထက်ဖော်ပြပါ ပါဠိတော်များကိုထောက်လျှင် သိမှုသဘောမှန်သမျှသည် အကြည်ဓာတ်လည်းဖြစ်၍ အတွင်းသန္တာန်၌သာ ဖြစ်နိုင်ပုံကို ထင်ရှားသိသာပါသည်။)

သင်္ဂြိုဟ်ကျမ်း ဒွါရသင်္ဂဟ၌ မနောဝိညာဏဓာတ် (၆၇) ၏ ဖြစ်ရာကို နာမ်တရားဟုပြခဲ့ပြီး ဝတ္ထုသင်္ဂဟတွင်ကား (ဟဒယဝတ္ထုကို တိုးထားသဖြင့် အကြည်ဓာတ်မရှိသော ရုပ်တရားဖြစ်နေခြင်း။

ဤသည်တို့မှာ (ဟဒယဝတ္ထု)ရုပ်ကို နောက်ထပ်၍တိုးသဖြင့် ဘုရားဟော ပါဠိတော်များ (ကမောက်ကမ)ဖြစ်နိုင်ပုံ သာဓကဖြစ်ပါသည်။

မြတ်စွာဘုရားသည် အဘိဓမ္မာပိဋကများဖြစ်သော ဓမ္မသင်္ဂဏီပါဠိတော် ရူပကဏ္ဍ၌ မဟာဘုတ်ရုပ်နှင့် ဥပါဒါရုပ်တို့ကို နည်းပေါင်း(၁၁)နည်းဖြင့် ရုပ်ပေါင်း(၇၀၄)ပါးအထိ အကျယ်

ဟောကြားရာ၌သော်လည်းကောင်း, ဝိဘင်းပါဠိတော် ခန္ဓဝိဘင်း ကျမ်း၌လည်း ထိုရုပ်များကို နည်းပေါင်း(၂၇၉)ပါးဖြင့် ရုပ်ပေါင်း(၇၀၄)ပါးကို "ရူပကဏ္ဍ"ဟူ၍ အသေးစိတ်ဟောကြားရာ၌လည်းကောင်း ဟဒယဝတ္ထု(နှလုံး)ရုပ် ဆိုသောစကားနှင့် နှလုံးအတွင်း၌ တည်သော (သွေး)ရုပ် ဆိုသည့်စကားများကို အရိပ်အမြွက်မျှပင် ထည့်သွင်းဟောကြားတော်မူခဲ့ခြင်း မရှိပေ။

## ဘာရဒွါဇသုတ်
## နှလုံးသည် အသုဘသညာ

**သုတ္တန်ဒေသနာဖြစ်သော** သံယုတ်ပါဠိတော် သဠာယတန ဝဂ္ဂ ဘာရဒွါဇသုတ်၌ ဥတေနမင်းက အသျှင်ပိဏ္ဍောလဘာရဒွါဇ မထေရ်အား ပျိုမျစ်နုနယ်၍ ပဌမအရွယ်၌ပင် ရှိကြကုန်သော ရဟန်းတို့သည် ကာမဂုဏ်၌ တပ်မက်မှုကိုစွန့်၍ အဘယ်အကြောင်းကြောင့် အကျင့်မြတ်ကို ကျင့်နိုင်ပါသနည်းဟု မေးလျှောက်ရာ၌ အသျှင်ဘာရဒွါဇမထေရ်က မြတ်စွာဘုရား ဟောကြားတော်မူသော ခြေဖဝါးမှအထက် ဆံဖျားမှအောက်ဖြစ်သော ဤခန္ဓာကိုယ်၌ (၁) ဆံပင် (၂) အမွေး (၃) ခြေသည်းလက်သည်း (၄) သွား (၅) အရေ (၆) အသား (၇) အကြော (၈) အရိုး (၉) ရိုးတွင်းခြင်ဆီ (၁၀) အညှို့ (၁၁) နှလုံး (၁၂) အသည်း (၁၃) အမြှေး (၁၄) အဖျဉ်း (၁၅) အဆုတ် (၁၆) အူမ (၁၇) အူသိမ် (၁၈) အစာသစ် (၁၉) အစာဟောင်း (၂၀) သည်းခြေ (၂၁) သလိပ် (၂၂) ပြည် (၂၃) သွေး (၂၄) ချွေး (၂၅) အဆီခဲ (၂၆) မျက်ရည် (၂၇)

ဆီကြည် (၂၇) တံတွေး (၂၈) နှပ် (၃၀) အစေး (၃၁) ကျင်ငယ်-ဟုဆိုအပ်သော ကောဋ္ဌာသရုပ်အစုကို အသုဘဟုနှလုံးသွင်းဆင်ခြင်သဖြင့် ကာမဂုဏ်၌ တပ်မက်မှုကို စွန့်နိုင်ပုံကို ဟောကြားခြင်းကိုလည်းကောင်း—

## ဂိရိမာနန္ဒသုတ်

ထို့ပြင် အင်္ဂုတ္တိုရ်ပါဠိတော် ဒသကနိပါတ် ဂိရိမာနန္ဒသုတ်၌လည်း မြတ်စွာဘုရားသည် အသျှင်ဂိရိမာနန္ဒကို အကြောင်းပြု၍ အသျှင်အာနန္ဒာအား (နှလုံး—ဟဒယဝတ္ထု)ကို အသုဘသညာကမ္မဋ္ဌာန်း၌သာ ထည့်သွင်း၍ဟောကြားသည်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

"အာနန္ဒာ.... အသုဘသညာဟူသည် အဘယ်နည်း၊ အာနန္ဒာ....ဤသာသနာ၌ ရဟန်းသည် ခြေဖဝါးအပြင်မှ အထက်၌ ဆံပင်အဖျားမှ အောက်၌အရေအပိုင်းအခြားရှိသော အထူးထူး အပြားပြားသော မစင်ကြယ်သော ဝတ္ထုဖြင့် ပြည့်သော ဤကိုယ်ခန္ဓာကိုသာလျှင် ဆင်ခြင်၏၊ ဤကိုယ်ခန္ဓာ၌ ဆံပင်, အမွေး, လက်သည်း ခြေသည်း, သွား, အရေ,အသား, အကြော, အရိုး, ရိုးတွင်း ခြင်ဆီ, အညှို့, နှလုံး, အသည်း, အမြှေး, အဖျဉ်း, အဆုတ်, အူမ, အူသိမ်, အစာသစ်, အစာဟောင်း, သည်းခြေ,သလိပ်,ပြည်,သွေး,ချွေး, အဆီခဲ, မျက်ရည်, ဆီကြည်, တံတွေး, နှပ်, အစေး,ကျင်ငယ်တို့သည် ရှိကြကုန်၏ဟု ဆင်ခြင်၏၊ ဤသို့လျှင် ဤကိုယ်၌ မတင့်တယ်"အသုဘ"ဟု ရှုလေ့ရှိကာနေ၏၊ အာနန္ဒာ...ဤတရားကို အသုဘသညာဟု ဆိုအပ်၏"။

## မဟာသတိပဋ္ဌာနသုတ်

မဟာဝဂ်ပါဠိတော် မဟာသတိပဋ္ဌာနသုတ် စက်ဆုပ်ဘွယ်ဟု နှလုံးသွင်းခြင်းအပိုင်း ခေါင်းစဉ်အောက်၌လည်း (နှလုံး-ဟဒယဝတ္ထု)ကို အသုဘသညာကမ္မဋ္ဌာန်းအတွင်း၌ သွတ်သွင်း ဟောကြားထား၏။

"ရဟန်းတို့....တဖန်ထို့ပြင်လည်း ရဟန်းသည် ခြေဖဝါးမှ အထက် ဆံပင်ဖျားမှအောက် ထက်ဝန်းကျင် အရေပါးအဆုံးရှိသော မစင်ကြယ်သည့်အရာ အမျိုးမျိုးတို့ဖြင့် ပြည့်လျက်ရှိသော ဤရုပ်အပေါင်းကိုပင် စူးစိုက်ဆင်ခြင်၏၊ ဤရုပ်အပေါင်း၌ ဆံပင်, အမွေး, ခြေသည်း လက်သည်း, သွား, အရေ, အသား, အကြော, အရိုး, ရိုးတွင်းခြင်ဆီ, အညှို့, နှလုံး, အသည်း, အမြှေး, အဖျဉ်း, အဆုတ်, အူမ, အူသိမ်, အစာသစ်, အစာဟောင်း, သည်းခြေ, သလိပ်,ပြည်, သွေး, ချွေး, အဆီခဲ, မျက်ရည်, ဆီကြည်, တံတွေး,နှပ်, အစေး, ကျင်ငယ်သည်ရှိ၏-ဟု စူးစိုက်ဆင်ခြင်၏"၊ဤသည်တို့ကား နှလုံးရုပ်နှင့် စပ်လျဉ်းသော ပိဋကတော် အထောက် အထားများဖြစ်ပါသည်။

ထိုထိုအဘိဓမ္မာနှင့် သုတ္တန် ဒေသနာတော်တို့ကို ထောက်၍ မြတ်စွာဘုရားသည် ဟဒယဝတ္ထုဆိုသော နှလုံးရုပ်နှင့် (နှလုံး) အတွင်း၌တည်သော (သွေး) ရုပ်တို့ကို အသုဘ ကမ္မဋ္ဌာန်းအလို့ငှာသာ အလိုရှိတော်မူ၍ အဘိဓမ္မာ ဒေသနာတော် အလိုအရ (ရုပ်) တရားများ၌ အလိုမရှိသည်မှာ လွန်စွာထင်ရှား နေပါသည်။

အထက်တွင် ဖော်ပြခဲ့သော ဓမ္မသင်္ဂဏီ ပါဠိတော်လာ မဟာဘုတ်ရုပ်(၄)ပါးနှင့်ဥပါဒါရုပ် (၂၃)ပါးတို့သည်(ဟဒယ ဝတ္ထု) အစရှိသော (အသုဘသညာ)တရားများနှင့် သဘော သဘာဝတွင်၎င်း, အနှစ်သာရအားဖြင့်၎င်း မည်၍မည်မျှအထိ ကွာခြားနေသည်ကို သဘောပေါက်နိုင်ရန် ထိုတရားများအား တမျိုးနှင့်တမျိုး တခုစီ ပြန်လည်စစ်ဆေး၍ နှိုင်းယှဉ် သုံးသပ် ကြည့်ရှုတော်မူကြပါရန် အထူးမေတ္တာရပ်ခံအပ်ပါသည်။

အကယ်တန္တု အဋ္ဌကထာနှင့် ဋီကာဆရာမြတ်တို့၏ အလို အတိုင်း(နှလုံး)ကို ဥပါဒါရုပ်များအတွင်းသို့ သွတ်သွင်း ခြင်း အား ခွင့်ပြုခဲ့လျှင် ယင်း(နှလုံး)နှင့် တတန်းတစားတည်းထား လျက် မြတ်စွာဘုရား ဟောတော်မူသော အခြားအလားတူ ကောဋ္ဌာသတရားများကိုလည်း ဥပါဒါရုပ်များအတွင်းသို့ သွတ် သွင်းကြရန် စောဒကတက်ခွင့် ပေးရပေလိမ့်မည်။

နောက်တကြောင်းတွင်လည်း(နှလုံး)ကို စက္ခုဝတ္ထု,သောတ ဝတ္ထု, ဃာနဝတ္ထု, ဇိဝှါဝတ္ထု, ကာယဝတ္ထုတို့နှင့် မျိုးတူထား၍ ဝတ္ထုရုပ်ခြောက်ပါးဟု ပြင်ဆင်ပညတ်ခြင်းအား လက်ခံပြန်လျှင် စက္ခုအစရှိသော ဝတ္ထုရုပ်ငါးပါးကိုလည်း အပြန်အလှန်သဘော ဖြင့်(၃၂)ကောဋ္ဌာသ တရားအတွင်းသို့ သွတ်သွင်းလျက် ကော ဋ္ဌာသ (၃၇)ပါးဟူ၍ ပြင်ဆင်သတ်မှတ်ရန် ပြဿနာ ပေါ်ပေဦး မည်၊ ဤကဲ့သို့ ဘုရားသီးခြား၍ဟောထားသော (ရုပ်) နှင့် (ကောဋ္ဌာသ)တရားများအား ပေါင်း၍ ပြောင်း၍ မရခြင်းကို လက်တွေ့ပြအပ်သော သာဓကများ ဖြစ်ပါသည်။

အထက်ပါအဆိုများကို လက်မခံနိုင်လျှင် (၃၂) ကောဋ္ဌာသ တရားအတွင်းမှ (နှလုံး)ကို နုတ်ပယ်ရှားခြင်းဖြင့် ဘုရားဟောကို တကြိမ်ထပ်မံပြင်ဆင်ရန်သော်လည်းကောင်း၊ သို့တည်းမဟုတ် ပါက (နှလုံး)ကို မူလနေရာဟောင်း (၃၂) ကောဋ္ဌာသအတွင်း ၌ပင်ထား၍ စက္ခုအစရှိသော ဝတ္ထုရုပ်ငါးပါးနှင့် ဥပါဒါရုပ် (၂၃)ပါးတို့ကို(အတိုးအလျှော့ အပြောင်းအလည်းမလုပ်ကြဘဲ) မြတ်စွာဘုရား၏ မူလဟောရင်း ပါဠိတော်အတိုင်း (ပိုနေမြဲ—ကျားနေမြဲ) ထားရန် စေတနာမွန်ဖြင့် တင်ပြရပေသည်။

## ဓမ္မသုတေသီတို့၏အမြင်

ယခုပြဿနာနှင့်စပ်လျဉ်း၍ (ဟာဒယဝတ္ထု) ရုပ်ဟူ၍ မြတ်စွာ ဘုရား တိုက်ရိုက် ဟောကြားအပ်သော ပါဠိတော်မရှိဘဲ အဋ္ဌကထာနှင့် ဋီကာဆရာတို့၏ အယူသာလျှင်ဖြစ်ကြောင်းနှင့် အရှင် ဇနကာဘိဝံသ ဆရာတော်ဘုရား ရေးသားတော်မူသော သင်္ဂြိုဟ် ဘာသာ ဋီကာကျမ်းမှ ကောက်နုတ်ချက်ကို အထက်၌ဖော်ပြခဲ့ ပါပြီ။

အဘိဓမ္မတ္ထသင်္ဂဟကျမ်းကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုရေး သား၍ အနောက်နိုင်ငံတလွှား၌ ကျော်ကြားခဲ့သော ပါဠိပိဋကပါရဂူတဦးဖြစ်သူ ဦးရွှေဇံအောင်ကလည်း (ဟာဒယဝတ္ထု)ရုပ်ကို မြတ်စွာဘုရား ဟောကြားသော ပါဠိတော် မရှိဟူ၍ပင် အကျိုးအကြောင်းပြသ၍ ရေးသားခဲ့ပါသည်။

ထို့ပြင် အနောက်နိုင်ငံများမှ ပါဠိပိဋက ပညာပါရဂူဖြစ်သော မစ္စက်ရိုင်းစဒေးဗစ်၏ သုတေသနပြုစုမှုများကို ကိုးကား

လျက် ဦးအေးမောင်ရေးသားသော (ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒ) ပဋ္ဌာနပိုင်း ကျမ်း၏စာမျက်နှာ (၁၇၉) ၌လည်း အောက်ပါအတိုင်း ဖော်ပြ ထားသည်ကို တွေ့ရပါသည်။

"အရှင် ဗုဒ္ဓဃောသနှင့် အခြား အဋ္ဌကထာ ဆရာတို့သည် မနောဝိညာဏ်၏ တည်ရာရုပ်မှာ ဟဒယဝတ္ထု (ဝါ) နှလုံးအိမ် ဖြစ်သည်ဟု ဖော်ပြကြ၏၊ ဤအယူဝါဒသည် ဗုဒ္ဓမပေါ်မီက အိန္ဒိယပြည်၌ ရှိနှင့်ပြီးဖြစ်၏၊ ရှေးဥပနိသျှကျမ်းများ၌ နှလုံးအိမ် ထဲတွင် အတ္တရှိကြောင်း ပြဆိုထားခြင်းကို အထက်က ဖော်ပြခဲ့ ပေပြီ၊ (စာ ၁၁၈) မစ္စက်ရိုင်းစဒေးဗစ်၏ အဆိုအားဖြင့် ဤ ယူဆချက်ကို ပါဠိပိဋကစာပေ၌ လုံးဝမတွေ့ရချေ၊ ပါဠိပိဋက၌ နှလုံးကို ယခုကာလလူများ နားလည်သကဲ့သို့ စိတ်နှလုံးငြိမ်းချမ်း ခြင်း, စိတ်နှလုံးမြင့်မြတ်ခြင်း, နှလုံးသိမ်မွေ့ခြင်း စသည်ဖြင့် လောက ဝေါဟာရနှင့်အညီ သုံးစွဲထား၍ မနောဝိညာဏ်၏ တည်ရာဌာနအဖြစ် ပြဆိုထားခြင်းမရှိချေ"။

Mrs Rhys Davids, 1914 "Buddhist Psychology" P 71

## ပဋ္ဌာနဝိဝါဒမူလသုတ်

ဤဝိဝါဒမျိုးနှင့် စပ်လျဉ်း၍ အင်္ဂုတ္တိုရ်ပါဠိတော် ဒသက နိပါတ် ပဋ္ဌာနဝိဝါဒမူလသုတ်၌ မြတ်စွာဘုရား ကြိုတင်၍ ဟော ကြားခဲ့သော သုတ္တန်ဒေသနာကို အောက်၌ ဖော်ပြလိုက် ပါသည်။

"အသျှင်ဘုရား.... စကားများမှု၏ အခြေခံ 'မူလ' တို့သည် အဘယ်မျှတို့ပါနည်းဟု (လျှောက်၏)။ဥပါလိ....စကားများမှု၏ အခြေခံ 'မူလ'တို့သည် ဆယ်မျိုးတို့တည်း၊ အဘယ်ဆယ်မျိုးတို့နည်းဟူမူ ဥပါလိ....ဤသာသနာတော်၌ ရဟန်းတို့သည် တရားမဟုတ်သည်ကို 'တရားဟုတ်၏'ဟု ပြကုန်၏၊ တရားဟုတ်သည်ကို 'တရားမဟုတ်'ဟု ပြကုန်၏၊ ဝိနည်းမဟုတ်သည်ကို 'ဝိနည်းဟုတ်၏'ဟု ပြကုန်၏၊ ဝိနည်းဟုတ်သည်ကို 'ဝိနည်းမဟုတ်'ဟု ပြကုန်၏၊ မြတ်စွာဘုရား မဟောအပ် မမိန့်ဆိုအပ်သည်ကို 'မြတ်စွာဘုရား ဟောအပ် မိန့်ဆိုအပ်၏' ဟု ပြကုန်၏၊ မြတ်စွာဘုရား ဟောအပ် မိန့်ဆိုအပ်သည်ကို 'မြတ်စွာဘုရား မဟောအပ် မမိန့်ဆိုအပ်'ဟု ပြကုန်၏၊ မြတ်စွာဘုရား မလေ့ကျက်အပ်သည်ကို 'မြတ်စွာဘုရား လေ့ကျက်အပ်၏'ဟု ပြကုန်၏၊ မြတ်စွာဘုရား လေ့ကျက်အပ်သည်ကို 'မြတ်စွာဘုရား မလေ့ကျက်အပ်'ဟု ပြကုန်၏၊ မြတ်စွာဘုရား မပညတ်အပ်သည်ကို 'မြတ်စွာဘုရား ပညတ်အပ်၏'ဟု ပြကုန်၏၊ မြတ်စွာဘုရား ပညတ်အပ်သည်ကို 'မြတ်စွာဘုရား မပညတ်အပ်'ဟု ပြကုန်၏၊ ဥပါလိ....စကားများမှု၏ အခြေခံ 'မူလ'တို့သည် ဤဆယ်မျိုးတို့တည်းဟု (မိန့်တော်မူ၏)"။

ဤသို့ ဆိုခြင်းကြောင့် မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး ဟောကြားတော်မူခဲ့သည့် အလွန်တရာနက်နဲ ခက်ခဲ သိမ်မွေ့လှသော ပိဋကတော်များ၏ သဘောမှန်ကို သတ္တဝါအများ တတ်အားသမျှ သိရှိနားလည် သဘောပေါက်စေရန် ဖွင့်ဆိုတော်မူသော အရှင်မြတ်အပေါင်း၏ ကျေးဇူးတော်တို့ကို ပစ်ပယ်လိုသော

ဆန္ဒ အနည်းငယ်မျှမရှိပါ၊ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး၏ မူလဟောရင်းတရားတော်များအား မတိမ်းမစောင်းစေဘဲ အဓွန့် ရှည်စွာ ထိန်းသိမ်းထားစေလိုသော အလွန်သန့်ရှင်းသော စေတနာအရသာ ရေးသားခြင်း ဖြစ်ပါသည်။

## ဟဒယ-စိတ်နှလုံး

ယခုအခါတွင် ဓမ္မသင်္ဂဏီပါဠိတော် မြန်မာပြန်ကျမ်းကြီး၏ စိတ္တုပ္ပါဒကဏ္ဍ)မှ သက်ဆိုင်ရာ ကောက် နုတ်ချက်အချို့ကို ဆက်လက်ဖော်ပြလိုပါသည်။

စာမျက်နှာ ၂၉၊ စာပိုဒ် ၆ ၌—

**စိတ်သဘော**။ ထိုအခါ သိမှု "စိတ်" ဟူသည် အဘယ်သဘော ဖြစ်သနည်း၊ ထိုအခါ၌ အကြင်ဆန်းကြယ်သော "စိတ္တ"၊ အာရုံ သို့ညွတ်၍ သိစေတတ်သောသဘော "မန"၊ သိခြင်းသဘော "မာနသ"၊ စိတ်နှလုံး "ဟဒယ"၊ ဖြူစင်သောသဘော "ပဏ္ဍရ"၊ သိမှုသဘော "မန"၊ သိခြင်းဟူသောဖြစ်ရာဌာန "မနာယတန"၊ အစိုးတရသိမှု "မနိန္ဒြေ"၊ အထူးသိမှု "ဝိညာဏ"၊ အထူးသိတတ် သော စိတ်အစု "ဝိညာဏက္ခန္ဓာ"၊ ထိုစိတ်အားလျော်ကပ်သော "တဇ္ဇာ"၊ အထူးသိမှုသဘော "မနောဝိညာဏဓာတ်" သည် (ရှိ၏၊) ထိုအခါ "သိမှုစိတ်" ဟူသည် ဤသဘောဖြစ်၏။

စာမျက်နှာ ၄၄၊ စာပိုဒ် ၆၅ ၌—

**မနာယတန**။ ထိုအခါ၌ "မနာယတန" ဟူသည် အဘယ် သဘော ဖြစ်သနည်း၊ ထိုအခါ၌ အကြင် "စိတ်" သိခြင်း သ

ဘော-သိမှုသဘော-စိတ်နှလုံး ဖြူစင်သော သဘော-သိတတ်သောသဘော-သိမှုဟူသော ဖြစ်ရာဌာန "မနာယတန"၊ အစိုးတရသိမှု "မနိန္ဒြေ"၊ အထူးသိမှု "ဝိညာဏ"၊ အထူးသိမှုအစု "ဝိညာဏက္ခန္ဓာ"၊ ထိုစိတ်အားလျော်ပတ်သော အထူးသိမှုသဘော "မနောဝိညာဏဓာတ်"သည် (ရှိ၏၊) ထိုအခါ၌ "မနာယတန"ဟူသည် ဤသဘောဖြစ်၏။

ဤတွင် ဓမ္မသင်္ဂဏီပါဠိတော် မြန်မာပြန် ကျမ်းကြီး၌(စိတ်)နှင့် (နှလုံး) တို့ကို (ရုပ်) တရားနှင့် (နာမ်) တရားများ အဖြစ်ခွဲခြားခြင်းမပြုဘဲ (စိတ်နှလုံး) ဟူ၍ (နာမ်) တရားအဖြစ် တပေါင်းတည်းပြုလျက် ဟောကြားသည်ကို တွေ့နိုင်ပါသည်။

"ဟဒယ"ဆိုသော ပုဒ်ကိုလည်း (စိတ်နှလုံး) ဟူ၍ပင် နာမ်တရားအဖြစ် ဟောကြားသည်မှာ ထိုကျမ်းကြီး၌ အထင်အရှားပင်ဖြစ်ပါသည်။

ယခုပြဿနာနှင့်စပ်လျဉ်း၍ဓမ္မသင်္ဂဏီပါဠိတော် နိက္ခေပကဏ္ဍအာယတနတဆယ့်နှစ်ပါး၌ တတ်သိလိမ္မာသောသူ ဖြစ်ကြောင်းတရား "အာယတနကုသလတာ" ခေါင်းစဉ်ဖြင့် မြတ်စွာဘုရား ဟောကြားတော်မူသောစကားကို လေ့လာနိုင်ရန်အောက်၌ဘော်ပြလိုက်ပါသည်။

## အာယတနကုသလတာဒုက်

"ထို (အာယတနကုသလတာ ပဋိစ္စသမုပ္ပါဒ ကုသလတာ) တို့တွင် စိတ်ဖြစ်ရာ စိတ်ဖြစ်ကြောင်း အာယတန၌ ကျွမ်းကျင်(လိမ္မာ) သူ၏အဖြစ် (အာယတန တဆယ့်နှစ်ပါး၌ တတ်သိ

ကျွမ်းကျင် လိမ္မာသောသူ ဖြစ်အောင် ပြုတတ်သောတရား) အာယတနကုသလတာဟူသည် အဘယ်နည်း။

မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ရာ မျက်စိအကြည်-စက္ခာယတန၊ မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ကြောင်းအဆင်း-ရူပါယတန။

ကြားသိစိတ် (သောတဝိညာဏ်) ဖြစ်ရာ နားအကြည်-သောတာယတန၊ ကြားသိစိတ်(သောတဝိညာဏ်)ဖြစ်ကြောင်း အသံ—သဒ္ဒါယတန။

နံသိစိတ် (ဃာနဝိညာဏ်)ဖြစ်ရာ နှာခေါင်းအကြည်-ဃာနာယတန၊ နံသိစိတ် (ဃာနဝိညာဏ်) ဖြစ်ကြောင်းအနံ့-ဂန္ဓာယတန။

လျက်သိစိတ် (ဇိဝှါဝိညာဏ်) ဖြစ်ရာလျှာအကြည်-ဇိဝှါယတန၊ လျက်သိစိတ် (ဇိဝှါဝိညာဏ်) ဖြစ်ကြောင်း အရသာ-ရသာယတန။

ထိသိစိတ်(ကာယဝိညာဏ်) ဖြစ်ရာ ကိုယ်အကြည်- ကာယာယတန၊ ထိသိစိတ် (ကာယဝိညာဏ်) ဖြစ်ကြောင်း အတွေ့—ဖောဋ္ဌဗ္ဗာယတန။

သိမှုစိတ် (မနောဝိညာဏ်) ဖြစ်ရာ ဘဝင်အကြည်-မနာယတန၊ သိမှုစိတ်ဖြစ်ကြောင်း သဘာဝ- ဓမ္မာယတန ဟူသော အာယတနတဆယ့်နှစ်ပါးတို့သည် (ရှိကုန်၏။)

ထို (အာယတန) တို့ကို အကြင်အာယတန၌ ကျွမ်းကျင် လိမ္မာသူအဖြစ် (ခွဲခွဲခြားခြား) အပြားအားဖြင့်သိမှု၊ (ခွဲခွဲ

ခြားခြား) အပြားအားဖြင့် သိခြင်း ။ပ။ (အမှန်သဘော၌) မတွေဝေမှု (အမှန်ကိုသိမှု) (သစ္စာလေးပါး) တရားတို့ကိုစိစစ်ခြင်း၊ ကောင်းစွာသိမြင်မှု (အမြင်မှန်မှု) ဟူ မှာဒိဋ္ဌိသည် (ရှိ၏၊) ဤ (ဆိုအပ်ခဲ့ပြီးသော) သဘောကို စိတ်ဖြစ်ကြောင်း အာယတန၌ ကျွမ်းကျင် (လိမ္မာ) သူ၏အဖြစ် (အာယတနတဆယ့်နှစ်ပါး၌ တတ်သိကျွမ်းကျင် လိမ္မာသော သူဖြစ်အောင် ပြုတတ်သောတရား) အာယတနကုသလတာ- ဟုဆိုအပ်၏"။

အထက်ပါ ဘုရားဟောဒေသနာတော်ကိုထောက်၍ (ဟာဒယဝတ္ထု) နှလုံးအိမ်သည် ဝိညာဏ်တစုံတခု၏ (ဖြစ်ရာ) ဌာနလည်းမဟုတ်၊ (ဖြစ်ကြောင်း) တရားလည်းမဟုတ်သည်မှာမငြင်းသာအောင် ထင်ရှားလေတော့သည်။

နိဂုံးအားဖြင့် အဘိဓာန်၌ စိတ်ဟောပရိယာယ်ကို (စိတ္တံ စေတော မနောနိတ္ထိ၊ ဝိညာဏံ ဟာဒယံ တထာ) ဟု စိတ္တသဒ္ဒါ စေတသဒ္ဒါ-ဝိညာဏသဒ္ဒါ- ဟာဒယသဒ္ဒါဖြင့် ပြဆိုထားကြောင်းနှင့် အဘိဓမ္မတ္ထသင်္ဂြိုဟ်ဒီပကကျမ်း (ပဌမတွဲ) စိတ္တစေတသိက ရူပဒီပက-ကဏ္ဍ-စာမျက်နှာ (၂၇၂) စိတ်၏ ဝေဝုစ်ပရိယာယ် အပြားတို့ကိုပြသောအခန်း၌ အဆိုရှိသည်ကို ဖော်ပြရပါသတည်း။

---

ပိဋကတော်များ အဓွန့်ရှည်စွာ တည်ရေးနှင့်

# သန့်စင်ရေးအတွက်စဉ်းစားရန်

(အခန်း-၂)

စာတမ်းအမှတ် (၁)တွင် (ဟဒယဝတ္ထု)ဟု ဆိုအပ်သော ရုပ်တရားကို အဘိဓမ္မာပိဋကတော်၌ မြတ်စွာဘုရား ဟောကြားခြင်း မရှိသည်နှင့် စပ်လျဉ်း၍ ဖော်ပြခဲ့ပါပြီ။

ယခုစာတမ်းတွင် ဂဗ္ဘသေယျက သတ္တဝါတို့၌ စိတ်၏ မှီရာ (ဟဒယဝတ္ထု) မရှိခဲ့လျှင် (မနောဓာတ်)နှင့် (မနောဝိညာဏဓာတ်)ဟုခေါ်အပ်သော (စိတ်)များသည် အဘယ်ကဲ့သို့ ဖြစ်ပေါ်ကြသည်ကို ဆွေးနွေးရန် (အစပျိုးသည့်အနေဖြင့်) ရေးသားခြင်း ဖြစ်ပါသည်။

## သံယုတ်ပါဠိတော် ယက္ခသံယုတ် ဣန္ဒကသုတ်

အကျွန်ုပ်သည် ဤသို့ ကြားခဲ့ရပါသည်၊ အခါတပါး၌ မြတ်စွာ ဘုရားသည် ရာဇဂြိုဟ်ပြည် ဣန္ဒကူဋတောင် ဣန္ဒကဘီလူး၏ ဗိမာန်၌(သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ ဣန္ဒကဘီလူးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်လျက် ဂါထာဖြင့် ရွတ်ဆိုလျှောက်ထား၏။

"အသျှင်ဘုရား .... မြတ်စွာဘုရားတို့သည် ရုပ်ကို ဇီဝဟူ၍ ဆိုတော်မမူကုန်၊ အဘယ်အကြောင်းကြောင့် ဤသတ္တဝါသည် ဤကိုယ်ကိုရသနည်း၊ ထိုသတ္တဝါအား အရိုးစု အသားဆိုင်သည်

အဘယ်မှ ရောက်လာသနည်း၊ အဘယ် အကြောင်းကြောင့် ဤသတ္တဝါသည် အမိဝမ်း၌ ကပ်ငြိသနည်း”ဟု လျှောက်၏။

“ဘီလူး....ရှေးဦးစွာ ကလလရေကြည်ဖြစ်၍ ကာလလ ရေကြည်မှ အမြှုပ်ဖြစ်၏၊ အမြှုပ်မှ သားတစ်ဖြစ်၏၊ သားတစ်မှ အခဲဖြစ်၏၊ အခဲမှ ခက်မငါးဖြာတို့ဖြစ်ကုန်၏၊ ဆံ, အမွေး, ခြေသည်း လက်သည်းတို့လည်း ဖြစ်ကုန်၏”။

“ဤသတ္တဝါ၏ အမိသည် အကြင်ထမင်းကိုငင်း, အဖျော်ကိုငင်း, စားဘွယ်ကိုငင်း စား၏၊ အမိဝမ်း၌တည်သော ထိုသတ္တဝါသည် ထို(အမိစားသော) အစာဖြင့် ထိုအမိ၏ဝမ်း၌မျှ၏” ဟု (မိန့်တော်မူ၏။)

အထက်ပါ သုတ္တန်ဒေသနာတော်အရ ပဋိသန္ဓေယူသောသတ္တဝါ၌ ပဋိသန္ဓေရုပ်၏ အစမှာ(ကလလရေကြည်) ဖြစ်ခြင်းသည် ထင်ရှားပါသည်။

ကလလရေကြည်၌ ပါရှိသောရုပ်များနှင့် စပ်လျဉ်း၍ ကျမ်းစာ အစောင်စောင်ကို ကိုးကားလျက် လယ်တီဆရာတော်ဘုရား ရေးသားတော်မူခဲ့သော (ရူပဒီပနီ)မှ အောက်ပါကောက်နုတ်ချက်ကို ကြည့်ရှုစေ လိုပါသည်။

## ရူပဒီပနီ စာမျက်နှာ ၁၃၀

“ဩပပါတိကာနံ၊ ဥပပါတ်ပုဂ္ဂိုလ်တို့အား။ ပဋိသန္ဓိစိတ္တေန၊ ပဋိသန္ဓေစိတ်နှင့်။ သဟေဝ၊ အတူတကွသာလျှင်။ သဠာယတနံ၊ စက္ခု, သောတ, ဃာန, ဇိဝှာ, ကာယ, မနဟူသော အာယတန (၆) ပါးသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၏။ ဂဗ္ဘသေယျကာနံ

ပနေ၊ ဂဗ္ဘသေယျက ပုဂ္ဂိုလ်တို့အားမူကား။ အဇ္ဈတ္တိကာယတနေသု၊ စက္ခု, သောတ, ဃာန, ဇိဝှာ, ကာယ, မနဟူသော အတွင်းအာယတန (၆) ပါးတို့တွင်။ မနာယတန ကာယာယတနာ နေဝ၊ မနာယတန, ကာယာယတန (၂) ပါးတို့သည် သာလျှင်။ ပဋိသန္ဓိခဏေ၊ ပဋိသန္ဓေစိတ် ဥပါဒ်ခဏ၌။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ပေါ်ကုန်၏။ သေသာနိ၊ ကာယ, မန (၂) ပါးမှ ကြွင်းကုန်သော။ စတ္တာရိ၊လေးပါးကုန်သော စက္ခု, သောတ,ဃာန,ဇိဝှာတို့သည်။ သတ္တသတ္တတိ ရတ္တိယာ(၇၇) ခုမြောက်သောရက်၌။ဥပ္ပဇ္ဇန္တိ၊ဖြစ်ပေါ်ကုန်၏။ တာနိစခေါ၊ ထိုလေးပါးတို့သည်လည်း။ ယေန ကမ္မုနာ၊ အကြင်ကံဖြင့်။ ပဋိသန္ဓိ၊ ပဋိသန္ဓေကို။ ဂဟိတာ၊ ယူအပ်၏။ တဿေဝ၊ ထိုကံကိုသော်ရင်း။ အညဿဝါ၊ အခြားတပါးသော ကံကိုသော်ရင်း။ ကတတ္တာ၊ ပြုအပ်ခဲ့ပြီးသည်၏ အဖြစ်ကြောင့်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ပေါ်ကုန်၏။ ဣတိအယံ၊ ဤသည်ကား။ သကသမယေ၊ အရှင်မဟာကဿပ-အစရှိသော မိမိတို့၏အယူ၌။ ဝါဒေါ၊ ပြောရိုး ဆိုရိုးဖြစ်သော အမှန်မုချ နေရာကျ စကားတည်း”။

[အထက်တွင် စက္ခု, သောတ, ဃာန, ဇိဝှာတို့သည်လည်း ပဋိသန္ဓေအခါ၌ပင် မျိုးစေ့ဖြစ်ခြင်းနှင့် အကြည်ဓာတ်နောက်မှပေါ်ခြင်းအား ခွဲခြား၍မဆိုသည်ကို သတိပြုခဲ့ပါ။]

“အာယတနယမိုက်ဋ္ဌကထာတို့၌ကား- ရက်နှင့်မဆိုမူ၍ သတ္တာဟနှင့် ဆိုသောကြောင့် ကောဒသမသတ္တာဟ၌ တိုက်ရိုက်ပေါ်ပေသည်၊ စပ်လျဉ်းရာ ဆိုရသည်ဖြစ်၍လည်း စက္ခုနှင့်ဃာနကို

သာ အဆိုပါသည်၊ သောတနှင့် ဇိဝှါမှုကား အဝုတ္တသိဒ္ဓိနည်း အားဖြင့် ပြီးလေတော့သည်။ (ကျယ်မည်စိုး၍မရေးပြီ)”။

> “ဤကား သင်္ဂါယနာ သုံးတန်ပါသော မဟာ အဋ္ဌကထာကြီး, အရှင်မဟာဗုဒ္ဓဃောသ စီရင်သော အဋ္ဌကထာသစ်, အဘိဓမ္မာယမိုက်ဋီကာကြီးတို့၌ တသံတည်းလာသည်ဖြစ်၍ ဘုရားဟောနှင့်တူစွာ ယုံကြည်ရသော သတ္တာဟ အဆုံးအဖြတ်ပေတည်း”။

ထိုအကြောင်းနှင့်စပ်၍ ဒုတိယမြို့ပြင်ကြီး ဆရာတော်ဘုရား၏ အဘိဓမ္မတ္ထသရူပဒီပကကျမ်း (ဒုတိယတွဲ)တွင် အကျယ်ရေးသား ပါရှိသည်တို့မှ စာမျက်နှာ(၃၅၀)၌ ပါရှိသော စကားအချို့ကို ကောက်နုတ် ဖော်ပြလိုက်ပါသည်။

“ဂဗ္ဘသေယျကာနံ၊ တို့အား။ အာယတနာနံ၊ အဇ္ဈတ္တိကာယတနတို့၏။အနုပုဗ္ဗပဝတ္တိ၊ ကလလကာလပဋိသန္ဓေခဏ၌။ မနာယတန ကာယာယတနနှစ်ပါးတို့ဖြစ်ခြင်း, ကောဒသမ သတ္တာဟ၌ စက္ခု သောတ ဃာန ဇိဝှါဟူသော အာယတန လေးပါးတို့ ဖြစ်ခြင်းတို့ဖြင့် အာယတနတို့၏ အစဉ်အားဖြင့် ဖြစ်ခြင်းသည်။ အနုပုဗ္ဗတော၊ မစုတေမိ စုတိကာလအနီး၌ စက္ခု သောတ ဃာန ဇိဝှါတို့ချုပ်နှင့်ခြင်း,စုတိ၏ဘင်ခဏ၌မနာယတန ကာယာယတန နှစ်ပါး၏ ချုပ်ခြင်းဟူသော အစဉ်အားဖြင့်။ ဟောတိ၊၏။ဣတိ-ဣမိနာ အဓိပ္ပါယေန၊ ဤသို့သော အလိုတော်ဖြင့်။ သင်္ဂဟကာရေန၊ အဋ္ဌကထာဆရာသည်။ နိရုဒ္ဓေသု စက္ခာဒီသုတိ ဣဒံ၊ဟူသော စကားကို။ ဝုတ္တံ၊ ဆိုတော်မူအပ်၏”။ (ဤသို့မြန်မာပြန်)

အထက်ပါ ကိုးကား ချက်တို့မှာ....ဂန္ဓသေယျက သတ္တဝါ၏ပဋိသန္ဓေအစ၌ မနာယတနနှင့် ကာယာယတန တို့၏(ကြည်)ခြင်းကို ထုတ်ဘော်ပြရာဖြစ်ပါသည်။

မနာယတန-ကာယာယတနတို့နှင့်စပ်၍ ဓမ္မသင်္ဂဏီ ပါဠိတော်၌ မြတ်စွာဘုရား မည်ကဲ့သို့ ဟောပါသနည်း။

## ဓမ္မသင်္ဂဏီပါဠိတော် စိတ္တုပ္ပါဒကဏ္ဍ

မနာယတန။ ထိုအခါ၌ မနာယတန ဟူသည် အဘယ် သဘောဖြစ်သနည်း။ ထိုအခါ၌ အကြင်စိတ်-သိခြင်းသဘော, သိမှုသဘော, စိတ်နှလုံး ဖြူစင်သောသဘော, သိတတ်သော သဘော, သိမှုဟူသောဖြစ်ရာဌာန "မနာယတန" အစိုးတရသိမှု "မနိန္ဒြေ"အထူးသိမှု "ဝိညာဏ"အထူးသိမှုအစု "ဝိညာဏက္ခန္ဓာ" ထိုစိတ်အားလျော်ကပ်သော အထူးသိမှုသဘော "မနော ဝိညာဏဓာတ်"သည် (ရှိ၏၊) ထိုအခါ၌ မနာယတနဟူသည် ဤသဘောဖြစ်၏။

## ဓမ္မသင်္ဂဏီပါဠိတော်-ရူပကဏ္ဍ

ကာယာယတနရုပ်။ ထိသိစိတ် (ကာယဝိညာဏ်) ဖြစ်ရာ ကိုယ်အကြည်"ကာယာယတန" ဟူသော ထိုရုပ်သည် အဘယ် နည်း၊ အကြင် ကိုယ်အကြည် "ကာယ" (ပသာဒ)သည် ကြီး ကျယ်ထင်ရှားသော "မဟာဘုတ်" လေးပါးတို့ကို စွဲမှီ၍ ကြည် လင်၏၊ "ပသာဒ" အတ္တဘော (ကိုယ်ခန္ဓာ)၌ အကျုံးဝင်၏၊ "အတ္တဘာဝပရိယာပန္န"၊ မြင်အပ်သည်အဖြစ် (မြင်ခြင်း)နှင့်

တကွမဖြစ်"အနိဒဿန"၊ ထိပါးတတ်သည်အဖြစ် (ထိပါးခြင်း) နှင့်တကွ"သပ္ပဋိဃ"ဖြစ်၏။

မြင်အပ်သည်၏အဖြစ် (မြင်ခြင်း)နှင့်တကွမဖြစ်သော ထိပါးတတ်သည်၏အဖြစ်။ပ။ထိပါးလည်း ထိပါးဆဲ၊ ထိပါးလည်း ထိပါးခဲ့ပြီး၊ ထိပါးလည်း ထိပါးလတ္တံ့၊ ထိပါးမူလည်း ထိပါးရာ၏။

ဤရုပ်သည် ကိုယ်အကြည် "ကာယ" (ပသာဒ)လည်း မည်၏၊ဤရုပ်သည် ထိသိစိတ် (ကာယဝိညာဏ်) ဖြစ်ရာ ကိုယ်အကြည် "ကာယာယတန"လည်း မည်၏။ပ။ ဤသို့သော သဘောရှိသောရုပ်သည် ထိသိစိတ် (ကာယဝိညာဏ်) ဖြစ်ရာ ကိုယ်အကြည် "ကာယာယတန"ဟူသော ထိုရုပ်ပေတည်း။

## ကမ္မဇရုပ်

ယခုတဘန်(ကလလရေကြည်) ကမ္မဇရုပ်တွင် ပါရှိကြသော ရုပ်တို့ကို ဆန်းစစ်ကြည့်ရန် ဖြစ်ပါသည်။

ကံနှင့်စပ်လျဉ်း၍ ပဌာန်းပါဠိတော် ကမ္မပစ္စည်း၏ စွမ်းအင်သတ္တိကို သိသာရန် အောက်၌ဘော်ပြလိုက်ပါသည်။

## ကမ္မပစ္စည်း

"ကုသလာကုသလံ၊ ကုသိုလ် အကုသိုလ်ဖြစ်သော။ ကမ္မံ၊ နာနာက္ခဏိကစေတနာကံသည်။ ဝိပါကာနံ၊ အကျိုးဝိပါက်ဖြစ်ကုန်သော။ခန္ဓာနဉ္စ၊ နာမက္ခန္ဓာတို့အားလည်းကောင်း။ ကဋတ္တာ

ရူပါနဉ္စ၊ ကမ္မဇရုပ်တို့အားလည်းကောင်း။ ကမ္မပစ္စယေန၊ မျိုးစေ့သဘာဝ ကမ္မပစ္စယသတ္တိဖြင့်။ ပစ္စယော-ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

"စေတနာ၊ စိတ်တခုယုတ် ကိုးဆယ်၌ရှိသော စေတနာတခုယုတ်ကိုးဆယ်သည်။ သမ္ပယုတ္တကာနံ၊ ယှဉ်ဘက်ဖြစ်ကုန်သော၊ ဓမ္မာနဉ္စ၊ စိတ်,စေတသိက်တရားတို့အားလည်းကောင်း။တံသမုဋ္ဌာနာနံ၊ ထိုစေတနာကြောင့် ဖြစ်ကုန်သော။ ရူပါနဉ္စ၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့ အားလည်းကောင်း။ ကမ္မပစ္စယေန၊ မျိုးစေ့သဘာဝ ကမ္မပစ္စယသတ္တိဖြင့်။ ပစ္စယော—ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏"။

ဤ ပဋ္ဌာန်းဒေသနာတော်အရ - အကြောင်းတရား ဖြစ်ရာကာလနှင့် အကျိုးတရား ဖြစ်ရာကာလ ကွဲပြားသောအကျိုးကို နာနာက္ခဏိက ကမ္မဟုဆို၍ အကြောင်းတရားနှင့်တကွ အတူဖြစ်သောအကျိုးကို သဟဇာတကမ္မဟု ခေါ်ပါသည်။

ကံကြောင့်ဖြစ်သော(ကမ္မဇကောန်)ရုပ်များမှာ ဂဗ္ဘသေယျကသတ္တဝါတို့၏ ပဋိသန္ဓေအခါ၌ (၁) ပသာဒရုပ်ငါးခု၊ (၂) ဘာဝရုပ်-အထီးသော်ငှင်း, အမသော်ငှင်း ဖြစ်ကြောင်း ရုပ်တခု၊ (၃) ဇီဝိတ ရုပ်တခုအားဖြင့် စုစုပေါင်း(၇)မျိုး ဖြစ်သင့်ပါသည်။ (ဓမ္မသင်္ဂဏီ ရူပကဏ္ဍ-စာမျက်နှာ ၂၉၄)

**မှတ်ချက်။** ။ဟဒယရုပ်မှာ မြတ်စွာဘုရား ဟောတော်မူသော ပါဠိတော်များ၌ မပါရှိ သဖြင့် (ဖီလာဆန့်ကျင်မဖြစ်စေရန် အတွက်) ချန်ခဲ့ပါသည်။

ကမ္မဇရုပ် (၇) မျိုးဟု ဆိုသော်လည်း အချို့သော ဂန္ထ သေယျက သတ္တဝါတို့မှာ ထိုရုပ်(၇)မျိုး အောက်နည်း၍လည်း ဖြစ်နိုင်ပါသည်။

ဤအကြောင်းနှင့်စပ်လျဉ်း၍ လယ်တီဆရာတော် ဘုရား၏ (ရူပဒီပနီ) စာမျက်နှာ (၁၃၃)၌ အောက်ပါအတိုင်း ဖော်ပြပါသည်။

"အဘိဓမ္မတ္ထဒီပနီဆရာ့,အရပ်ရပ် သင်္ဂြိုဟ်အဓိပ္ပါယ်ဆရာ့,အရ ကောက် ဆရာတို့သည်လည်း ဋီကာကျော်၏ နောက်လိုက်သာ ဖြစ်ကြကုန်သည်၊ အရပ်ရပ်သော ဋီကာတို့၌ စက္ခု, သောတ, ဃာန, ဇိဝှာတို့သည် ကောဒသမ သတ္တာဟ၌ ဖြစ်ကုန်သည် ဟူသော စကားကို မူလဋီကာဆရာ၏ ဋီကာဝါဒ ဖြစ်သည်ဟု ဆိုကြခြင်းသည်လည်း ကထာဝတ္ထု အဋ္ဌကထာကြီးကို သတိမရ၍ ဆိုကြခြင်းသာ ဖြစ်သည်၊ ဋီကာဝါဒမဟုတ်ပေ၊ အဋ္ဌကထာ စကားရင်းဖြစ်ပေသည်၊ ထို့ကြောင့် ကောဒသမ သတ္တာဟ၏ အဆုံးရက်၌ ဖြစ်သည်ဟူသော အဋ္ဌကထာကြီး အတိုင်းသာ ယုံကြည်လေးမြတ် မှတ်သားအပ်ပေသည်"။

## ဖြစ်ခြင်းနှင့်ကြည်ခြင်း

ဤရက် အတွင်းမှာလည်း တပြိုင်နက်တည်း ဖြစ်သည်လည်း ရှိမည်၊ စက္ခု, သောတ, ဃာန, ဇိဝှာတို့တွင် စချင်ရာက စ၍ ဖြစ်သည်လည်းရှိမည်၊ထိုပသာဒတို့၏မှီရာကမ္မဇမဟာဘုတ်တို့သည် အကြောင်းတရား ညီညွတ်ကြကုန်သည်ဖြစ်၍ တပြိုင်နက်ကြည် နိုင်ကြကုန်သည်လည်းရှိမည်၊ အကြောင်းတရားစု မညီညွတ်ခဲ့၍

ကြည်မိကြည်ရာကသာကြည့်၍ နောက်မိနောက်ရာ နောက်သည် လည်းရှိမည်၊ ဤသို့သော သဘော ထင်ရှားလေသောကြောင့် ကထာဝတ္ထုအဋ္ဌကထာ၌ အစဉ်ဟူသောအသံကို အမြွက်မျှမဆို သတည်း၊ အာယတနဝိဘင်းအဋ္ဌကထာများ၌ကား အာယတန တို့၌ ဥပ္ပတ္တိက္ကမ ဟူသော အဖြစ်သည် မရကောင်းကြောင်းကို ဆိုခြင်းကြောင့်လည်း စက္ခု, သောတ, ဃာန, ဇိဝှါတို့၌ ဖြစ်စဉ် မထားသင့်ကြောင်းကို သိရလေသည်။

အထက်ပါစကားတို့၌ (ဖြစ်ခြင်း) ဆိုသည့်စကားနှင့် (ကြည် ခြင်း) ဆိုသော စကားတို့သည် ကွဲပြားစွာ အဓိပ္ပါယ်သက်ရောက် နေကြပါသည်။

"ဖြစ်ခြင်း" ဆိုရာ၌ ပဋ္ဌာန်းပါဠိတော် ကမ္မပစ္စည်း အနက် သဘောအရ- အတိတ်ကံကြောင့် ပဋိသန္ဓေကမ္မဇ ရုပ်တို့၏ မျိုး စေ့ ဖြစ်ခြင်းကို ဆိုလို၍ "ကြည်ခြင်း" ဆိုသော စကား၏ အဓိပ္ပါယ်သဘောမှာ ထိုထိုပဋိသန္ဓေ ကမ္မဇရုပ်တို့၌ မျိုးစေ့ပါရှိ ကြသော စက္ခု,သောတ, ဃာန, ဇိဝှါ ပသာဒရုပ်တို့၏ အကြည် ဓာတ်များ ရင့်ကျက်ပြည့်စုံသောအခြေသို့ ရောက်ခြင်းဟူ၍ ယူဆ သင့်ပါသည်။

မဓမ္မသင်္ဂဏီပါဠိတော် ရူပကဏ္ဍ စာမျက်နှာ (၂၆၂)မှ စ၍ စက္ခာယတနရုပ်, သောတာယတနရုပ်, ဃာနာယတနရုပ်, ဇိဝှါယတနရုပ်တို့ကို အကျယ်ဟောကြားရာ၌ သက်ဆိုင်ရာ အကြည်ဓာတ်တို့သည် မဟာဘုတ်လေးပါးကိုစွဲမှီ၍ ကြည်လင် ရကြောင်းကို တသမတ်တည်းဆို၏။

အဋ္ဌကထာ, ဋီကာကျမ်းတို့၌လည်း ဤပသာဒ ရုပ်များ အကြောင်းကို အကျယ်ဖွင့်ဆိုတော်မူကြ၏။ ထိုအဆိုအမိန့်များ အနက်မှ (မံသစက္ခု)အကြောင်းကို အဘိဓမ္မတ္ထသရူပဒီပကကျမ်း ဒုတိယတွဲ စာမျက်နှာ(၁၇)မှ အနည်းငယ် ကောက်နုတ်ဘော်ပြ ပါဦးအံ့။

### သသမ္ဘာရစက္ခု

"မံသစက္ခုသည်လည်း သသမ္ဘာရစက္ခု, ပသာဒစက္ခု ဟူ၍ နှစ်ပါးအပြားရှိ၏၊ထိုတွင်အောက်အဘို့၌ မျက်တွင်းရိုး၊ အထက်၌ မျက်မှောင်ရိုး၊ နှစ်ဘက်သော လက်ဝဲလကျာ်အဘို့တို့၌ မျက်ထောင့်ရိုး၊အတွင်း၌ဦးနှောက်၊ အပ၌ မျက်တောင်မွေး တို့ဖြင့် ပိုင်းခြားအပ်သော မျက်ကွင်းမျက်တွင်း၌တည်သော မျက်ကြော တည်းဟူသော ကြိုးဖြင့်ဖွဲ့အပ်သော ဦးနှောက်နှင့် စပ်သော အသားစိုင်အသားစုဟူသော မျက်လုံးသည် သသမ္ဘာရစက္ခု မည်၏၊ ဤသသမ္ဘာရစက္ခုသည် သလိပ်ပြောများ အားကြီး ခြင်းကြောင့်ဖြူ၏၊ သည်းခြေပြောများ အားကြီးခြင်းကြောင့် မည်းနက်၏၊ သွေးပြောများ အားကြီးခြင်းကြောင့်နီ၏၊ ပထဝီ ပြောများ အားကြီးခြင်းကြောင့် ကျယ်ပြန့်၏၊ အာပေါဓာတ် ပြောများအားကြီးခြင်းကြောင့် မျက်ရည်ယို၏၊ တေဇောဓာတ် ပြောများ အားကြီးခြင်းကြောင့် ပူလောင်၏၊ ဝါယောဓာတ် ပြောများ အားကြီးခြင်းကြောင့် လည်၏"။

### ပသာဒစက္ခု

"ထိုသသမ္ဘာရစက္ခု၏ မျက်ဖြူဝန်းဖြင့်ရံအပ်သော မျက်နက် ဝန်း၏ အလယ်၌ ရှေ့ရှုတည်သောဝတ္ထု၏ အရိပ်ထင်ရာဖြစ်သော

ဒိဋ္ဌမင်္ဂလာလဟု ခေါ်သောအရပ်၌-ချိုပိုးရှက်ဆောင်ခြင်း, ရေချိုးခြင်း,တန်ဆာဆင်ခြင်း,ယပ်လေခပ်ခြင်းကိစ္စတို့ဖြင့် လေးယောက်သော အထိန်းတို့သည် ကျေးဇူးပြုအပ်သော မင်းသားကဲ့သို့-ကောင်းစွာ ဆောင်ခြင်း,ဖွဲ့စည်းခြင်း, ရင့်စေခြင်း, ပွားစေခြင်းကိစ္စ ၄-ပါး တို့ဖြင့် ပထဝီ စသော ဓာတ် ၄-ပါး တို့သည် ကျေးဇူးပြုအပ်သော ဥတု,စိတ်, အာဟာရတို့သည် စောင့်ရှောက်အပ်သော ဝဏ္ဏ, ဂန္ဓ,ရသ စသည်တို့သည် ခြံရံအပ်သော ထိုက်သည်အားလျော်စွာစက္ခုဝိညာဏ်စသည်တို့၏ ဝတ္ထုအဖြစ်, ဒွါရအဖြစ်ကို ပြီးစေလျက် ဝါဂွမ်းလွှာ ၇-ထပ် တို့၌ သွန်းလောင်းအပ်သောဆီသည် ထို ၇-ထပ်သော ဝါဂွမ်းလွှာတို့ကို နှံ့၍တည်သကဲ့သို့ မျက်လွှာ ၇-လွှာတို့ကို နှံ့၍ တည်သော ပသာဒရုပ်သည် ပသာဒစက္ခုမည်၏"။

[ဤတွင် စက္ခု, သောတ, ဃာန, ဇိဝှါ ပသာဒရုပ် ဝတ္ထုတို့၏ ဖြစ်ခြင်းနှင့်ကြည်ခြင်းဟု ဆိုအပ်သော အပိုင်းနှစ်ခုရှိပုံကို လက်ခံရာရောက်သော အထောက်အထား အကျဉ်းဖြစ်ပါသည်၊ အကျယ်ကို ကျမ်းရင်း၌ကြည့်ပါ။]

ယခုကမ္မဇရုပ်များကို ဆက်လက်ဆွေးနွေး ရပါမည်၊ အထီးသို့မဟုတ် အမဖြစ်ကြောင်းဖြစ်သော (ဘာဝရုပ်)သည် (ကလလရေကြည်)မှပင် ပါနိုင်သောရုပ်ဖြစ်သော်လည်း သတ္တဝါ၏ (ကံ) အလျောက်(အထီး-အမ) မထင်ရှားသော ရုပ်မျိုးလည်း ဖြစ်နိုင်ပါသေးသည်။

ကမ္မဇရုပ်များအနက် ဆွေးနွေးရန်ကျန်ရှိသော ရုပ်မှာ (ဇီဝိတရုပ်)ဖြစ်ပါသည်၊ ထိုရုပ်ကို ဓမ္မသင်္ဂဏီပါဠိတော်၌ အောက်ပါအတိုင်း ဖော်ပြပါရှိလေသည်။

ဇီဝိတိန္ဒြေရုပ်။ အသက်ရှည်ကြောင်း၌ အစိုးရမှု"ဇီဝိတိန္ဒြေ" ဟူသော ထိုရုပ်သည် အဘယ်နည်း၊ ထိုဘောက်ပြန်ခြင်းသဘော ရှိသော "ရုပ်" တရားတို့၏ အကြင်အသက် "အာယု" တည်ကြောင်းသဘော "ဌိတိ" (တည်တံ့စွာ) ဖြစ်နေခြင်းသဘော "ယပနာ"(တိုးပွား၍) ဖြစ်မှုသဘော "ဇာရိယနာ" အသက်ရှည်ကြောင်းသဘော "ဇီဝိတ" အသက်ရှည်ကြောင်း၌ အစိုးရမှု "ဇီဝိတိန္ဒြေ" သည် (ရှိ၏၊) ဤသဘော ရှိသော ရုပ်သည် အသက်ရှည်ကြောင်း၌ အစိုးရမှု "ဇီဝိတိန္ဒြေ" ဟူသော ထိုရုပ် ပေတည်း။

## သင်္ဂြိုဟ်ဘာသာဋီကာ

ဇီဝိတိန္ဒြေရုပ်နှင့် စပ်လျဉ်း၍ အရှင် ဇနကာဘိဝံသ ဆရာတော် ဘုရား စီရင်အပ်သော သင်္ဂြိုဟ်ဘာသာ ဋီကာကျမ်းမှ ကောက်နုတ်၍ အောက်၌ဖော်ပြလိုက်ပါသည်။

"ဤဇီဝိတိန္ဒြေသည် တကဖြစ်ဘက် ကမ္မဇရုပ်တို့ကို စောင့်ရှောက်သောကြောင့် ကမ္မဇရုပ်များ၏ အသက်ပေတည်း၊ ထင်ရှားစေအံ့၊ စိတ္တဇ, ဥတုဇ, အာဟာရဇ ရုပ်တို့သည် စိတ်, ဥတု, အာဟာရတို့ ထင်ရှားရှိနေခိုက်မှာ ဖြစ်ကြရသောကြောင့်(အမိ ထင်ရှားရှိနေသောသားကို သူတပါး စောင့်ရှောက်ဘွယ် မလို

တော့သကဲ့သို့ (တပါးသောတရားတို့က စောင့်ရှောက်ဘွယ်မလို၊ စိတ်,ဥတု,အာဟာရတို့ကပင် တည်တံ့အောင် စောင့်ရှောက်နိုင်ကြလေသည်၊ ဤကမ္မဇရုပ်တို့မှာ အကြောင်းကံ ချုပ်ပြီးနောက် အာတော်ကြာမှ (အချို့ ကမ္မဇရုပ်များကား ကံနှင့်ဘဝပေါင်းများစွာ ကွာခြားပြီးမှ) ဖြစ်ပေါ်ရကား (အမိမဲ့သားကို နို့ထိန်းက အသက်ရှည်အောင် စောင့်ရှောက်ရသကဲ့သို့) ရုပ်တို့၏ အသက်တမ်းအတိုင်း တည်တံ့နိုင်ဘို့ရာ ဇီဝိတိန္ဒြေက စောင့်ရှောက်ပေးရသည်၊ ထို့ကြောင့် စက္ခုဒသက ကလာပ်၌ပါသောရုပ်ကိုးခုကို ထိုကလာပ်၌ပါသော ဇီဝိတက စောင့်ရှောက်၏၊ သောတဒသကာ၌ ပါသော ရုပ်ကိုးပါးကို ထို၌ပါသော ဇီဝိတက စောင့်ရှောက်၏၊ ဤသို့စသည်ဖြင့် ကမ္မဇကလာပ် ကိုးစည်း၌ပါသော ဇီဝိတက မိမိ၏ကလာပ်တူရုပ်များကို စောင့်ရှောက်သည်ဟု သိလေ၊ ဤဇီဝိတရုပ်များကား ကာယပသာဒ, ဘာဝရုပ်တို့မတည်နိုင်သော ပါစကတေဇော (ကမ္မဇဝမ်းမီး)ကလာပ်နှင့် ကာယ,ဘာဝရုပ်တို့ ပြန့်နှံ့ရာ တကိုယ်လုံးမှာပင်ပြန့်နှံ့သည်”။

## ရုပ်ကလာပ်ဖွဲ့ပုံ

ယခု ဆက်လက်၍ ဂဗ္ဘသေယျက သတ္တဝါတို့၏ ပဋိသန္ဓေကမ္မဇရုပ်များအား ကလာပ်စည်း ဖွဲ့စည်းပုံနှင့်စပ်၍ ဆွေးနွေးတင်ပြလိုပါသည်။

ဂဗ္ဘသေယျက-သတ္တဝါတို့၌ ပဋိသန္ဓေအခါတွင် (၁) ကာယကလာပ်တမျိုး၊ (၂) ဘာဝကလာပ်တမျိုး၊ (၃) ဝတ္ထုကလာပ်တမျိုးအားဖြင့် ကလာပ်သုံးမျိုး ခွဲခြားနိုင်ပါသည်။

အထက်ပါ ကလာပ်သုံးမျိုးကို ရေတွက်ရာ၌ကား အောက်ပါ အတိုင်း ဖြစ်သင့်သည်ဟု သဘောရပါသည်။

(၁) ကာယ-ကလာပ်၌ ပါရှိကြသောရုပ်များ။အဝိနိဗ္ဘောဂ ရုပ်(၈)ခု၊ ဇီဝိတရုပ်(၁)ခုနှင့် ကာယပသာဒရုပ်(၁)ခု၊ရုပ်ပေါင်း (၁၀)ဖြစ်ပါသည်။

(၂) ဘာဝ-ကလာပ်၌ ပါရှိကြသော ရုပ်များ။ အဝိ နိဗ္ဘောဂရုပ်(၈)ခု၊ ဇီဝိတရုပ်(၁)ခုနှင့် ဘာဝရုပ်(၁)ခု ရုပ် ပေါင်း (၁၀)ဖြစ်ပါသည်။

(၃) ဝတ္ထု-ကလာပ်၌ အောက်ပါ ကလာပ်စည်းလေးမျိုးကို ယူသင့်ပါသည်၊ ထိုကလာပ်စည်းများမှာ—

(က) စက္ခုဝတ္ထု-ကလာပ်၊ ၎င်း၌ပါရှိကြသော ရုပ်များမှာ အဝိနိဗ္ဘောဂရုပ်(၈)ခု၊ ဇီဝိတရုပ် (၁)ခု၊ စက္ခုပသာဒရုပ် (၁) ခု၊ ရုပ်ပေါင်း(၁၀)ဖြစ်ပါသည်။

(ခ) သောတဝတ္ထု-ကလာပ်၊ ၎င်း၌ ပါရှိကြသောရုပ်များ မှာ အဝိနိဗ္ဘောဂရုပ်(၈)ခု၊ ဇီဝိတရုပ်(၁)ခု၊ သောတပသာဒ ရုပ်(၁)ခု၊ ရုပ်ပေါင်း(၁၀)ဖြစ်ပါသည်။

(ဂ) ဃာနဝတ္ထု-ကလာပ်၊ ၎င်း၌ပါရှိကြသော ရုပ်များမှာ အဝိနိဗ္ဘောဂရုပ်(၈)ခု၊ ဇီဝိတရုပ်(၁)ခု၊ ဃာနပသာဒရုပ် (၁) ခု၊ ရုပ်ပေါင်း(၁၀)ဖြစ်ပါသည်။

(ဃ) ဇိဝှါဝတ္ထု-ကလာပ်၊၎င်း၌ပါရှိကြသော ရုပ်များမှာ အဝိနိဗ္ဘောဂရုပ်(၈)ခု၊ ဇီဝိတရုပ်(၁)ခု၊ ဇိဝှါပသာဒရုပ် (၁)ခု၊ ရုပ်ပေါင်း(၁၀)ဖြစ်ပါသည်။

(အဋ္ဌကထာနှင့် ဋီကာကျမ်းတို့၏ အလိုအရ ဝတ္ထု-ကလာပ်ကို (၁) အဝိနိဗ္ဘောဂရုပ်ရှစ်ခု (၂) ဇီဝိတရုပ်တခုနှင့် (၃) ဟဒယ ဝတ္ထုရုပ်တခုဖြင့် ပေါင်း (၁၀) ကိုကောက်ကြသဖြင့် ဓမ္မသင်္ဂဏီ နှင့် ဝိဘင်းကျမ်းကြီးများ၌ မြတ်စွာဘုရား အတိအလင်း ဟောကြားထားသော စက္ခုဝတ္ထု, သောတဝတ္ထု, ဃာနဝတ္ထုနှင့် ဇိဝှါဝတ္ထုရုပ်များ မပါဘဲ ကျန်ရစ်သည်ကို သတိချပ်စေလိုပါ သည်။)

(အဝိနိဗ္ဘောဂရုပ်ဆိုသည်မှာ တခုစီခွဲခြား၍မရဘဲ တပေါင်း တည်း ဖြစ်သော ရုပ်ကိုခေါ်ပါသည်၊ ထိုရုပ်များမှာ (၁) ပထဝီ (၂) အာပေါ (၃) တေဇော (၄) ဝါယော (၅) ဝဏ္ဏ (၆) ဂန္ဓ (၇) ရသနှင့် (၈) ဩဇရုပ်များဖြစ်ကြပါသည်။)

## ရှင်းလင်းချက်

**ကမ္မဇ**ဝတ္ထု-ကလာပ်တွင် (၁) စက္ခုဝတ္ထု (၂) သောတ ဝတ္ထု (၃) ဃာနဝတ္ထု (၄) ဇိဝှါဝတ္ထုနှင့် (၅) ကာယဝတ္ထု တို့ကို ဖော်ပြထားခြင်းမှာ ဓမ္မသင်္ဂဏီပါဠိတော်နှင့် ခန္ဓဝိဘင်း ပါဠိတော်များနှင့်အညီ ဖြစ်ပါသည်။

ကမ္မဇဝတ္ထု ငါးမျိုးစလုံးကို ပဋိသန္ဓေအခါမှ စ၍ဖြစ် သည်ဟု ဖော်ပြခြင်းမှာ ပဋ္ဌာန်းပါဠိတော် ကမ္မပစ္စည်းနှင့် အညီ ဖြစ်ပါသည်။

ထိုကမ္မဇဝတ္ထု ငါးမျိုးအနက်-ကာယဝတ္ထုနှင့် ကျန်ရှိသော စက္ခုဝတ္ထု, သောတဝတ္ထု, ဃာနဝတ္ထု, ဇိဝှါဝတ္ထုတို့ကို နှစ်ဌာန ခွဲ၍ ဖော်ပြခြင်းမှာ—

(က) ကာယဝတ္ထုသည် ပဋိသန္ဓေစိတ်နှင့် တပြိုင်နက်ဖြစ်၍ (အကြည်ဓာတ်) နှင့်လည်း တပါတည်း ပြည့်စုံခြင်းကြောင့် သီးခြားဖော်ပြရပါသည်။

(ခ) ကျန်ရှိသော စက္ခုဝတ္ထု, သောတဝတ္ထု, ဃာနဝတ္ထုနှင့် ဇိဝှါဝတ္ထုတို့မှာ ပဋိသန္ဓေစိတ်နှင့် တပြိုင်တည်း မျိုးစေ့ဖြစ်ကြသော်လည်း (အကြည်ဓာတ်) များမှာ သက်ဆိုင်ရာအကြောင်းတရားတို့နှင့် ညီညွတ်ပြည့်စုံသောအခါမှသာ ဖြစ်ပေါ်ကြသဖြင့် ယင်းဝတ္ထုလေးမျိုးကို သီးခြားဖော်ပြခြင်း ဖြစ်ပါသည်။

**မှတ်ချက်။** ။စက္ခု, သောတ, ဃာန, ဇိဝှါဝတ္ထုတို့ဖြစ်ပေါ်ခြင်းနှင့် စပ်လျဉ်း၍ အဋ္ဌကထာနှင့် ဋီကာဆရာတို့ အယူအဆ ကွဲပြားကြပုံကို အထက်တွင် အမြွက်မျှ ဖော်ပြခဲ့ပေပြီ၊ ထိုကျမ်းများ၌ ယင်းဝတ္ထုရုပ် လေးမျိုးတို့သည် ကမ္မဇရုပ်များဖြစ်၍ ပဋိသန္ဓေအခါမှ စလျက် မျိုးစေ့ဖြစ်ခဲ့ခြင်းကိုဎင်း, ပဋိသန္ဓေနောင်အခါတွင် အကြည်ဓာတ်နှင့် ပြည့်စုံကြပုံကိုဎင်း ကာလနှစ်ပါး ခွဲခြား၍ မပြကြချေ။

ထိုကဲ့သို့ကာလနှစ်ပါးကို ခွဲခြားမှုမပြုမိကြသောကြောင့်ပင် ပဋိသန္ဓေကမ္မဇရုပ်များ ဖြစ်ကြသော စက္ခု, သောတ, ဃာန, ဇိဝှါဝတ္ထုရုပ်လေးမျိုးသည် ပဋိသန္ဓေ အခါမှစ၍ မျိုးစေ့ဖြစ်ကြသော ဝတ္ထုကလာပ်များအတွင်းမှ စာရင်းပျောက်လျက် ယင်းကမ္မဇဝတ္ထု ရုပ်များ၏ နေရာတွင် မြတ်စွာဘုရား

မဟောသော (ဟဒယဝတ္ထုရုပ်) က နေရာဝင်၍ ယူနိုင်ခြင်းဖြစ်တန်ရာပေသည်။

## ပဋိသန္ဓေစိတ်

ယခုအခါတွင် ဂဗ္ဘသေယျက သတ္တဝါ၏ ပဋိသန္ဓေခဏ၌ ဖြစ်ပေါ်သော စိတ်၏ အကြောင်းကို ဝေဘန်ဆွေးနွေးရပါသည်။

ထိုပဋိသန္ဓေစိတ်တို့မှာ (၁) မဟာဝိပါက်စိတ် ရှစ်ခု (၂) အဟိတ်ကုသလဝိပါက်သန္တီရဏစိတ်နှင့် (၃) အကုသလဝိပါက်သန္တီရဏစိတ်များ ဖြစ်ပါသည်၊ ယင်းစိတ်များမှာလည်း ဝိပါက်စိတ်များဖြစ်ကြ၍ အကျိုးတရားများ ဖြစ်ပါသည်။

အထက်ပါ ဂဗ္ဘသေယျကပဋိသန္ဓေစိတ် (၁၀)တွင် ရူပပဋိသန္ဓေစိတ် (၅) နှင့် အရူပပဋိသန္ဓေစိတ် (၄)ကို ပေါင်း၍ ပဋိသန္ဓေစိတ် (၁၉)ဖြစ်ပါသည်။

ဝိပါက်စိတ်တို့နှင့်စပ်၍ ဒုတိယမြို့ပြင်ကြီး ဆရာတော်ဘုရား၏ အဘိဓမ္မတ္ထသရူပဒီပကကျမ်း (ပဌမတွဲ) စာမျက်နှာ (၂၆၇) ၌ ပါရှိသည်တို့မှ ကောက်နုတ်ဘော်ပြ အပ်ပါသည်။

## ဝိပါက်စိတ်မည်ပုံကိုပြခြင်း

"ဝိပါက်စိတ်ဟူသည် အဘယ်နည်း၊ အဘယ်သည် ဝိပါက်မည်ပါ သနည်းဟူမူ- စက္ခုဝိညာဏ်စသော အဟိတ် ဝိပါက်တဆယ့်ငါးခု၊ မဟာဝိပါက် ရှစ်ခု၊ မဟဂ္ဂုတ်ဝိပါက်ကိုးခု၊ ဖိုလ်စိတ် လေးခုအားဖြင့် စိတ်သုံးဆယ့်ခြောက်ခုသည် ဝိပါက်မည်သည်-ဟူလေ"။

"ဤစိတ် သုံးဆယ့်ခြောက်ခုသည် အဘယ်ကြောင့် ဝိပါက်မည်သနည်းဟူမူ အပြစ်နှင့်တကွ ဖြစ်ခြင်း အပြစ် ကင်းခြင်း သဘောအားဖြင့်၎င်း, ဆင်းရဲခြင်းဟူသော မကောင်းကျိုးကို ပေးခြင်း- ချမ်းသာခြင်း ဟူသော ကောင်းကျိုးကို ပေးခြင်း သဘော အားဖြင့်၎င်း အချင်းချင်း တပါးသည်တပါးနှင့် ဆန့်ကျင်ဘက် ဖြစ်သော သဘောမတူ ထူးခြားဝေးကွာသော အကုသိုလ်, ကုသိုလ်တို့၏ အကျိုးဖြစ်သောကြောင့် ဝိပါက် မည်သည်-ဟူလေ"။

ဝိပါက်စိတ်နှင့် စပ်လျဉ်း၍ လယ်တီဆရာတော် ဘုရား၏ ပရမတ္ထ ဒီပနီဋီကာ ပုစ္ဆာအဖြေကျမ်းမှ ဆက်လက်၍ ကောက်နုတ် ဘော်ပြရသော် (စာမျက်နှာ ၁၂၆-၁၂၇)။

## ဝိပါက် မည်ခြင်း

"ဝိပါက်မည်ခြင်းကား စိတ်သန္တာန်၌ဖြစ်သော စေတနာ တည်းဟူသော ကံသည် ဘင်ခဏနှင့် ချုပ်သည်ရှိသော် တခုသော အခြင်းအရာကို ထိုစိတ်သန္တာန်၌ ထား၍ ချုပ်သည်၊ ထိုအခြင်းအရာကို အာဟိတဝိသေသလည်း ခေါ်သည်၊ ဗီဇ ဘာဝလည်း ခေါ်သည်၊ ထိုဗီဇဘာဝသည် အကြင်မျှလောက် ပရမတ္ထဓမ္မ အသီးဖြစ်၍ မပေါ်သေး၊ ထိုမျှလောက် ထိုစိတ် သန္တာန်တွင် အစဉ်လိုက် ရော၍သာ နေ၏၊ ကုသိုလ်, အကုသိုလ်, ဝိပါက်, ကြိယာအားလုံးနှင့်ပင် မခြားမနား ရောနိုင်၏"။

"ဗဟိဒ္ဓသန္တာန်မှရင့်ရန် အကြောင်းနှင့်တိုက်ဆိုင်မိသောအခါ ထိုဗီဇသတ္တိသည် ပရမတ္ထအသီးဖြစ်၍ ပေါ်ပေမူ ထိုပရမတ္ထကို

" ဝိပစ္စတိ ပရိဏတဘာဝံ ဂစ္ဆတီတိ ဝိပါကော " ဟူသော အနက်နှင့် ဝိပါက်ခေါ်ပေသတည်း။ ဝိပစ္စတိ၊ ရင့်တတ်၏။ဣတိ- တသ္မာ၊ ထို့ကြောင့်၊ ဝိပါကော၊ ဝိပါကမည်၏၊ ပရမတ္ထဓမ္မ အသီးအခြားအနေနှင့် မပေါ်သေးသမျှကာလပတ်လုံး နုသော အခိုက်ဖြစ်ခဲ့၍ ဝိပါက်မဆိုရ၊ ကမ္မဇရုပ်တရားများသည်မူကား ထိုဗီဇဓာတ်မှဆက်လက်ဖြောင့်တက်၍ ဖြစ်ပေါ်သည်မဟုတ်၊ ဗီဇ ဓာတ်၏ အရှိန်အဝါကြောင့် ဝိပါက်ဓာတ်၏ အခြံအရံ အသုံး အဆောင်အလို့ငှာ ဖြစ်ပေါ်လာသော အာနိသံသ ဖလ ကစ္စ သာတည်း၊ ထို့ကြောင့် နုသည်, ရင့်သည်ဟု ဆိုခွင့် မရှိ၍ ဝိပါက် မခေါ်ရ"။

## ပဋ္ဌာနုဒ္ဒေသဒီပနီ

လယ်တီဆရာတော်ဘုရားကပင် ပဋ္ဌာန်းပါဠိတော်ကိုဖွင့်သော ပဋ္ဌာနုဒ္ဒေသဒီပနီ နိဿယ၌ ရေးသားသည်များမှ အောက်တွင် ကောက်နုတ် ဖော်ပြလိုက်ပါသည်။

"ဆတ္တိံသဝိဓာ၊ သုံးဆယ့်ခြောက်ပါးအပြားရှိသော၊ ဝိပါက ဘူတာ၊ အကျိုးဝိပါက်ဖြစ်ကုန်သော။ သဟဇာတစိတ္တစေတသိ- ကာ၊ သမ္ပယောဂလက္ခဏာ လေးပါးတို့နှင့်တကွ ဖြစ်ကုန်သော စိတ်,စေတသိက်ဖြစ်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ ဝိပါက- ပစ္စယော၊ဝိပါကပစ္စည်းမည်၏။တေယေဝ၊ထိုဝိပါက်စိတ်ဆတ္တိံသ, စေတသိက် အဋ္ဌတိံသ ဖြစ်ကုန်သော တရားတို့သာလျှင်။အည- မညဥ္စ၊ အချင်းချင်းသည်၎င်း။ ပဋိသန္ဓိက္ခဏေ၊ ပဋိသန္ဓေခဏ၌။ ကမ္မဇရူပါနိစ၊ ကမ္မဇရုပ်တို့သည်၎င်း။ ပဝတ္တိက္ခဏေ၊ ပဝတ္တိ

အခါ၌။ ဝိပါကစိတ္တဇာတာနိ၊ ဝိပါက်စိတ်သည် ဖြစ်စေအပ်ကုန်သော။ စိတ္တဇရူပါနိစ၊စိတ္တဇရုပ်တို့သည်၎င်း။ ဝိပါကပစ္စယုပ္ပန္နာ၊ ဝိပါကပစ္စည်း၏ ပစ္စယုပ္ပန်တရား မည်ကုန်၏"။

ဤ၌တွင် ပဋိသန္ဓေစိတ်ဟု ဆိုအပ်သော ဝိပါက်စိတ်တို့၏သတ္တိကို ပေါ်လွင်စေလေပြီဟု သဘောရပါသည်။

ယခုအခါ၌ ထိုထိုပဋိသန္ဓေစိတ်နှင့် ပဋိသန္ဓေကမ္မဇရုပ်များ၏ ဆက်ဆံပုံအခြင်းအရာများကို ဆက်လက်တင်ပြလိုပါသည်။

## အညမညပစ္စည်း

ပဋ္ဌာန်းပါဠိတော် အညမညပစ္စည်း၌ပါရှိသော သဘောသွားကို(အဘိဓမ္မာပိဋကအ ချင်းချင်းဖြစ်သော)ဓမ္မသင်္ဂဏီပါဠိတော်နှင့် လိုက်လျောညီစွာ အနက်သမ္ဗန်သည်ရှိသော်—

အညမညပစ္စယောတိ၊ အညမညပစ္စည်းဟူသည်ကား—

"စတ္တာရော၊ လေးပါးကုန်သော။ အရူပိနော၊ နာမ် ဖြစ်ကုန်သော။ ခန္ဓာ၊ ဝေဒနာက္ခန္ဓာ,သညာက္ခန္ဓာ,သင်္ခါရက္ခန္ဓာ,ဝိညာဏက္ခန္ဓာတို့သည်။ အညမည ပစ္စယေန၊ အချင်းချင်းအပြန်အလှန် အညမညပစ္စယသတ္တိဖြင့်။ ပစ္စယော-ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏"။

"စတ္တာရော၊ လေးပါးကုန်သော။ မဟာဘူတာ၊ မဟာဘုတ်လေးပါးတို့သည်။ အညမည ပစ္စယေန၊ အချင်းချင်း အပြန်အလှန် အညမည ပစ္စယသတ္တိဖြင့်။ ပစ္စယော-ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏"။

"ဩက္ကန္တိက္ခဏေ၊ ပစ္ဆေဝါကာရ ပဋိသန္ဓေခဏ၌။ နာမရူပံ၊ ပဋိသန္ဓေစိတ်ဖြစ်သော နာမ်ခန္ဓာနှင့် ပဋိသန္ဓေ ကမ္မဇရုပ် တို့သည်။ အညမည ပစ္စယေန၊ အချင်းချင်း အပြန်အလှန် အညမညပစ္စယသတ္တိဖြင့်။ ပစ္စယော—ဥပကာရကော၊ ကျေးဇူး ပြုတတ်သည်။ ဟောတိ၊ ဖြစ်၏"။

## ရှင်းလင်းချက်

အထက်တွင် (နာမရူပံ) ဆိုသောပုဒ်ကို (ပဋိသန္ဓေ နာမ် ခန္ဓာနှင့် ဟဒယဝတ္ထုရုပ်)တို့အား ကောက်ယူခြင်းမပြုဘဲ (ပဋိ-သန္ဓေ နာမ်ခန္ဓာနှင့် (ပဋိသန္ဓေကမ္မဇရုပ်)တို့အား ကောက်ယူ ခြင်း၏ အကြောင်းရင်းကို ဤစာအုပ်တွင် (ရုပ်ကလာပ်ဖွဲ့ပုံ) ခေါင်းစဉ်အောက်၌ အကျယ်ရှင်းခဲ့ပါပြီ၊ ယခုစာအုပ်ကို အစ အဆုံး ဘတ်ရှုပြီးသော အခါ ဤပြဿနာ ပြေလည် ကြေပ သွားပါလိမ့်မည်။

ဤပါဠိတော်အရ ဂဗ္ဘသေယျကသတ္တဝါတို့၌ ပဋိသန္ဓေအခါ တွင် ပဋိသန္ဓေဝိပါက်ဝိညာဏ်သည် ပဋိသန္ဓေကမ္မဇရုပ်တို့ကိုမှီ၍ ဖြစ်သည်လည်းမဟုတ်၊ ပဋိသန္ဓေကမ္မဇရုပ်တို့သည်လည်း ပဋိသန္ဓေ ဝိပါက်ဝိညာဏ်ကိုမှီ၍ ဖြစ်ခြင်းလည်း မဟုတ်မူ၍ တပြိုင်နက် ဥပါဒ်ကြလျက် အချင်းချင်း အပြန်အလှန် အထောက်အကူ ပြုခြင်းသဘောဖြင့် ကျေးဇူးပြုပါသည်။

**မှတ်ချက်။** ။အထက်ပါ စာပိုဒ်များ၌ ပဋိသန္ဓေကမ္မဇရုပ် ကို ကောက်ယူခြင်းမှာ ကမ္မပစ္စည်းနှင့် အညီ ဖြစ်ပါသည်။

ပဋိသန္ဓေစိတ်သည် ခဏငယ် သုံးချက်မျှသာ အသက်ရှည်သဖြင့် ချုပ်သောအခါ ပဋိသန္ဓေနောင် ပဌမ-ဘဝင်စိတ် ဖြစ်ပေါ်ပါသည်၊ ထိုဘဝင်စိတ်မှစ၍ (ဝီထိ) စိတ် မဖြစ်မချင်း ဘဝင်စိတ်များ၏ ဖြစ်ချည်ပျက်ချည်သဘောကို ဘဝင်အယဉ်ဟု ဆိုပါသည်၊ (ဝီထိ)စိတ်များမှာ ထိုဘဝင်အယဉ်မှပင် (ထ)ကြရသည်ဖြစ်၍ (ဝီထိ) စိတ် အစဉ်ကုန်ဆုံးသောအခါ ဘဝင်အယဉ်သို့ ပြန်၍ သက်သည်ဟု ဆိုရိုးပြုကြပါသည်။

## ဌာန, ဒွါရနှင့်စိတ်

စိတ်ဖြစ်ရာဌာန၏ အကြောင်းကို ရှေ့၌ရေးခဲ့ပြီးပါပြီ၊ထိုဌာနတို့မှာ (၁) မြင်သိစိတ်ဖြစ်ရာဌာန စက္ခာယတနရုပ် (စက္ခုပသာဒ)၊ (၂) ကြားသိစိတ် ဖြစ်ရာဌာန သောတာယတနရုပ် (သောတပသာဒ)၊ (၃) နံစိတ်ဖြစ်ရာဌာန ဃာနာယတနရုပ် (ဃာနပသာဒ)၊ (၄) လျက်သိစိတ် ဖြစ်ရာဌာန ဇိဝှါယတနရုပ် (ဇိဝှါပသာဒ)၊ (၅) ထိသိစိတ်ဖြစ်ရာဌာန ကာယာယတနရုပ် (ကာယပသာဒ)၊ (၆) သိမှုသဘော ဖြစ်ရာဌာန မနာယတန (ဘဝင်အကြည်)နာမ်တရား။

နာမ်တရားတို့၏ဖြစ်ကြောင်းတံခါးကို (ဒွါရ) ဟုခေါ်ပါသည်၊ သည်၊ ထိုဒွါရများမှာ– (၁) မြင်သိစိတ် ဖြစ်ကြောင်းတံခါး (စက္ခုဒွါရ)၊ (၂) ကြားသိစိတ်ဖြစ်ကြောင်းတံခါး (သောတဒွါရ)၊ (၃) နံသိစိတ် ဖြစ်ကြောင်းတံခါး (ဃာနဒွါရ)၊ (၄) လျက်သိစိတ် ဖြစ်ကြောင်းတံခါး(ဇိဝှါဒွါရ)၊ (၅) ထိသိ

စိတ်ဖြစ်ကြောင်းတံခါး (ကာယဒွါရ)၊ (၆) သိမှုသဘော ဖြစ်ကြောင်းတံခါး (မနောဒွါရ)။

**မှတ်ချက်။** ။အရှင်ဇနကာဘိဝံသ ဆရာတော်ဘုရား၏ သင်္ဂြိုဟ်ဘာသာဋီကာ စာမျက်နှာ (၁၈၈-၅၉၄-၅၉၅)တို့၌ အာဝဇ္ဇန်းစိတ်, ဘဝင်စိတ်, မနာယတနနှင့် မနောဓာတ်များကို (မနောဒွါရ)ဟု ကောက်ယူကြောင်းဖြင့် အကျယ်ဘော်ပြပါသည်။

ယခုဆက်၍ အရှင်ဇနကာဘိဝံသဆရာတော်ဘုရား၏သင်္ဂြိုဟ်ဘာသာဋီကာ၌ စိတ္တုပ္ပါဒ်အဖွင့်ကို ဘော်ပြပါမည်။ (စာမျက်နှာ ၁၁)

"အာရမ္မဏံ စိန္တေတီတိ စိတ္တံ၊ ဝိဇာနာတီတိ အတ္ထော" အာရမ္မဏံ၊ အာရုံကို။ စိန္တေသိ၊ သိတတ်၏။ ဣတိ၊ ထို့ကြောင့်။ စိတ္တံ၊ စိတ္တမည်၏။ ဝိဇာနာတိ၊ သညာ,ပညာတို့သိပုံမှ ထူးခြား၍ တမျိုးအားဖြင့် သိတတ်၏။ ဣတိအတ္ထော၊ ဤကား စိန္တေတိ ဟူသော ဝစနတ္ထ၏ အနက်တည်း။ ခွဲဦးအံ့၊ အာရုံကို သိရာ၌ သညာသိ, ပညာသိ,ဝိညာဏ်သိဟု ကွဲပြားလျက်ရှိ၏၊ မှားသည်ဖြစ်စေ, မှန်သည်ဖြစ်စေ မှတ်သိရုံသာ သိခြင်း (မှတ်သိခြင်း) သည် သညာသိတည်း၊ အမှားမရှိ အမှန်အတိုင်း ထိုးထွင်း၍သိခြင်းသည် ပညာသိတည်း၊ အာရုံတခုခုကိုရအောင် ယူခြင်းသည် ဝိညာဏ်သိတည်း၊ "ဇာနန်နာမ ဥပလဒ္ဓိ"။ဇာနန်နာမ၊ဝိညာဏ်၏ သိခြင်းမည်သည်။ ဥပလဒ္ဓိ၊ အာရုံကိုရခြင်းတည်း"။

## သံယုတ်ပါဠိတော် ဘာသုတ်

ဝိညာဏ်နှင့်စပ်၍ မြတ်စွာဘုရား ဟောကြားတော်မူသော နိဒါနဝဂ္ဂသံယုတ် ပါဠိတော် ဘင်သုတ်မှ ကောက်နုတ်တော်ပြ အပ်ပါသည်။ (ဆဋ္ဌမူ မြန်မာဘာသာပြန် စာမျက်နှာ ၂၃၀)

"ရဟန်းတို့....သိမှု "ဝိညာဏ်"ဟူသည် အဘယ်နည်း၊ ရဟန်း တို့....သိမှု "ဝိညာဏ်"အပေါင်းတို့သည် မျက်စိကိုမှီ၍သိမှု "စက္ခု ဝိညာဏ်" နားကိုမှီ၍သိမှု "သောတဝိညာဏ်" နှာခေါင်းကို မှီ၍သိမှု "ဃာနဝိညာဏ်"လျှာကိုမှီ၍သိမှု ဇိဝှါဝိညာဏ်" ကိုယ် ကို မှီ၍သိမှု "ကာယဝိညာဏ်"စိတ်ကိုမှီ၍သိမှု "မနောဝိညာဏ်"၊ ဤခြောက်ပါးတို့တည်း"။

"ရဟန်းတို့"....ဤတရားခြောက်ပါးကို သိမှုဝိညာဏ်"ဟု ဆို အပ်၏။

အချုပ်အားဖြင့် ဆိုရသော်—

(၁) ပဉ္စဝိညာဏ်စိတ်များသည် ပစ္စုပ္ပန်၌ဖြစ်သော အဆင်း, အသံ,အနံ့,အရသာ,အတွေ့အထိ တည်းဟူသော ပဉ္စာရုံကို အာရုံ ပြုလျက် မျက်စိ,နား,နှာခေါင်း,လျှာ,ကိုယ်တည်းဟူသော ဝတ္ထု ရုပ်များကိုမှီ၍ ပဉ္စဒွါရ၌ဖြစ်၏။

(၂) ဘဝင်စိတ်သည် အတိတ်၌ဖြစ်သော ကံအာရုံ, ကမ္မ နိမိတ်အာရုံ, ဂတိနိမိတ်အာရုံ တခုခုကို အာရုံပြုလျက် (ဇီဝိတ ရုပ်)ကိုမှီ၍ မနောဒွါရ၌ဖြစ်၏။

(၃) မနောဝိညာဏ်စိတ်သည် (ပဉ္စဝိညာဏ်များ အာရုံပြုသော ပဉ္စာရုံတို့အပြင်) အတိတ်,ပစ္စုပ္ပန်,အနာဂတ် ကာလများနှင့်ရှင်း၊ ကာလသုံးပါးမှ အလွတ်ဖြစ်သော အာရုံများနှင့်ရှင်း (ဓမ္မာရုံ) အာရုံ(၆)ပါးစလုံးကို အာရုံပြုလျက် (ဘဝင်စိတ်ကို မှီ၍)မနောဒွါရ၌ ဖြစ်ကြပါသည်။

**မှတ်ချက်**။ ။မနောဝိညာဏ်သည် (ဘဝင်စိတ်)ကို မှီသည် ဆိုရာ၌ အာဝဇ္ဇန်းစိတ် ခြားနေသည်ဖြစ်သောကြောင့် သင့်ပါမည်လောဟူမှု-သင့်ပါ၏။

ဤကိစ္စကို အရှင်ဇနကာဘိဝံသ၏ သင်္ဂြိုဟ်ဘာသာဋီကာ၌ အကျယ်ရှင်းလင်းထားသည့်အနက်မှ ကောက်နုတ်၍ ဘော်ပြပါအံ့။ (စာမျက်နှာ ၁၈၈)

"ပဋိစ္စာတိ(နာမ)အာဂတဋ္ဌာနေ မနဉ္စ ပဋိစ္စဓမ္မေစ ဥပ္ပဇ္ဇတိ စိတ္တံ" ကဲ့သို့ ပဋိစ္စဟူသော နာမည်ဖြင့် လာရာ ပါဠိရပ်၌ အာဝဇ္ဇနံ၊ ဘဝင်နောက်က အာဝဇ္ဇန်းကို။ဝသံ၊ သီးခြား။ နကာတဗ္ဗံ၊မပြုထိုက်။ ဘဝင်္ဂနိဿိတမေဝ၊ ဘဝင်၌မှီသည်ကိုသာလျှင်။ ကာတဗ္ဗံ၊ ပြုထိုက်၏။ ဣတိ၊ ဤသို့ (မဟာဓမ္မရက္ခိတထေရ်) ဆို၏။ ထို့ကြောင့်။ဣဓ၊ဤ|မနဉ္စပဋိစ္စဟူသော ပါဠိ၌။သဟာဝဇ္ဇနကံ၊အာဝဇ္ဇန်းနှင့်တကွဖြစ်သော။ ဘဝင်္ဂံ၊ ဘဝင်သည်။ မနောတိ၊ မနမည်၏"။

"ဤအဋ္ဌကထာ၌ အာဝဇ္ဇန်းနှင့်တကွ ဘဝင်ကို"မနောဒွါရ" ဟုခေါ်၏၊ ဆိုလိုရင်းကား ဇောတည်းဟူသော မနောဝိညာဏ်စိတ်များဖြစ်ဘို့ ဘဝင်စိတ်ကလည်း ကျေးဇူးပြု၏၊ မနောဒွါရ

ဝဇ္ဇန်းကလည်း ကျေးဇူးပြု၏၊ ထို့ကြောင့် "မနဒွါပဋိစ္စ-မနကို စွဲမှီ၍ မနောဝိညာဏ်ဖြစ်သည်"ဟု ဆိုရာ၌(မန)အရ အာဝဇ္ဇန်းနှင့်တကွ ဘဝင်စိတ်ကို ယူရမည်ဟူလို"။

ဘဝင်စိတ်နှင့် စပ်လျဉ်း၍ (အင်္ဂုတ္တရနိကာယ်ဝင် သုတ္တန်ပိဋကက အင်္ဂုတ္တိုရ်ပါဠိတော် မြန်မာပြန် ဧကကနိပါတ် ပဏိဟိတအစ္ဆဝဂ် အဠမနှင့် နဝမသုတ်များ၌)ပါရှိသည်များကို အောက်၌ဘော်ပြလိုက်ပါသည်။

## အင်္ဂုတ္တရနိကာယ် ဧကကနိပါတ်
## အဠမသုတ်

"ရဟန်းတို့....ဤ(ဘဝင်)စိတ်သည် ပြိုးပြိုးပြက်ပြက် တောက်ပ၏၊ ထိုစိတ်သည်ပင် (အကုသိုလ်ဇောခဏ၌) ညှော်သည်သဘွယ်ဖြစ်ကုန်သော ညစ်ညူးကြောင်း ကိလေသာတို့ကြောင့် ညစ်ညူးရ၏ဟု (မိန့်တော်မူ၏)"။

## နဝမသုတ်

"ရဟန်းတို့....ဤ(ဘဝင်) စိတ်သည် ပြိုးပြိုးပြက်ပြက်တောက်ပ၏၊ ထိုစိတ်သည်ပင် (ကုသိုလ်ဇောခဏ၌) ညှော်သည် သဖွယ်ဖြစ်ကုန်သော ညစ်ညူးကြောင်း ကိလေသာတို့မှ ကင်းလွတ်၏ဟု(မိန့်တော်မူ၏)"။

**မှတ်ချက်။** ။ဤပါဠိတော်များမှာ ကုသိုလ်, အကုသိုလ် (ဇောစိတ်)များသည် (ဘဝင်) စိတ်တို့မှ (ထ) ခြင်းကို ပြဆိုသော ပါဠိတော်များဖြစ်ကြပါသည်။

## မဟာတဏှာသင်္ခယသုတ်

ယခုဆက်လက်၍ မူလပဏ္ဏာသပါဠိတော် မြန်မာပြန် မဟာယမကဝဂ် မဟာတဏှာသင်္ခယသုတ်၌ သာတိမည်သောရဟန်း၏ ဝိညာဏ်နှင့် စပ်၍၊ မြတ်စွာဘုရား မဟောသည်ကို မြတ်စွာဘုရား ဟောသည်ဟု အယူရှိသည်ကို အကြောင်းပြု၍ ဘုရားကိုယ်တော်မြတ် မိန့်တော်မူသော စကားတော်များမှ ကောက်နုတ်၍ ဘော်ပြပါဦးအံ့။

"(မင်္ဂဖိုလ်မှ)အချည်းနှီးဖြစ်သော ယောကျ်ား....အဘယ်မည်သောသူအား ငါ့ကြို့သို့တရားဟောအပ်သည်ကို သင်သိသနည်း၊ (မင်္ဂဖိုလ်မှ)အချည်းနှီးဖြစ်သော ယောကျ်ား....ငါသည်"ဝိညာဏ်သည် အကြောင်းကိုစွဲ၍ ဖြစ်၏၊ အကြောင်းကိုကြဉ်၍ ဝိညာဏ်ဖြစ်ခြင်းသည် မရှိ"ဟုများစွာသော အကြောင်းဖြင့် ဟောကြားသည်မဟုတ်လော၊(မင်္ဂဖိုလ်မှ)အချည်းနှီးဖြစ်သောယောကျ်ား.... ထိုသို့ဟောထားပါလျက် သင်သည် မိမိ၏အမှားကို ယူဆခြင်းဖြင့် ငါ့ကိုလည်းစွပ်စွဲ၏၊ မိမိကိုယ်ကိုလည်း ဖျက်၏၊ များစွာသော မကောင်းမှုကိုလည်း ဖြစ်ပွားစေ၏၊(မင်္ဂဖိုလ်မှ)အချည်းနှီးဖြစ်သော ယောကျ်ား....ထိုအမှားကို ယူဆခြင်းသည် သင့်အား ရှည်ကြာစွာသော ကာလပတ်လုံး အစီးအပွားမဲ့ခြင်း၊ ဆင်းရဲခြင်းငှာ ဖြစ်လတ္တံ့ဟု(မိန့်တော်မူ၏)"။

"ရဟန်းတို့ .... အကြင်အကြင် အကြောင်းကိုသာလျှင်စွဲ၍ သိမှုဝိညာဏ် ဖြစ်ပေါ်လာ၏၊ ထိုထို အကြောင်းဖြင့်သာလျှင် ဝိညာဏ်ဟု ခေါ်ဝေါ်ခြင်းသို့ ရောက်၏၊ မျက်စိနှင့်အဆင်းတို့ကို

စွဲ၍ သိမှုဝိညာဏ်ဖြစ်ပေါ်လာ၏၊ မျက်စိသိဟူ၍သာလျှင် ခေါ်ဝေါ်ခြင်းသို့ ရောက်၏၊ နားနှင့်အသံတို့ကိုစွဲ၍ သိမှုဝိညာဏ် ဖြစ်ပေါ်လာ၏။ပ။ နှာခေါင်းနှင့် အနံ့တို့ကိုစွဲ၍ သိမှုဝိညာဏ် ဖြစ်ပေါ်လာ၏။ပ။ လျှာနှင့် အရသာတို့ကိုစွဲ၍ သိမှုဝိညာဏ် ဖြစ်ပေါ်လာ၏။ပ။ ကိုယ်နှင့် အတွေ့အထိတို့ကိုစွဲ၍ သိမှုဝိညာဏ်ဖြစ်ပေါ်လာ၏။ပ။ (အာဝဇ္ဇန်းနှင့်တကွ ဘဝင်) စိတ်နှင့် သဘာဝဓမ္မများကိုစွဲ၍ သိမှုဝိညာဏ်ဖြစ်ပေါ်လာ၏၊ စိတ်သိဟူ၍ သာလျှင် ခေါ်ဝေါ်ခြင်းသို့ရောက်၏"။

## အနာထပိဏ္ဍိကောဝါဒသုတ်

ဥပရိပဏ္ဏာသပါဠိတော် အနာထပဏ္ဍိကောဝါဒသုတ်၌လည်း အောက်ပါအတိုင်း ဟောကြားပါရှိ၏၊ "သူဌေး....ထို့ကြောင့် သင်သည် ဤသို့ကျင့်ရမည်၊ စက္ခုပသာဒကို ငါမစွဲလမ်းအံ့၊ စက္ခုပသာဒကို မှီ၍ဖြစ်သော ဝိညာဏ်သည်လည်း ငါ့အားမဖြစ်လတ္တံ့ဟု သင်သည် ဤသို့လျှင်ကျင့်ရမည်။ပ။ သောတပသာဒကို မှီ၍ဖြစ်သော ဝိညာဏ်သည်လည်း ငါ့အား မဖြစ်လတ္တံ့။ပ။ ဃာနပသာဒကို မှီ၍ဖြစ်သော ဝိညာဏ်သည်လည်း ငါ့အားမဖြစ်လတ္တံ့။ ပ။ ဇိဝှါပသာဒကို မှီ၍ဖြစ်သော ဝိညာဏ်သည်လည်း ငါ့အားမဖြစ်လတ္တံ့။ပ။ကာယပသာဒကို မှီ၍ဖြစ်သော ဝိညာဏ်သည်လည်း ငါ့အား မဖြစ်လတ္တံ့။ပ။ သူဌေး ....ထို့ကြောင့် သင်သည် ဤသို့ကျင့်ရမည်၊ မနောဒွါရကို ငါမစွဲလမ်းအံ့၊ မနောဒွါရကို မှီ၍ဖြစ်သော ဝိညာဏ်သည်လည်း ငါ့အားမဖြစ်လတ္တံ့ဟု သင်သည် ဤသို့ကျင့်ရမည်"။ (ဟာဒယဝတ္ထုသည်ဒွါရမဟုတ်။)

## လောကသမုဒယသုတ်

သဠာယတနသံယုတ်ပါဠိတော် လောကသမုဒယသုတ်၌လည်း "စိတ်ကိုလည်း, သဘောတရားကိုရင်း စွဲ၍ မနောဝိညာဏ် ဖြစ်ပေါ်လာ၏" ဟူ၍ပင် အထပ်ထပ် အခါခါ ဟောကြားထား၏။

## ဆဆက္ကသုတ်

ဥပရိပဏ္ဏာသပါဠိတော် သဠာယတနဝဂ် ဆဆက္ကသုတ်တွင်လည်း "ခြောက်ပါးသော ဝိညာဏ်အပေါင်းတို့ကို သိရမည် ဟူသော ထိုစကားကို အဘယ်ကိုစွဲ၍ ဆိုခဲ့ပါသနည်း" ၊စက္ခုဒွါရနှင့် ရူပါရုံကိုစွဲ၍ စက္ခုဝိညာဏ်သည်ဖြစ်၏၊ သောတဒွါရနှင့် သဒ္ဒါရုံကိုစွဲ၍ သောတဝိညာဏ်သည်ဖြစ်၏၊ ဃာနဒွါရနှင့် ဂန္ဓာရုံကိုစွဲ၍ ဃာနဝိညာဏ်သည်ဖြစ်၏၊ ဇိဝှါဒွါရနှင့် ရသာရုံကိုစွဲ၍ ဇိဝှါဝိညာဏ်သည်ဖြစ်၏၊ ကာယဒွါရနှင့် ဖောဋ္ဌဗ္ဗာရုံကို စွဲ၍ ကာယဝိညာဏ်သည်ဖြစ်၏၊ မနောဒွါရနှင့် ဓမ္မာရုံကိုစွဲ၍ မနောဝိညာဏ်သည်ဖြစ်၏၊ ခြောက်ပါးသော ဝိညာဏ် အပေါင်းကို သိရမည်ဟူသော ထိုစကားကို ဤဆိုခဲ့ပြီးသည်ကို စွဲ၍ ဆိုခဲ့၏၊ ဤကား တတိယဆက္ကတည်း" ဟု ဟောကြားတော်မူ၏။

အထက်ပါ သုတ္တန် ဒေသနာတော်များမှာ သိမှု (မနောဝိညာဏ်) ဖြစ်ပေါ်ပုံကို မြတ်စွာဘုရားသည် ရှင်းရှင်းပြတ်ပြတ်နှင့် အထပ်ထပ် ဟောကြားခဲ့သော စကားတော်များ ဖြစ်၍ အဘိဓမ္မာဒေသနာတော်နှင့်လည်း တသားတည်း ညီညွတ်နေသည်ကို လေ့လာသူတိုင်း တွေ့နိုင်ကြပါသည်၊ ဤဒေသနာတော်

များ အထင်အရှား တည်ရှိနေကြပါလျက် (သိမှု—မနော ဝိညာဏ်သည် ဟဒယဝတ္ထုကိုစွဲမှီ၍ဖြစ်သည်) ဆိုသော ဆန့်ကျင်ဘက်စကားအား ဗုဒ္ဓ ဝါဒီများက လက်ခံကြရန်မှာ အလွန်ပင် ဝန်လေးဘွယ်ရာရှိချေသည်။

မှတ်ချက်။ ။မနောဒွါရ ဟူသည်မှာ (ဘဝင်စိတ်)ကို ကောက်ယူရကြောင်းဖြင့် အထက်၌ ရှင်းလင်းရေးသားခဲ့ပါပြီ။

## ပဥ္စဝိညာဏ်နှင့်မနောဝိညာဏ်

ယခုတဘန် ပဥ္စဒွါရ၌ ဖြစ်ပေါ်ကြသော သိမှု (ပဥ္စဝိညာဏ်) တို့၏ သဘောကို တင်ပြလိုသည်မှာ ထိုဝိညာဏ်တို့သည် ရုပ်တရားနှစ်ခု၏ ထိခိုက်မှုမှ ဖြစ်ပေါ်ရသော တရားဖြစ်ခြင်းကြောင့် (စက်သဘောဆန်သည်)ဟု ဆိုနိုင်ပါသည်။

ဥပမာအားဖြင့် စက္ခုပသာဒရုပ်နှင့် ရူပါရုံ ရုပ်နှစ်ခုတို့၏ တွေ့ထိမှုမှ ပေါ်သော တရားသည် (စက္ခုဝိညာဏ် မြင်ကာမတ္တသဘော)ကိုသာ ဖြစ်ပေါ်စေနိုင်၍ အခြားသော အသိဉာဏ်မျိုးကို မဖြစ်ပေါ်စေနိုင်ပါ။

ထိုနည်းရင်းပင် နားနှင့်အသံ၊ နှာခေါင်းနှင့်အနံ့၊ လျှာနှင့်အရသာ၊ ကိုယ်နှင့် အထိအတွေ့များသည်လည်း ရုပ်တရားချင်း တွေ့ထိမှုသဘောများ ဖြစ်ခြင်းကြောင့် သက်ဆိုင်ရာ ဝိညာဏ်တမျိုးကိုသာ ဖြစ်ပေါ်စေနိုင်ကြသည်ဖြစ်၍ ဒဏ်သေ သဘောဖြစ်သည်ကို သတိပြုကြရန် ဖြစ်ပါသည်။

မနောဒွါရ၌ ဖြစ်ပေါ်ကြသော (သိမှု-မနောဝိညာဏ်)တို့မှာကား—နာမ်နှင့်ရုပ်တရားများသော်၎င်း, နာမ်တရားအချင်းချင်း

နှင့်သော်၎င်း, ပညတ်နှင့်သော်၎င်း, နိဗ္ဗာန်တရားနှင့်သော်၎င်း တွေ့ဆုံမှုမှ ပေါ်ကြသော တရားများ ဖြစ်ခြင်းကြောင့် စက် သဘောမှ လွတ်ကင်းသည်ဖြစ်၍ သတ္တိအမျိုးမျိုးပါသော အလွန့် အလွန် ထူးထွေများပြားသည့် (သိမှုသဘော–မနောဝိညာဏ်) တို့ကို ဖြစ်ပေါ်စေနိုင်ပါသည်။

## မိလိန္ဒပဉှာ

ထို့ကြောင့်ပင်လျှင် မိလိန္ဒပဉှာ အရူပဓမ္မဝဝတ္ထာနဒုက္ကရ ပဉှာ၌ မိလိန္ဒမင်း၏ မေးလျှောက်သည်ကို အသျှင်နာဂသေန မထေရ်က အောက်ပါအတိုင်း ဖြေကြားထားသည်ကို တွေ့ရပါ သည်။

"မိလိန္ဒမင်းသည်" အသျှင်ဘုရား နာဂသေန....မြတ်စွာဘုရား ပြုလုပ်ခဲ့သော ခဲယဉ်းသောအရာ ရှိအပ်သလော" ဟု မေး လျှောက်၏။

"နာဂသေနမထေရ်သည် မင်းမြတ်....မြတ်စွာဘုရား ပြုလုပ်ခဲ့ သော ခဲယဉ်းသောအရာသည်ရှိ၏ဟု (မိန့်တော်မူ၏)၊ အသျှင် ဘုရား နာဂသေန....မြတ်စွာဘုရား ခဲယဉ်းစွာပြုခဲ့သော အရာ သည် အဘယ်ပါနည်းဟု လျှောက်၏၊ မင်းမြတ်....မြတ်စွာဘုရား သည် တခုတည်းသော အာရုံ၌ဖြစ်ကုန်သော နာမ်ဖြစ်ကုန်သော ဤစိတ်, စေတသိက်တရားတို့ကို ဤတရားသဘောကား ဖဿ တည်း၊ဤတရားသဘောကား ဝေဒနာတည်း၊ ဤတရားသဘော ကား သညာတည်း၊ ဤတရားသဘောကား စေတနာတည်း၊

ဤတရားသဘောကား စိတ်တည်းဟု ပိုင်းခြား ဝေဘန်လျက် ဟောကြားတော် မူရခြင်းသည် ခဲယဉ်းစွာ ပြုအပ်သော အရာ မည်၏ဟု (မိန့်တော်မူ၏)။ပ။"

ထို့ပြင် အသျှင်နာဂသေနမထေရ်က ဆက်လက်၍ သမုဒ္ဒရာ အတွင်းသို့ စီးဝင်ရောနှောကုန်ကြသော မြစ်အသွယ်သွယ်မှ ရေတို့ကို ပြန်လည်ခွဲခြားခြင်းပြုရန် ခဲယဉ်းသည်ထက် နာမ်တရားများ၏ ရောနှောခြင်းအား ပိုင်းခြားဘောဝန် ဟောပြောရန်မှာ များစွာပင် ပိုမိုခက်ခဲ နက်နဲကြောင်းကို ဥပမာနှင့်ပြ၍ ဖြေဆိုတော်မူပါသည်။

## စိတ်တို့၏မှီရာ

ယခုအခါတွင် ဘဝင်စိတ်သည် မှီ၍ဖြစ်သော တရားဖြစ်ပါသလော၊ အကယ်၍ မှီ၍ဖြစ်သော တရားဖြစ်ခဲ့သော် မည်သည့် တရားကို မှီ၍ ဖြစ်သည်ဆိုခြင်းအား စစ်ဆေးကြည့်ရှုရပါမည်။

ပဋိသန္ဓေ ကမ္မဇရုပ်နှင့် တပြိုင်နက်ဖြစ်သော ပဋိသန္ဓေစိတ်တို့သည် အချင်းချင်း အပြန်အလှန်(အညမည)သတ္တိဖြင့် ကျေးဇူးပြု၍ ဖြစ်ခြင်းကို ဘော်ပြခဲ့ပေပြီ။

ပဋိသန္ဓေစိတ်သည် ခဏာယ်သုံးချက်ပြည့်၍ ချုပ်သောအခါ ပဋိသန္ဓေနောင် ပဌမဘဝင်စိတ်မှစ၍ (ဘဝင်) စိတ်များ ဆက်၍ ဖြစ်ပုံနှင့် (ဝီထိ) စိတ်များသည် ဘဝင်စိတ်မှ(ထ) ရပုံများကိုလည်း ဘော်ပြခဲ့ပါပြီ။

ယခုအခါ၌ ပဋိသန္ဓေမှစ၍ စုတိသို့တိုင်အောင် ကမ္မဇရုပ်ကလာပ်များ၏ တိုးပွားခြင်းနှင့် ချုပ်ငြိမ်းခြင်းတို့ကို လေ့လာရန် လိုပါသည်။

ဂဗ္ဘသေယျက **သတ္တဝါ၏** ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏ၌ အများဆုံးဖြစ်နိုင်သော ကမ္မဇရုပ်ကလာပ်များမှာ (၇) စည်းဖြစ်ပါသည်၊ ၎င်းတို့မှာ (၁) ကာယဒသက ကလာပ်၊ (၂) ဘာဝဒသက ကလာပ်၊ (၃) စက္ခုဒသက ကလာပ်၊ (၄) သောတဒသက ကလာပ်၊ (၅) ဃာနဒသက ကလာပ်၊ (၆) ဇိဝှါဒသက ကလာပ်နှင့် (၇) ဇီဝိတနဝက ကလာပ်များ ဖြစ်ကြပါသည်။

ထိုကလာပ်များ၏ပွားဟန်မှာ—ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏ၌ ကမ္မဇကလာပ်(၇) စည်း၊ ဌီခဏ၌ နောက်ထပ်ပွားသော ကလာပ်နှင့်(၁၄) စည်း၊ ဘင်ခဏ၌(၂၁) စည်း အစရှိသဖြင့် ကမ္မဇရုပ်သက်(ခဏငယ် ၅၁-ချက်) စေ့သောအခါ ကမ္မဇ ရုပ်ကလာပ်ပေါင်း(၃၅၇)စည်း ဖြစ်ပါသည်၊ ထိုကမ္မဇရုပ်များသည် ဖြစ်ဆဲ (၇)စည်း၊ ချုပ်ဆဲ (၇) စည်းဖြစ်၍ တည်ဆဲ(၃၄၃) စည်း ဖြစ်ပါသည်၊ မရဏာသန္နအခါတွင် ကမ္မဇရုပ်တို့သည် စုတိစိတ်နှင့် ပြိုင်၍ ချုပ်ကြပါသည်။

**မှတ်ချက်။** ။ဥတုဇကလာပ်, စိတ္တဇကလာပ်နှင့် အာဟာရဇကလာပ်များမှာ ယခုဆွေးနွေး တင်ပြလိုသော ကိစ္စနှင့်စပ်ဆိုင်ခြင်း မရှိသဖြင့် ချွင်းခဲ့ပါသည်။

အထက်၌ ဖော်ပြထားသော ပဋိသန္ဓေစိတ်နှင့် အတူ ဥပါဒ်ခဲ့သည့် ကမ္မဇရုပ်များသည် အဆက်ဆက်ဖြစ်ပျက်ခဲ့လျက် စုတိစိတ်နှင့် ပြိုင်၍ ချုပ်ခြင်းသဘောသည် မည်သည့်အခြင်းအရာကို ပြဆိုနိုင်ပါသနည်း။

ပဋိသန္ဓေစိတ်၏ နောက်၌ဖြစ်ကြသော စိတ်များနှင့် ကမ္မဇရုပ်တို့သည် (တခုတည်းတမျိုးတည်း) အားဖြင့် ရပ်တည်ခြင်းမရှိနိုင်သည်ကို ပေါ်လွင်စေပါသည်။

ထိုသို့ဖြစ်ခဲ့ပါမူ ထိုစိတ်တို့နှင့် ကမ္မဇရုပ်များသည် အဘယ်ကဲ့သို့ ဆက်ဆံကြပါသနည်း။

ပဋိသန္ဓေစိတ်နှင့် ပဋိသန္ဓေကမ္မဇရုပ်တို့သည် (ပဋိသန္ဓေခဏ၌) အချင်းချင်း အပြန်အလှန် ကျေးဇူးပြု၍ တည်ခဲ့ကြောင်းကို (အညမည) ပစ္စည်းဖြင့် ရှင်းလင်းတင်ပြခဲ့ပြီးပါပြီ။

ပဋိသန္ဓေစိတ်သည် (ဥပါဒ်,ဋ္ဌီ,ဘင်) အားဖြင့် ခဏငယ် သုံးချက်စေ့၍ ချုပ်သောအခါ ယင်းပဋိသန္ဓေစိတ်နှင့်အတူ (ဥပါဒ်) ခဲ့သော ကမ္မဇရုပ်မှာ ရုပ်သက်အားဖြင့် (ခဏငယ် ၅၁-ချက်) ရှိသည့်အနက် (၄၈) ချက် ကျန်နေသေးသောကြောင့် (ဋ္ဌီ) အခိုက်၌ တည်ဆဲပင်ဖြစ်၍ ထိုပဋိသန္ဓေကမ္မဇရုပ်တို့သည် (ရှေးရှေး၌ဖြစ်နှင့်၍ နောက်နောက်ဖြစ်သော) နာမ်တရားတို့အား (ပုရေဇာတ) သတ္တိဖြင့် ကျေးဇူးပြုကြခြင်းကိုပဋ္ဌာန်းပါဠိတော်၌ ပြဆိုပါသည်။

## ပဋ္ဌာန်းပါဠိတော် ပုရေဇာတပစ္စည်း

"ပုရေဇာတပစ္စယောတိ၊ ပုရေဇာတပစ္စည်း" ဟူသည်ကား....

စက္ခာယတနံ၊ စက္ခုပသာဒ ဝတ္ထုရုပ် မျက်စိအကြည်သည်။ စက္ခုဝိညာဏဓာတုယာစ၊ မြင်သိစိတ် စက္ခုဝိညာဏ ဓာတ်အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုစက္ခုဝိညာဏ်နှင့် ယှဉ်ကုန်

သော။ ဓမ္မာနဥ္စ၊ စေတသိက်တရားတို့အားလည်းကောင်း။ ပုရေဇာတ ပစ္စယေန၊ ရှေ့ဦးဖြစ်နှင့်၍ ကျေးဇူးပြုတတ်သောပုရေဇာတ သတ္တိဖြင့်။ ပစ္စယော- ဥပကာရကော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

သောတာယတနံ၊ သောတပသာဒဝတ္ထုရုပ် နားအကြည်သည် ။ပ။ဟောတိ၊ ဖြစ်၏။

ဃာနာယတနံ၊ ဃာနပသာဒဝတ္ထုရုပ် နှာခေါင်းအကြည် သည်။ပ။ဟောတိ၊ ဖြစ်၏။

ဇိဝှါယတနံ၊ ဇိဝှါယပသာဒ ဝတ္ထုရုပ် လျှာအကြည်သည်။ပ။ ဟောတိ၊ ဖြစ်၏။

ကာယာယတနံ၊ ကာယပသာဒ ဝတ္ထုရုပ် ကိုယ်အကြည် သည်။ပ။ ဟောတိ၊ ဖြစ်၏။

ရူပါယတနံ၊ အဆင်း ရူပါရုံရုပ်သည်။ပ။ ဟောတိ၊ ဖြစ်၏။

သဒ္ဒါယတနံ၊ အသံ-သဒ္ဒါရုံရုပ်သည်။ပ။ဟောတိ၊ဖြစ်၏။

ဂန္ဓာယတနံ၊ အနံ့-ဂန္ဓာရုံရုပ်သည်။ပ။ ဟောတိ၊ ဖြစ်၏။

ရသာယတနံ၊ အရသာ-ရသာရုံရုပ်သည်။ပ။ဟောတိ၊ဖြစ်၏။

ဖောဋ္ဌဗ္ဗာယတနံ၊ တွေ့ထိမှု-ဖောဋ္ဌဗ္ဗာရုံရုပ်သည်။ပ။ဟောတိ၊ ဖြစ်၏။

ရူပါယတနံ၊ အဆင်းရူပါရုံသည်လည်းကောင်း။သဒ္ဒါယတနံ၊ အသံသဒ္ဒါရုံ သည်လည်းကောင်း။ ဂန္ဓာယတနံ၊ အနံ့ဂန္ဓာရုံ သည်လည်းကောင်း။ ရသာယတနံ၊ အရသာ ရသာရုံသည်လည်း

ကောင်း။ ဖောဋ္ဌဗ္ဗာ ယတနံ၊ အတွေ့ ဖောဋ္ဌဗ္ဗာရုံ သည်လည်း ကောင်း။ မနောဓာတုယာစ၊ မနောဓာတ်အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ထိုစိတ်နှင့် ယှဉ်ကုန်သော၊ ဓမ္မာနဉ္စ၊စေတသိက် တရားတို့အားလည်းကောင်း။ ပုရေဇာတ ပစ္စယေန၊ ရှေး၌ ဖြစ် နှင့်၍ ကျေးဇူးပြုတတ်သော ပုရေဇာတသတ္တိဖြင့်။ ပစ္စယော-ဥပ ါကာရကော၊ကျေးဇူးပြုသည်။ဟောတိ၊ ဖြစ်၏။

ယံရူပံ၊ အကြင်ရုပ်ကို။ နိဿာယ၊ မှီ၍ဖြစ်သော။ မနော ဓာတုစ၊ မနောဓာတ်သည်လည်းကောင်း။မနောဝိညာဏဓာတုစ၊ မနောဝိညာဏဓာတ်သည်လည်းကောင်း။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။ တံရူပံ၊ ထိုရုပ်သည်။ မနောဓာတုယာစ၊ မနောဓာတ်အားလည်၊ ကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုစိတ်နှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အားလည်းကောင်း။ ပုရေဇာတ ပစ္စယေန၊ ရှေး၌ဖြစ်နှင့်၍ ကျေးဇူးပြုတတ်သော ပုရေဇာတ သတ္တိဖြင့်။ ပစ္စယော—ဥပကာရကော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

မနောဝိညာဏ ဓာတုယာစ၊ မနောဝိညာဏဓာတ်အားလည်း ကောင်း။တံသမ္ပယုတ္တကာနံ၊ ထိုစိတ်နှင့် ယှဉ်ကုန်သော၊ဓမ္မာနဉ္စ၊ စေတသိက် တရားတို့အားလည်းကောင်း။ ကိဉ္စိကာလေ၊အချို့ သော ကာလဟု ဆိုအပ်သော ပဝတ္တိကာလ၌။ ပုရေဇာတ ပစ္စယေန၊ရှေး၌ဖြစ်နှင့်၍ ကျေးဇူးပြုတတ်သော ပုရေဇာတ သတ္တိ ဖြင့်။ ပစ္စယော-ဥပကာရကော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ကိဉ္စိကာလေ၊ အချို့သောကာလဟုဆိုအပ်သော ပဋိသန္ဓေကာလ၌။ ပုရေဇာတပစ္စယေန၊ ရှေး၌ဖြစ်နှင့်၍ ကျေးဇူးပြုတတ်သော ပုရေဇာတသတ္တိဖြင့်။ ပစ္စယော-ဥပကာရကော၊ ကျေးဇူးပြုသည်။ နဟောတိ၊ မဖြစ်။

## ရှင်းလင်းချက်

အထက်ပါ ပုရေဇာတပစ္စည်းတွင် (အကြင်ရုပ်ကို မှီ၍ ဖြစ်သော မနောဓာတ်နှင့် မနောဝိညာဏဓာတ်) ဆိုသည့်စကား၌ (အကြင်ရုပ်) ဆိုသောစကားသည် မည်သည့် ရုပ်တရားအား ရည်ညွှန်းသည်ကို ရှင်းရပါမည်။

ဗုဒ္ဓ၏အဘိဓမ္မာအရ-ကုသိုလ်,အကုသိုလ်စိတ်များ၌ စေတနာတရားပါကြပါသည်၊ထိုစေတနာပါသော ကုသိုလ်,အကုသိုလ်စိတ်များကြောင့် ဝိပါက်ကြိယာစိတ်တို့နှင့် ကမ္မဇရုပ်, စိတ္တဇရုပ်များဖြစ်ကြပါသည်၊ ဆိုခဲ့သည့်ဝိပါက်စိတ်နှင့် ကမ္မဇ,စိတ္တဇရုပ်များကြောင့် ကုသိုလ်, အကုသိုလ်တရားများ တဘန်ထပ်၍ ပေါ်ကြပြန်ပါသည်၊ဤကဲ့သို့ နာမ်ရုပ်တရားများ စက်ဝိုင်းသဏ္ဌာန် မရပ်မနားဘဲ ကျင်လည်နေသည်ကို သံသရာစက်ဟု ခေါ်ပါသည်။

ကုသိုလ်, အကုသိုလ်စိတ်(၃၃)ကြောင့် ဝိပါက်စိတ်(၃၆)နှင့် ကြိယာစိတ် (၂၀)ဖြစ်ပါသည်၊ ထိုသို့ဆိုသဖြင့် ဝိပါက်စိတ်သည် ကုသိုလ်, အကုသိုလ်စိတ်တို့၏ နောက်မှထက်ချပ်မကွာ ဆက်၍ဖြစ်သည်ဟု မယူဆစေလိုပါ၊ ယင်းတရားတို့သည် ငနောင်အကြောင်း တိုက်ဆိုင်သော ကာလ၌သာ ပေါ်သောတရားမျိုး

ဖြစ်ပါသည်၊ သို့ရာတွင် ဖိုလ်စိတ်များမှာ မဂ်စိတ်၏ နောက်မှ ထက်ချပ်လိုက်၍ ဖြစ်ကြပါသည်၊သင်္ဂြိုဟ်တွင် ကုသိုလ်,အကုသိုလ် နှင့် ဝိပါက်,ကြိယာစိတ်တို့ကို စဉ်၍ပြသဖြင့် မျက်စေ့လည်တတ် ပါသည်၊ ဓမ္မသင်္ဂဏီပါဠိတော်၌ ဝိပါက်နှင့်ကြိယာကို အဗျာ ကတဟု သီးသန့်ပြပါသည်။

> "အကျယ်ကို ဤစာအုပ်၌ ဝိပါက်မည်ခြင်း ခေါင်း စဉ်အောက်နှင့် ပဋ္ဌာန်းအမေး အဖြေ ဝိပါကပစ္စည်း လယ်တီပဋ္ဌာ်တွင် ကြည့်ပါ၊ ကြိယာစိတ်မှာ ကုသိုလ်, အကုသိုလ်၏ အကျိုးမဟုတ်ဘဲ ပြုကာမျှသဘောဖြစ်၍ ခြင်းခဲ့ပါသည်"။

စိတ်တရားတို့ မှီ၍ဖြစ်ရဌာန (၃)မျိုးရှိပါသည်၊ ၎င်းတို့မှာ (က) ဒွေးပဉ္စဝိညာဏ်စိတ် (၁၀) ၏မှီရာ ပသာဒရုပ် ငါးပါး၊ (ခ) မနောဓာတ်(၃)နှင့် မနောဝိညာဏဓာတ်(၄၃)တို့၏မှီရာ ဇီဝိတိန္ဒြေတရား၊(ခခ)ကုသိုလ် အကုသိုလ်စိတ်(၃၃)၏မှီရာဘဝင် အကြည်တို့ ဖြစ်ပါသည်။

ရှင်းဦးအံ့၊ ဂဗ္ဘသေယျကသတ္တဝါ၏ ပဋိသန္ဓေ အခါတွင် ဝိပါက်စိတ်(၁၅)မျိုးအနက် တမျိုးမျိုးနှင့် ကမ္မဇရုပ် (၇)ခုတို့ အပြန်အလှန် အထောက်အကူပြု၍ တပြိုင်နက်ဥပါဒ်ကြပါသည်၊ (ပဋိသန္ဓေစိတ်(၁၉)မျိုးရှိသော်လည်း အရူပ ပဋိသန္ဓေ၌ ရုပ်မရှိ သဖြင့် ယင်းပဋိသန္ဓေစိတ် (၄)ကို နုတ်ထားပါသည်။)

ပဋိသန္ဓေစိတ် ချုပ်ပြီးသည့်နောက် တည်ဆဲ ကမ္မဇရုပ်ကို မှီလျက် ဆက်၍ဖြစ်သော ဝိပါက်စိတ်ကို ဘဝင်စိတ်ဟု ခေါ်ပါ

သည်၊ ထိုစိတ်မှာ ပဋိသန္ဓေစိတ်နှင့် အမည်သာထူး၍ အနှစ်သာရ သဘောအားဖြင့်အလုံးစုံတူပါသည်။

ကုသိုလ်, အကုသိုလ်စိတ်တို့သည် ဘဝင်စိတ်ကို မှီ၍ဖြစ်ကြပါသည်၊ (ဝါ)ဘဝင်စိတ်မှထသည်ဟူ၍လည်း ဆိုရိုးရှိပါသည်၊ ဖြစ်ပုံမှာ – ဇီဝိတိန္ဒြေရုပ်အားမှီ၍ ဖြစ်ချည်ပျက်ချည် သဘောရှိသော ဘဝင်စိတ်သည် ယှဉ်ဘက်တရားများနှင့် ပေါင်းဆုံ တိုက်ဆိုင်မိသောအခါ မိမိ၏မူလ သဘော ချုပ်ပျောက်၍ ကုသိုလ်စိတ်, အကုသိုလ်စိတ်တို့၏ သဘောသတ္တိများပါသော စိတ်တို့သည် ဖြစ်ပေါ်ကြပါသည်၊ ဥပမာအားဖြင့် သားကို မွေးဖွားခဲ့၍ သေဆုံးသောမိခင်အလားပင် ဖြစ်ပါသည်။

ဤသဘောကို မြတ်စွာဘုရားသည် ဘဝင်စိတ် (ဝါ) မနာယတနကိုမှီ၍ စိတ်ဖြစ်ပေါ်သည်ဟု သုတ္တန်ဒေသနာ အရပ်ရပ်နှင့် အဘိဓမ္မာတရားများတွင် အကြိမ်ကြိမ်အထပ်ထပ် ဟောတော်မူပါသည်။

## ကမ္မဇရုပ်စစ်တမ်း

ယခု ဇီဝိတိန္ဒြေတရားအား မှီ၍ဖြစ်သော စိတ်များအကြောင်းကို ရှင်းပြပါဦးမည်၊ ကမ္မဇရုပ် (၇) မျိုးအနက်မှ ပသာဒရုပ် (၅)မှာ ဒွေပဉ္စဝိညာဏ် (၁၀)၏ မှီရာဖြစ်၍နုတ်လျှင် ဘာဝရုပ်နှင့် ဇီဝိတိန္ဒြေရုပ်သာ ကျန်ပါသည်၊ ဘာဝရုပ်မှာ အထီးအမဖြစ်ကြောင်း သဘောသာဖြစ်သောကြောင့် ပယ်လျှင် ဇီဝိတိန္ဒြေရုပ်သာကျန်ပါသည်။

## စိတ်စစ်တမ်း

စိတ်(၈၉) ရှိသည်အနက် ဒွေးပဉ္စဝိညာဏ်(၁၀)မှာ ပသာဒရုပ်ကို မှီ၍ဖြစ်သောကြောင့်နုတ်လျှင် စိတ်(၇၉) ကျန်ပါသည်၊ ကုသိုလ်, အကုသိုလ်စိတ် (၃၃)မှာ ဘဝင်စိတ်ကို မှီ၍ဖြစ်ခြင်းကြောင့် ထပ်၍နုတ်လျှင် စိတ်(၄၆)သာ ကျန်ပါသည်။

အထက်စာပိုဒ်များပါ ကမ္မဇရုပ်စစ်တမ်းနှင့် စိတ်စစ်တမ်းတို့ကိုထောက်လျှင်(၄၆)မျိုးသော စိတ်သည် ဇီဝိတိန္ဒြေတရားကိုမှီ၍ဖြစ်ကြောင်း ထင်ရှားလေတော့သည်။

ထိုပြဆိုခဲ့သော စိတ်တို့ကိုပင် ဝိပါက်စိတ် (၁၀)အား ဒွေးပဉ္စဝိညာဏ်ဟူ၍၎င်း, ဝိပါက်(၂)နှင့် ကြိယာစိတ် (၁)တို့ပေါင်းစိတ်(၃)ခုအား မနောဓာတ်ဟူ၍၎င်း, ဝိပါက်နှင့်ကြိယာစိတ်(၄၃)နှင့် ကုသိုလ် အကုသိုလ်စိတ် (၃၃)တို့ကို ပေါင်း၍ မနောဝိညာဏဓာတ် (၇၆)ဟူ၍၎င်း အမည်တမျိုးပေး၍ အစုတမျိုးဖွဲ့ထားသည်ကို သဘောပေါက်ရန်လိုပါသည်။

ယခု ပုရေဇာတပစ္စည်းကို ပြန်၍ဆွေးနွေး တင်ပြရပါမည်။ မနောဝိညာဏဓာတ် (၇၆)ဟုဆိုရာ၌ အရေအတွက် ကိုသာပြခြင်းဖြစ်၍ အမျိုးအစားကို မခွဲပါ၊ ဥပမာ- အထက်တနေရာတွင် ရေးခဲ့သည့်အတိုင်း ဘဝင်စိတ်(၁၉)မှ ကုသိုလ်, အကုသိုလ်စိတ် (၃၃)ဖြစ်ပေါ်လာသည့်ကိစ္စ၌ မူလဘဝင်စိတ်(၁၉)ကိုယူလျှင် ယင်းဘဝင်စိတ်ချုပ်ပြီးမှ ပေါ်ရသောကုသိုလ်,အကုသိုလ်စိတ် (၃၃)ကို ယူ၍မဖြစ်နိုင်ပါ၊ ထို့နည်း၎င်းပင် ကုသိုလ်, အကုသိုလ်စိတ်(၃၃)ကို ယူပြန်လျှင်လည်း မူလဘဝင်စိတ်(၁၉) မှာ ချုပ်လေပြီးဖြစ်သောကြောင့် ယူရန်မတတ်ကောင်းပါ။

ထို့ကြောင့် မနောဝိညာဏဓာတ်ဟု အမည်ပေးထားသော စိတ်(၇၆)မှ ပုရေစာတပစ္စည်းအလို့ငှာ စိတ်(၄၃)ကိုသာ ယူရပါသည်၊ တဘန် ပုရေဇာတပစ္စည်း၌ (အကြင်ရုပ်ကိုမှီ၍)ဟု ဆိုထားပြန်သဖြင့် မှီရာရုပ်မရှိသော အရူပါဝစရစိတ် (၁၂) အနက်မှ နုတ်ရန်ကျန်သော ဝိပါက်နှင့် ကြိယာစိတ်(၈)ကိုထပ်၍ နုတ်သော် မနောဝိညာဏဓာတ် (၃၅)ကိုသာ ကောက်ယူရန် ရှိပါသည်။

ယခု မူလပြဿနာကို ပြန်၍ကောက်ရသော်(ယံရူပံနိဿာယ) အစရှိသည်ဖြင့် လာသော ပါဠိတော်အရ မနောဓာတ် (၃)နှင့် မနောဝိညာဏဓာတ်(၃၅) တို့သည် ဇီဝိတိန္ဒြေရုပ်ကို မှီ၍ ဖြစ်သည်ဟူ၍ ကောက်ယူရပေမည်၊ (သင်္ဂြိုဟ်ကျမ်း ဒွါရသင်္ဂဟတွင် မနောဓာတ်(၃)အား ပဉ္စဒွါရ၌ ဖြစ်သည်ဟုဆို၍ ဝတ္ထုသင်္ဂဟ၌ ဟဒယဝတ္ထုကိုမှီ၍ ဖြစ်သည်ဟု ဆိုလေသည်။)

ယခုဆက်၍ နာမ်ဇီဝိတိန္ဒြေ၏သဘောကို အနည်းငယ် ရေးပါဦးမည်၊ သင်္ဂြိုဟ်ကျမ်း၌ အာရုပ္ပပဋိသန္ဓေသည် အရူပါဝစရ ဝိပါက်စိတ်၌ ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စတပ်၍ ဖြစ်သည်ဟု ဆိုပါသည်။

မြတ်စွာဘုရားသည် ဇီဝိတိန္ဒြေတရားကို ရုပ်ဇီဝိတိန္ဒြေနှင့် နာမ်ဇီဝိတိန္ဒြေဟူ၍ ခွဲခြားဟောပါသည်၊ ထို့ပြင် ယင်းတရားကို နာမ်ရုပ်တို့၏ဖြစ်ရာ တည်ရာ သက်တမ်းစေ့ အသက်ရှည်မှုအတွက် စောင့်ရှောက်ရာ သဘောရှိသည်ဟူ၍လည်း အတိအလင်း ဟောပါသည်။

စုတိ၊ ပဋိသန္ဓေ၊ ဘဝင်ကိစ္စ ကပ်သော အရူပဝိပါက်စိတ်၌ ဇီဝိတိန္ဒြေတရားပါရှိ၏၊ အရူပဗြဟ္မာ၏ မရဏာသန္နအခါ၌ ဝီထိ သဘောအရ စုတိစိတ်သည် နာမ်ဇီဝိတိန္ဒြေနှင့်ပြိုင်၍ ချုပ်ရပါ မည်၊ ဤသဘောကိုထောက်၍ ပဋိသန္ဓေနှင့် ဘဝင်စိတ်တို့သည် လည်း နာမ်ဇီဝိတိန္ဒြေတရားကို မှီကြကြောင်း သိနိုင်ပေပြီ။

အထက်တွင် ရေးခဲ့သည်တို့မှာ မိမိသည် ပါဠိဘာသာကို တတ်ကျွမ်း၍ မဟုတ်ပါ၊ ပိဋကတော် မြန်မာပြန် ကျမ်းများနှင့် ဆရာတော်ကြီးအချို့နှင့် လူပညာရှိ ပုဂ္ဂိုလ်အချို့တို့ ရေးသား တော်မူကြသော ကျမ်းစာများကို လေ့လာရာမှ ဟာဒယဝတ္ထုရုပ် ဆိုသော စကားနှင့် မနောဝိညာဏ်သည် ယဒယဝတ္ထုကို မှီ၍ ဖြစ်သည် ဆိုသော စကားတို့သည် ပိဋကတော်လာ စကားများ နှင့် ဆန့်ကျင် ကွဲလွဲနေသည်ကို တွေ့ရသောကြောင့် မိမိဉာဏ်မှီ သမျှ သုတေသနပြုစု ရှာဖွေရေးသားခြင်း ဖြစ်ပါသည်။

ဗုဒ္ဓ၏အဘိဓမ္မာ၌ ပဋ္ဌာန်းနည်းမှာ သဗ္ဗညုတ ဉာဏ်တော်ကို အသုံးချရန် ဟောတော်မူခြင်းဖြစ်ကြောင်းနှင့် လယ်တီဆရာတော် ဘုရားက အနောက်နိုင်ငံမှ အဘိဓမ္မာဆရာကြီး မစ္စတာဘာတရင် ရာဆယ်အား မိန့်ကြားဘူးသည်နှင့်အညီ မိမိ၏ အယူအဆများ တွင် ချို့ယွင်း ချက်ရှိပါလျှင် ပြင်ဆင် ဘတ်ရှုတော်မူကြစေလို ပါသည်။

ဘုရားဟောပိဋကတော်များ

# သန့်စင်ရေးအတွက်ဂရုပြုရန်

## (အခန်း-၃)

## မနောဝိညာဏ်ပေါ်ရာ ဘဝင်အကြည်
## ဘဝင်အကြည်မှီရာ ဇီဝိတရုပ်

အထက်တွင် ပုရေဇာတပစ္စည်းနှင့် ဆက်စပ်၍ ဆွေးနွေးတင်ပြခဲ့ပါပြီ၊ ယခုဆက်၍အထက်ခေါင်းစဉ်ပါကိစ္စကို အဘိဓမ္မာနည်း, သုတ္တန်နည်းတို့ဖြင့် ဆွေးနွေးတင်ပြပါဦးအံ့။

## ဘဝင်ကိစ္စ

ယခုဆက်၍(ဘဝင်)စိတ်၏ ကိစ္စကို ဆွေးနွေးရပါမည်၊ ဤကိစ္စနှင့်စပ်၍ အရှင်ဇနကာဘိဝံသ ဆရာတော်ဘုရား စီရင်သော သင်္ဂြိုဟ် ဘာသာဋီကာ စာမျက်နှာ (၁၀၀) မှ ကောက်နုတ်တော်ပြအပ်ပါသည်။

**ဘဝင်ကိစ္စ**။"ဘဝဿအင်္ဂံဘဝင်္ဂံ။ ဘဝဿ၊ ဥပပတ္တိဘဝ၏။ အင်္ဂံ၊မပြတ်-မစဲဖြစ်မြဲဖြစ်ရန် အကြောင်းခံဖြစ်သော စိတ်သည်။ ဘဝင်္ဂံ၊ မည်၏။ ဘဝဿ၌ ဘဝဟူသည် ခဲတုကထာ ပဋိစ္စသမုပ္ပါဒ်၌ လာသော ဥပပတ္တိဘဝတည်း၊ ဥပပတ္တိဘဝ ဟူသည်လည်း "ကမ္မတော ဥပပဇ္ဇတီတိ ဥပပတ္တိ"-အရ ကံကြောင့်ဖြစ်သော လောကီဝိပါက် နာမက္ခန္ဓာနှင့် ကဋတ္တာရုပ် ခေါ်သော ကမ္မဇရုပ်များတည်း"။

ထိုကျမ်း၏ တတိယစာပိုဒ်၌ဆက်၍ "ထို့နောက် ပဝတ္တိအခါ၌လည်း ဆိုင်ရာအာရုံသစ်များအတွက် ဝီထိစိတ်များ ပေါ်ထွက်ပြီးနောက် ထိုဝီထိစိတ် အစဉ်ချုပ်ပျောက်သည့်အခါ ပြအပ်သော ဝိပါက်စိတ်များ မပေါ်လာပါမူ 'စိတ်အစဉ်ပြတ် သဖြင့် စိတ္တဇရုပ်, ကမ္မဇရုပ်များလည်း ပြတ်စဲဘွယ်ရှိ၏၊ ထိုသို့မဖြစ်ရလေအောင် (ကံအရှိန်ရှိသမျှ တဘဝလုံး ခန္ဓာအစဉ် မပြတ်ရအောင်) ဆက်စပ်တတ်သော ဝိပါက်စိတ်ကို ဘဝဿအင်္ဂ-အရဘဝင်-ဟု ခေါ်လေသည်"။

နောက်တကြောင်း၌လည်း လယ်တီဆရာတော်ဘုရား ရေးသား စီရင်တော်မူသော ရူပဒီပနီကျမ်း၏ ကလာပ်စည်းများနှင့် စပ်၍ ဝေဘန်ပြဆိုရာအခန်းမှ ကောက်နုတ်ဘော်ပြရသော်—

"မဏိမဉ္ဇူ ဆရာတော်မူကား ကာမဘုံသားသန္တာန်တွင် ဝမ်းမီးဟု ဆိုအပ်သော ပါစကတေဇော ကောဋ္ဌာသမှာ ဇီဝိတနဝက ကလာပ်ရကြောင်းကို ဆိုပေ၏၊ စင်စစ်ကေန် အမှန် မှတ်ဘွိုမှာမူကား ထိုဝမ်းမီးဟုဆိုအပ်သော ပါစကဓာတ်မီး၌ရင်း၊(အာယူဉသ္မာစဝိညာဏံ) ဟူသောသံယုတ်ပါဠိတော် ပါဠ်၌ လာသော ကိုယ်စောင့်တရား ၃-ပါးတို့တွင်အကျုံးဝင်သော တကိုယ်လုံးကို ပျံ့နှံ့၍ တည်နေသော ပကတိ ကိုယ်ငွေ့ဟု ဆိုအပ်သော ဥသ္မာ အမည်ရှိသော ကိုယ်စောင့်ဓာတ်မီး၌ရင်း၊ ဤ ၂—ပါးသော ဓာတ်မီးအစုတို့၌ ဇီဝိတနဝက ကလာပ် ကိုသာ ရအပ်ပါသတည်း"။

## ဖေဏပိဏ္ဍူပမသုတ်

အထက်တွင် အကျဉ်းဘော်ပြအပ်သည့် လယ်တီ ဆရာတော်ဘုရား ကိုးကားတော်မူသော ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်ကို မြန်မာပြန်ကျမ်း ဖေဏပိဏ္ဍူပမသုတ်မှ ကောက်နုတ်ဘော်ပြပါအံ့။

"အကြင်ပညာရှိသည် ထိုခန္ဓာငါးပါးကို အကြောင်းအခြင်းအရာအားဖြင့် ဟုတ်တိုင်းမှန်စွာ တစိမ့်စိမ့်ရှု၏ အသင့်အားဖြင့်ဆင်ခြင်၏၊ ထိုထိုအခြင်းအရာအားဖြင့် ဟုတ်တိုင်းမှန်စွာ ကြည့်ရှုဆင်ခြင်သော် ထိုပညာရှိအား ထိုခန္ဓာငါးပါးသည် အသုံးမဝင်ဟူ၍သာ ထင်၏၊ အချည်းနှီးဟူ၍သာ ထင်၏"။

"ဤခန္ဓာကိုယ်ကိုအကြောင်းပြု၍ မြတ်စွာဘုရား ဟောတော်မူ၏၊ တရားသုံးပါးတို့၏ ကင်းပျောက်ခြင်းကြောင့် စွန့်ပစ်အပ်သော ရုပ်ကို ရှုကြကုန်လော့"။

"ဇီဝိတိန္ဒြေဟူသောအသက်, ကမ္မဇတေဇောဟူသော အခိုးအငွေ့, ဝိညာဏ် (ဤတရားသုံးပါးတို့သည်) ဤကိုယ်ကိုစွန့်ခွာသွားကြသောအခါ ဤခန္ဓာကိုယ်သည် စွန့်ပစ်အပ်သည်ဖြစ်၍ စိတ်စေတနာ စေ့ဆော်မှုမရှိဘဲ ပိုးလောက်စသည်တို့၏ အစာဖြစ်၍ အိပ်နေရ၏"။

"ဤခန္ဓာကိုယ်သည် ဤသို့သဘောရှိ၏၊ ဤဝိညာဏက္ခန္ဓာသည် လူမိုက်တို့ကို ယောင်မှားပြောဆိုသော မျက်လှည့်ဖြစ်၏၊ ဤခန္ဓာကိုယ်ကို သူသတ်သမားဟု ဆိုရ၏၊ ဤခန္ဓာတို့၌ အနှစ်ဟူ၍မရှိ"။

ဤစကားများကို ထောက်၍ (ဘဝင်) စိတ်တို့သည် နာမ်တရားများကိုသာ မဟုတ်ဘဲ ကမ္မဇရုပ်များနှင့်လည်း ဆက်စပ်ပေးတတ်သော ကိစ္စရှိလေသောကြောင့် ထိုထို (ဘဝင်) စိတ်များသည် ကမ္မဇရုပ်နှင့် ဆက်ဆံခြင်း ရှိသည် (ဝါ) ရှေ့မှဖြစ်နှင့်သော ကမ္မဇရုပ်ကို (ပုရေဇာတ) သဘောအရ မှီ၍ဖြစ်သည်ဟု ယူဆရန် အလွန်ပြည့်စုံလုံလောက် နေပြီဟု သဘောရပါသည်။

## ကမ္မဇရုပ်နှင့် စိတ်တို့ဆက်ဆံပုံ

ဓမ္မသင်္ဂဏီပါဠိတော် ရူပကဏ္ဍ စာမျက်နှာ (၂၉၄)အရ ကံကြောင့်ဖြစ်သော (ကမ္မဇကောန်) ရုပ်များမှာ—

(၁) မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည် (စက္ခာယတန)၊ (၂) ကြားသိစိတ်ဖြစ်ရာ နားအကြည် (သောတာယန)၊ (၃) နံသိစိတ်ဖြစ်ရာ နှာခေါင်းအကြည်(ဃာနာယတန)၊ (၄) လျှက်သိစိတ်ဖြစ်ရာ လျှာအကြည် (ဇိဝှါယတန)၊ (၅) ထိသိစိတ်ဖြစ်ရာ ကိုယ်အကြည် (ကာယာယတန)၊ (၆) မိန်းမ (အမ) ဖြစ်ကြောင်း၌ အစိုးရမှု (ဣတ္ထိန္ဒြေ)၊ (၇) ယောကျ်ား (အထီး အဖို) ဖြစ်ကြောင်း၌ အစိုးရမှု(ပုရိသိန္ဒြေ)၊ (၈) အသက်ရှည်ကြောင်း၌ အစိုးရမှု (ဇီဝိတိန္ဒြေ) တို့ဖြစ်ကြ၏။

မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည် (စက္ခာယတန) မှစ၍ ယောကျ်ား (အထီး အဖို)ဖြစ်ကြောင်း၌ အစိုးရမှု (ပုရိသိန္ဒြေ) အထိဖြစ်သော ကံကြောင့်ဖြစ်သောရုပ် (၇) မျိုးတို့သည် မိမိတို့ကို ဖြစ်စေအပ်သော (ကံ)သည် ချုပ်ပျောက်လေပြီးဖြစ်၍

ထိုထိုရုပ်တို့၏ သက်တမ်းစေ့တည်နိုင်မှုကို (အသက်ရှည်ကြောင်း၌ အစိုးရမှု- ဇီဝိတိန္ဒြေရုပ်) က စောင့်ရှောက်ပေးရ၏။

## ဇီဝိတိန္ဒြေရုပ်

ထိုထိုကမ္မဇရုပ်တို့အား အသက်ရှည်ကြောင်း၌ အစိုးရမှု (ဇီဝိတိန္ဒြေ) ရုပ်ကို ဓမ္မသင်္ဂဏီပါဠိတော် စာမျက်နှာ (၂၈၉) ၌ အောက်ပါအတိုင်း ဆို၏။

ဇီဝိတိန္ဒြေရုပ်။ ။အသက်ရှည်ကြောင်း၌ အစိုးရမှု "ဇီဝိတိန္ဒြေ" ဟူသော ထိုရုပ်သည် အဘယ်နည်း၊ ထိုဘောက်ပြန်ခြင်းသဘောရှိသော "ရုပ်" တရားတို့၏ အကြင်အသက် "အာယု" တည်ကြောင်းသဘော "ဌိတိ"၊ (တည်တံ့စွာ) ဖြစ်နေခြင်းသဘော "ယပန" (တည်တံ့စွာ) ဖြစ်စေခြင်းသဘော "ယာပနာ"၊ (တိုးပွား၍) ဖြစ်မှုသဘော "ဣရိယနာ"၊ (ဆက်လက်၍) ဖြစ်ကြောင်းသဘော "ဝတ္တနာ"၊ စောင့်ရှောက်ခြင်းသဘော "ပါလနာ" အသက်ရှည်ကြောင်းသဘော "ဇီဝိတ"၊ အသက်ရှည်ကြောင်း၌ အစိုးရမှု "ဇီဝိတိန္ဒြေ" သည် (ရှိ၏၊) ဤသို့သဘောရှိသော ရုပ်သည် အသက်ရှည်ကြောင်း အစိုးရမှု "ဇီဝိတိန္ဒြေ" ဟူသော ထိုရုပ်ပေတည်း။

ဇီဝိတိန္ဒြေတရားသည် ရုပ်နှင့် ဆက်ဆံသောအခါ အထက်၌ ဘော်ပြခဲ့သည့်သဘောအတိုင်း "ဇီဝိတိန္ဒြေရုပ်" ဟူ၍ ခေါ်၏၊ ဇီဝိတိန္ဒြေတရားသည် စိတ်တရားနှင့် ဆက်ဆံသည့်အခါ "နာမ်ဇီဝိတိန္ဒြေ" ဟုဆို၏။

စိတ်သည် တမျိုးတည်းသာ ဖြစ်၏၊ ယှဉ်ဘက် တရားများကြောင့် ထိုတမျိုးတည်းသောစိတ်၌ သတ္တိအမျိုးမျိုး ပြားသည်ကို အမည်အမျိုးမျိုး ပညတ် ရေတွက်ထားသဖြင့်သာ စိတ်အမည်အမျိုးမျိုး ကွဲပြားနေရခြင်းဖြစ်၏။

ထိုထိုအမည်ပညတ်အားဖြင့် ပြားသောစိတ်တိုင်း၌ (သဗ္ဗစိတ္တ သာဓာရဏ စေတသိက်)ဟု ခေါ်သော တရားသဘော (၇)မျိုး ပါရှိကြ၏၊ ထိုတရားများတွင် (ဇီဝိတိန္ဒြေ)ခေါ်သော တရားသည် တကွဖြစ်ဘက် နာမ်တရားတို့နှင့်လည်း ဆက်ဆံခြင်း သဘောရှိ၏။

ဓမ္မသင်္ဂဏီပါဠိတော် စိတ္တုပ္ပါဒကဏ္ဍ စာမျက်နှာ (၃၂)၌ နာမ်ဇီဝိတိန္ဒြေ၏သဘောကို အောက်ပါအတိုင်း ပြ၏။

**ဇီဝိတိန္ဒြေ၏သဘော**။ ထိုအခါ အစိုးတရ စောင့်ရှောက်မှု "ဇီဝိတိန္ဒြေ"ဟူသည် အဘယ်သဘော ဖြစ်သနည်း၊ ထိုအခါ၌ နာမ်တရားတို့၏ အကြင်အသက်"တေသံအရူပိနံ ဓမ္မာနံ အာယု" တည်ကြောင်းသဘော "ဌိတိ"၊ ဖြစ်ခြင်းသဘော "ယပနာ"၊ ဖြစ်စေခြင်းသဘော "ယာပနာ"၊ ဖြစ်မှုသဘော "ဣရိယနာ" ဖြစ်ကြောင်းသဘော "ဝတ္တနာ"၊ စောင့်ရှောက်ခြင်းသဘော "ပါလနာ"၊ အသက်ရှည်ကြောင်းသဘော"ဇီဝိတ"၊ အစိုးတရ စောင့်ရှောက်မှု "ဇီဝိတိန္ဒြေ"သည် (ရှိ၏၊) ထိုအခါ၌ အစိုးတရ စောင့်ရှောက်မှု "ဇီဝိတိန္ဒြေ"ဟူသည် ဤသဘောဖြစ်၏။

## နာမ်ရုပ်တို့၏ဖြစ်ရာတည်ရာ

အထက်ပါ ဇီဝိတိန္ဒြေတရားတို့၏ လက္ခဏာများတွင် (၁) ဌိတိ-တည်ကြောင်းသဘော၊ (၂) ယပနာ—ဖြစ်ခြင်းသဘော၊ (၃) ယာပနာ-ဖြစ်စေခြင်းသဘော၊ (၄) ဣရိယနာ—ဖြစ်မှုသဘော၊ (၅) ဝတ္တနာ—ဖြစ်ကြောင်းသဘောဟု ဆိုအပ်သော သဘောများပါဝင်ကြသဖြင့် နာမ်ရုပ်တို့၏တည်ရာ ဖြစ်ပေါ်ရာ အနက်သဘောကို သတိပြုစေလိုပါသည်။

ထို့ကြောင့် ဇီဝိတိန္ဒြေ တရားအား မိမိတို့လိုရာကို ကွက်၍ အဓိပ္ပါယ်ကောက်ယူခြင်းမပြုဘဲ မြတ်စွာဘုရား၏ နှုတ်ကပတ်ပါဠိတော်၏ အရှိအတိုင်း အနက်အဓိပ္ပါယ်အပြည့်အစုံကိုဖော်ထုတ်ခဲ့လျှင် ဇီဝိတိန္ဒြေ တရားသည် နာမ်ရုပ်တို့၏ တည်ရာ ဖြစ်ရာ သဘော၊ နာမ်ရုပ်တို့ကို မိမိတို့၏နာမ်သက်, ရုပ်သက်၏ အသက်တမ်းစေ့အောင် အသက်ရှည်စွာ တည်နေနိုင်မှုအား အစိုးတရ စောင့်ရှောက်မှုသဘောများဖြစ်ပါသည်၊ယခုကိစ္စ၌ ပဌာနုဒ္ဒေသ ဒီပနီ ဣန္ဒြိယပစ္စည်း (ပစ္စယသတ္တိသုံးမျိုးကို လင်းပြခြင်း)တွင်လည်း ရှုပါ။

ဇီဝိတိန္ဒြေ၏သဘောနှင့် ပတ်သက်၍ မူလပဏ္ဏာသပါဠိတော် မဟာဝေဒလ္လသုတ်၌ အသျှင်မဟာကောဋ္ဌိက၏အမေးကို အသျှင်သာရိပုတြာကိုယ်တော်ကြီးက အလွန်နက်နဲစွာ ဖြေဆိုထားသည်တို့အနက်မှ ကောက်နုတ်ချက်အနည်းငယ်ကို အောက်၌ ဘော်ပြလိုက်ပါသည်။

## မဟာဝေဒလ္လသုတ်

"ငါ့သျှင်....ဣန္ဒြေငါးပါးတို့သည် အဘယ်ကိုစွဲ၍ တည်ကုန်သနည်းဟု (လျှောက်၏)။

"ငါ့သျှင်....ဣန္ဒြေတို့သည် ဤငါးပါး တို့တည်း၊ ဣန္ဒြေတို့သည် အဘယ်ငါးပါးတို့နည်း၊ မျက်စိဣန္ဒြေ, နားဣန္ဒြေ နှာခေါင်းဣန္ဒြေ, လျှာဣန္ဒြေ, ကိုယ်ဣန္ဒြေတို့တည်း၊ ငါ့သျှင်.... ဤဣန္ဒြေငါးပါးတို့သည် အသက် ဇီဝိတိန္ဒြေကို စွဲ၍တည် ကုန်သည်ဟု (မိန့်ဆို၏)"။

"ငါ့သျှင်....အသက်ဇီဝိတိန္ဒြေသည် အဘယ်ကိုစွဲ၍ တည်သနည်းဟု (လျှောက်၏)"။

"ငါ့သျှင်....အသက်ဇီဝိတိန္ဒြေသည် ကိုယ်ငွေ့ကမ္မဇတေဇောဓာတ်ကို စွဲ၍ တည်၏ဟု (မိန့်ဆို၏)"။

"ငါ့သျှင်....ကိုယ်ငွေ့ကမ္မဇတေဇောဓာတ်သည် အဘယ်ကို စွဲ၍ တည်သနည်းဟု (လျှောက်၏)"။

"ငါ့သျှင်....ကိုယ်ငွေ့ကမ္မဇတေဇောဓာတ်သည် အသက် ဇီဝိတိန္ဒြေကိုစွဲ၍ တည်၏ဟု (မိန့်ဆို၏)"။

(ထိုအခါတွင် အသျှင်မဟာ ကောဋ္ဌိကထေရ်က အထက်ပါ စကားတို့ကို အဘယ်ကဲ့သို့မှတ်ရပါနည်းဟု မေးလျှောက် ရာ၌ အသျှင်သာရိပုတြာ မထေရ်ကြီးက ဇီဝိတိန္ဒြေတရားနှင့် ကမ္မဇ တေဇောဓာတ်တို့သည် ဆီမီးအလျှံနှင့် အလင်းရောင် တို့သည် တခုကိုတခု စွဲ၍တည်သကဲ့သို့ ဖြစ်သည်ဟု ဥပမာပေး၍ ဖြေဆို တော်မူ၏)၊ ဤပါဠိတော်ကိုထောက်၍ ဇီဝိတိန္ဒြေ တရားသည် နာမ်ရုပ်တို့၏ တည်ရာမှီရာဖြစ်သည်မှာ အလွန်ထင်ရှားနေ၏။

**မှတ်ချက်။** ။အထက်ဖော်ပြပါ သုတ္တန်ဒေသနာ၌ ဇီဝိတရုပ် (ဝါ) ကမ္မဇ တေဇောဓာတ်သည် ဣန္ဒြိယဗုဒ္ဓရုပ်တို့၏ အခြေခံတရားဖြစ်သည် ဆိုသော စကားနှင့် (နှစ်ဆယ်ရာစု) ခေတ် သိပ္ပံပညာ၏ တွေ့ရှိချက်အရ ရုပ်ဝတ္ထုတို့သည် နောက်ဆုံး၌ (ဝတ္ထုဒြပ်) မရှိသော (စွမ်းအင်) မျှသာ ဖြစ်သည်ဟုဆိုသော စကားများမှာ ဆင်တူရိုးမှား ဖြစ်ကြသော်လည်း အခြခံအားဖြင့် တူညီမှုမရှိကြပေ။

(စွမ်းအင်)၏ သဘောမှာ (အလင်း ရောင်နှင့် အပူဓာတ်) ဖြစ်၍ သိပ္ပံပညာဖြင့် (ဝတ္ထုဒြပ်) ကိုရှာဖွေမတွေ့ရသော်လည်း ဗုဒ္ဓ၏အဘိဓမ္မာ သဘောအရ ထိုအလင်းရောင်နှင့် အပူဓာတ်တို့သည်ရုပ်တရားများ၌ ပါဝင်သည်သာ ဖြစ်ချေသည်။

ဇီဝိတရုပ် (ဝါ) ကမ္မဇတေဇောရုပ် ဓာတ်၏ သဘောမှာမူ သဘာဝဓာတ်နှင့် ကမ္မဇ ဓာတ်တို့ ပေါင်းစပ်ဖွဲ့စည်း ဖြစ်ပေါ်သောတရားဖြစ်၍ လောကီ သိပ္ပံ ကိရိယာများဖြင့် စူးစမ်းရှာဖွေ၍ တွေ့ စကောင်းသော တရားမဟုတ်ချေ။

## မရဏာသန္နဝီထိ

အထက်ပါ မဇ္ဈိမ်ကာ ပါဠိတော်၏ အဆိုအမိန့်အရ "ဇီဝိတိန္ဒြေတရား"သည် ရုပ်အားရင်း, နာမ်အားရင်း ဆက်ဆံပုံ အခြင်းအရာသည် အလုံးစုံတူညီသည် ဖြစ်၍ ထို(ဇီဝိတိန္ဒြေ)

တရားသည် ရုပ်ကိုလည်း ဆက်ဆံသော၊ နာမ်ကိုလည်း ဆက်ဆံသော တခုတည်းသောတရားဖြစ်ပုံမှာ ထင်ရှား၏။

ဂဗ္ဘသေယျက သတ္တဝါတို့၌ "ဇီဝိတိန္ဒြေ"ရုပ် ချုပ်လျှင် ကျန်ကမ္မဇရုပ်များလည်း ချုပ်ငြိမ်းကြရ၍ သတ္တဝါ၏(တဘဝ) ကုန်ဆုံးခြင်းသို့ ရောက်ရ၏။

ထိုနည်းတူစွာပင် ဂဗ္ဘသေယျက သတ္တဝါတို့၌ (ဘဝင်စိတ်) ပြတ်လျှင် (ဝါ) ချုပ်လျှင် ကျန်စိတ်များ မဖြစ်ပေါ်နိုင်ဘဲ သတ္တဝါ၏(ဘဝ)ကုန်ဆုံးခြင်းသို့ ရောက်ရ၏။

အသက်စကားကို ထင်ရှားစေဦးအံ့၊ မရဏာသန္နအခါ၌ စုတိစိတ်၏အသက် တဆယ့်ခုနစ်ချက်မြောက်သော စိတ်၏ဌီကာလမှ စ၍ ကမ္မဇရုပ်သစ်များ ထပ်၍မဖြစ်ကြတော့ပေ၊ ထို့ကြောင့် သတ္တဝါတို့၏ တဘဝတွင် နောက်ဆုံးဖြစ်ခဲ့သော ကမ္မဇရုပ်တို့သည် စုတိစိတ်၏ဘင်ခဏနှင့် ပြိုင်၍ချုပ်သည်ကိုတွေ့နိုင်ပါသည်။

မရဏာသန္နဝီထိများတွင် (ဘုရား၊ရဟန္တာတို့မှတပါး)ပဉ္စဒွါရဝီထိနှင့် မနောဒွါရဝီထိဟူ၍ နှစ်မျိုးရှိလေသည်၊ ထိုနှစ်မျိုးအနက်လည်း (၁) ဇောနောင် စုတိ၊ (၂) ဇောဘဝင်နောင် စုတိ၊ (၃) တဒါရုံနောင်စုတိနှင့် (၄) တဒါရုံဘဝင် နောင်စုတိဟူ၍ လေးမျိုးစီ ကွဲပြားကြပေသေးသည်။

အထက်ပါ မရဏာသန္နဝီထိများကို လေ့လာလျှင် အမှတ် (၂) နှင့် (၄) ပါ မရဏာသန္နဝီထိတို့တွင် ဘဝင်စိတ် လိုအပ်သလောက်ခြားပြီးမှ စုတိစိတ်ကျသည်ကို တွေ့ရပါသည်၊ (သုက္ခဝိပဿက ရဟန္တာသည် မနောဒွါရ ကာမဇောဝီထိ အဆုံး၌ ပရိနိဗ္ဗာန်ပြုသည်။)

ဤအခြင်းအရာမှာ ဇီဝိတိန္ဒြေရုပ် မချုပ်မချင်း စုတိစိတ် မကျနိုင်သောကြောင့်(ခြား)စိတ်များ ဖြစ်ပေါ်ရခြင်းကို ပြလေသည်၊ ထို့ကြောင့် ကျမ်းပြုအကျော် ဆရာတော်အရှင်ဇနကာဘိဝံသက သင်္ဂြိုဟ်ဘာသာ ဋီကာကျမ်းစာမျက်နှာ(၄၂၈)ပထမစာပိုဒ်၌ "စုတိမှုကိစ္စ၌ ကမ္မဇရုပ်ချုပ်ခြင်းသာလျှင် အရင်းခံတည်း"ဟု မိန့်ဆိုတော်မူပါသည်။

ယခုစာအုပ်၏ ရှေ့ပိုင်းတွင် ပဋိသန္ဓေ၏အစ၌ ပဋိသန္ဓေစိတ်နှင့် ကမ္မဇရုပ်တို့ပြိုင်၍ဥပါဒ်ပုံကို(အညမညပစ္စည်း)ဖြင့် ပြဆိုခဲ့လေပြီ၊ အထက်ပါ များသည်ကား သတ္တဝါ၏တဘဝ၌ နောက်ဆုံးဖြစ်သော စုတိစိတ်နှင့် ဇီဝိတိန္ဒြေတို့၏ ဆက်ဆံပုံသဘောကို၊ ထင်ရှားစေရန် (ဝါ)ဇီဝိတိန္ဒြေသည် စုတိ, ပဋိသန္ဓေ, ဘဝင်စိတ်တို့၏မှီရာ, တည်ရာ ဖြစ်ခြင်းကို ထင်ရှားစေရန် ထပ်လောင်း၍ ဖွင့်ပြခြင်း ဖြစ်သတည်း။

## ဘဝင်အကြည်

စိတ်သည် (ဘဝင်စိတ်) တမျိုးတည်းသာရှိ၏၊ ထိုစိတ်အား ယှဉ်ဘက် တရားများနှင့်တကွ ဖြစ်သောအခါ သတ္တိအမျိုးမျိုး ပြောင်းလဲခြင်းကိုပင် စိတ်၏အမည် အမျိုးမျိုး ပညတ်ထားခြင်း ဖြစ်ကြောင်းကို အထက်၌ဆိုခဲ့၏။

ထိုအခြင်း အရာကို မြတ်စွာဘုရား ကိုယ်တော် မြတ်ကြီးက (အင်္ဂုတ္တရနိကာယ် သုတ္တန်ပိဋက ဧကကနိပါတ် ပဏိဟိတအစ္စဝဂ် အဋ္ဌမနှင့် နဝမသုတ်များ၌) အောက်ပါအတိုင်း ဟောကြားထားသည်ကို ထပ်မံ၍ ဘော်ပြပါဦးအံ့။

## အဋ္ဌမသုတ်

"ရဟန်းတို့....ဤ(ဘဝင်)စိတ်သည် ပြိုးပြိုးပြက်ပြက် တောက်ပ၏၊ ထိုစိတ်သည်ပင် (အကုသိုလ်ဇောခဏ၌) ဧည့်သည်သဘွယ်ဖြစ်ကုန်သော ညစ်ညူးကြောင်းကိလေသာတို့ကြောင့် ညစ်ညူးရ၏ဟု(မိန့်တော်မူ၏)"။

## နဝမသုတ်

"ရဟန်းတို့....ဤ(ဘဝင်)စိတ်သည် ပြိုးပြိုးပြက်ပြက် တောက်ပ၏၊ ထိုစိတ်သည်ပင် (ကုသိုလ်ဇောခဏ၌) ဧည့်သည်သဘွယ်ဖြစ်ကုန်သော ညစ်ညူးကြောင်းကိလေသာတို့မှ ကင်းလွတ်၏ဟု(မိန့်တော်မူ၏)"။

## ပင်ကိုစိတ်

စိတ်၏အမည် နာမ်ပေါင်း (၈၉) မျိုး ခွဲခြားထားသည့်အနက် ကုသိုလ်စိတ် (၂၁)နှင့် အကုသိုလ်စိတ်(၁၂)၊ ပေါင်း(၃၃)မျိုးသော စိတ်တို့သာလျှင် (ပင်ကို) စိတ်များဖြစ်ကြ၍ကျန်ဝိပါက်စိတ် (၃၆)၊ ကြိယာစိတ် (၂၀) တို့မှာ ကုသိုလ်၊ အကုသိုလ်စိတ်များ၏ (အရိပ်)များသာ ဖြစ်ကြ၏။

ထိုအရိပ် ဝိပါက်စိတ်(၃၆) အနက်မှ မဟာဝိပါက် (၈) မဟဂ္ဂုတ်ဝိပါက် (၉)နှင့် အဟိတ်ကုသလ ဝိပါက်သန္တီရဏ(၁) နှင့် အကုသလဝိပါက် သန္တီရဏ(၁)၊ ပေါင်း(၁၉) ခုသော ဝိပါက်အရိပ် စိတ်တို့ကို (ဘဝင်အကြည်)စိတ်ဟုခေါ်၏။

ထိုဘဝင်အကြည် အရိပ်စိတ်(၁၉)သည် အရိပ်မှအကောင်အထည် ပြန်၍ဖြစ်ပေါ်နိုင်သော သတ္တိပါခြင်းကြောင့် (ပဋိသန္ဓေစိတ်) ဟူ၍လည်း ခေါ်၏။

ဖြစ်မှုသဘော မှန်သမျှတို့သည် ဆန့်ကျင်ဘက် ဖြစ်သော ပျက်မှုသဘော အစဉ်ပါရှိကြသဖြင့် (ပဋိသန္ဓေစိတ်) ရှိလျှင် (စုတိစိတ်) ထက်ချပ်မကွာ ပါသည်ဖြစ်သောကြောင့် ထိုအရိပ်စိတ်(၁၉)ကိုပင် (စုတိစိတ်) ဟူ၍လည်းခေါ်၏။

ဘဝင်အကြည်သည် အရိပ်မှအကောင်အထည် ပြန်၍ဖြစ်နိုင်သော သတ္တိပါရှိသောကြောင့် ထိုဘဝင်အကြည်နှင့် တကွဖြစ်ဘက်တရားများအပေါ်တွင်မှီ၍ (၁)မနောဓာတ်အသိနှင့် (၂) မနောဝိညာဏဓာတ် အသိဟူ၍ ခေါ်သော (အသိသဘော) နှစ်မျိုး ဖြစ်ပေါ်နိုင်ကြ၏။

## မနောဓာတ်

ဓမ္မသင်္ဂဏီပါဠိတော် စိတ္တုပ္ပါဒကဏ္ဍ စာမျက်နှာ (၁၇၂)၌ မနောဓာတ်ကို အောက်ပါအတိုင်း ဖော်ပြ၏။

မနောဓာတ်။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း၊ အကြင်အခါ၌ (ရှေးရှေးအတိတ်ကာလ၌) ကာမာဝစရ ကုသိုလ်ကံကို ပြုအပ်ပြီးသည်၏အဖြစ် ဆည်းပူးအပ်ပြီးသည်၏ အဖြစ် (တဘန်ပြုအပ်ပြီးသည်၏အဖြစ်) ကြောင့် လျစ်လျူရှုမှု "ဥပေက္ခာ"နှင့် တကွဖြစ်သော အကျိုး "ဝိပါက်" ဖြစ်သော (အာရုံ)ကို သိကာမျှသဘော"မနောဓာတ်" (သမ္ပဋိစ္ဆနစိတ်)

သည် ရူပါရုံကိုဖြစ်စေ။ပ။ဖောဋ္ဌဗ္ဗာရုံကိုဖြစ်စေ အကြင်အကြင် တပါးပါးကို (အာရုံတမျိုးမျိုးကို)အာရုံပြု၍ ဖြစ်ဆဲ ဖြစ်၏။

ဤပါဠိတော်အရ (မနောဓာတ်)သည် အာရုံ ငါးပါးကို သိကာမျှ သဘောဖြစ်သော တရားဖြစ်ကြောင်း ထင်ရှားလှ၏။

ပသာဒရုပ်ငါးခုတို့၌ အာရုံငါးပါး အသီးသီးထင်မှု သဘော ငါးမျိုးကို ကုသိုလ်,အကုသိုလ် ဟူ၍ ပွားလျက်(ဒွေပဉ္စဝိညာဏ်) ဟုလည်း ခေါ်၏၊ ထိုတရား (၁၀)ပါးကို ဝိညာဏ်ဟူ၍ ခေါ် သော်လည်း သိမှုသဘော လုံးဝမဖြစ်ပေသေး၊ မနောဓာတ်၏ အဆင့်သို့ ရောက်ရှိ ပေါင်းဆုံမိသောအခါမှသာ (သိကာမျှ) သဘော ဖြစ်ပေ၏။

နာမ်တရားတို့၏ ဖြစ်ကြောင်းတံခါးကို "ဒွါရ"ဟု ခေါ်၏၊ စက္ခုအစရှိသော ပသာဒရုပ် ငါးခုကို (နာမ်တရားတို့၏ ဖြစ် ကြောင်း)ရုပ်တံခါးဟု ခေါ်၏၊ (ရုပ်ဒွါရ)။

ဘဝင်အကြည်ဓာတ်ကိုကား နာမ်တရားတို့၏ ဖြစ်ကြောင်း တံခါး-နာမ်တံခါး (နာမ်ဒွါရ)ဟုခေါ်၏။

**မှတ်ချက်**။ ။နောက်တိုး(ဟာဒယဝတ္ထု)သည် ရုပ်ဒွါရ အတွင်း၌ လည်း မပါနိုင်၊ နာမ်ဒွါရဖြစ်ရန်လည်း မအပ်စပ်ဘဲ ရှိနေသည်ကို သတိပြုပါရန်။

အထက်ပါ စကားကို ထင်ရှားစေဦးအံ့—

ဒွေပဉ္စဝိညာဏ်(၁၀)၏ အနှစ်သာရ သဘောကို သိရှိနိုင်ရန် ၎င်းတရားများအနက်မှ စက္ခုဝိညာဏ်၏ သဘောကိုကောက်နုတ် ဘော်ပြပါအံ့။

ဓမ္မသင်္ဂဏီ ပါဠိတော် စိတ္တုပ္ပါဒကဏ္ဍ၌ စက္ခုဝိညာဏ်၏ သဘောကို အောက်ပါအတိုင်းပြဆို၏။

## စက္ခုဝိညာဏ်

**စက္ခုဝိညာဏ်**။ အဘယ်တရားသည် အဗျာကတမည်သနည်း၊ အကြင်အခါ၌ (လွန်ခဲ့ပြီးသောအခါက) ကာမာဝစရကုသိုလ်ကံကို ပြုအပ်ပြီးသည်၏အဖြစ် "ကဋတ္တာ" ဆည်းပူးအပ်ပြီးသည်၏အဖြစ် (အဖန်ဖန်ပြုအပ်ပြီးသည်အဖြစ်) "ဥပစိတတ္တာ"ကြောင့် လျစ်လျူရှုမှု "ဥပေက္ခာ"နှင့်တကွ ဖြစ်သော အဆင်း "ရူပါရုံ" လျှင် အာရုံရှိသော (ရူပါရုံကို အာရုံပြု၍) အကျိုးဝိပါက်ဖြစ်သော မြင်သိစိတ် "စက္ခုဝိညာဏ်"သည် ဖြစ်ဆဲဖြစ်၏။

တဖန် ထိုပဉ္စဝိညာဏ်တို့၏ သဘောကို ခွဲခြမ်းစိတ်ဖြာ၍ ကြည့်လျှင်(သင်္ဂြိုဟ်၌) အောက်ပါ တရားသဘော (၇) မျိုးစီ ပါဝင်သည်ကို တွေ့ရ၏၊ (ဓမ္မသင်္ဂဏီပါဠိတော်၌ တရား ၁၁-ပါး ယှဉ်သည်ကိုပြ၏။)

(၁) ဖဿ၊ (၂) ဝေဒနာ၊ (၃) သညာ၊ (၄) စေတနာ၊ (၅) ဧကဂ္ဂတာ၊ (၆) ဇီဝိတိန္ဒြေနှင့် (၇) မနသိကာရတို့ ဖြစ်ကြ၏။

တဖန် မနောဓာတ်၏ သဘောကို ခွဲခြမ်းစိတ်ဖြာ၍ကြည့်လျှင် (သင်္ဂြိုဟ်၌) အောက်ပါတရားသဘော (၁၀) မျိုးပါဝင်သည်ကို တွေ့ရ၏။ (ဓမ္မသင်္ဂဏီ ပါဠိတော်၌ တရား ၁၄-ပါး ယှဉ်သည်ကိုပြ၏။)

(၁) ဖဿ၊ (၂) ဝေဒနာ၊ (၃) သညာ၊ (၄) စေတနာ၊ (၅) ဧကဂ္ဂတာ၊ (၆) ဇီဝိတိန္ဒြေ၊ (၇) မနသိကာရ၊ (၈) ဝိတက်၊ (၉) ဝိစာရနှင့် (၁၀) အဓိမောက္ခတို့ ဖြစ်ကြ၏။

အထက်၌ ဖော်ပြခဲ့သော ဒွေပဉ္စဝိညာဏ်၏ သဘောတရား (၇) ပါးတွင် သိမှုကိစ္စ မပါသည်ကို တွေ့နိုင်၏။

မနောဓာတ်၏ သဘောတရား (၁၀)ပါးတွင်ကား (၁) ဝိတက်-ယှဉ်ဘက် တရားတို့ကို အာရုံသို့ တင်ပေးခြင်း သဘော၊ (၂) ဝိစာရ-အာရုံကို ထပ်ကာယူခြင်း သဘောနှင့် (၃) အဓိမောက္ခ- အာရုံ၌ဆုံးဖြတ်ခြင်း သဘောများ ပါရှိလာကြသဖြင့် (သိကာမတ္တ) အဆင့်သို့ ရောက်လာရ၏။

ထို့ကြောင့် မနောဓာတ်သည် ပဉ္စပသာဒ၌ ထင်သော အာရုံကို"သိကာမျှသဘော" ဖြစ်သည်ဟု ဓမ္မသင်္ဂဏီပါဠိတော်၌ အထင်အရှား ဆို၏။

## မနောဝိညာဏဓာတ်

မနောဝိညာဏဓာတ် ဆိုသည်မှာ(၁)အကုသိုလ်စိတ် ၁၂၊ (၂) သန္တီရဏစိတ် ၃၊ (၃) မနောဒွါရာဝဇ္ဇန်းစိတ် ၁၊ (၄) ဟသိတုပ္ပါဒ်စိတ် ၁၊ (၅) ကာမာဝစရသောဘဏစိတ် ၂၄၊ (၆) ရူပါဝစရစိတ် ၁၅၊ (၇) အရူပါဝစရစိတ် ၁၂၊ (၈) လောကုတ္တရာစိတ် ၈-ဟုခေါ်ဆိုသော စိတ်အပြား ၇၆–မျိုး ဖြစ်ပေါ်နိုင်သော ဓာတ်ကိုခေါ်ပါသည်။

ထို့ကြောင့် ဓမ္မသင်္ဂဏီပါဠိတော် စိတ္တုပ္ပါဒကဏ္ဍ၌ "မနောဝိညာဏဓာတ်"ကို အောက်ပါအတိုင်းဖော်ပြ၏။

**မနောဝိညာဏဓာတ်။** ထိုအခါ၌ မနောဝိညာဏဓာတ်ဟူသည် အဘယ်သဘော ဖြစ်သနည်း၊ ထိုအခါ အကြင်စိတ်,သိသော သဘော, သိမှုသဘော, စိတ်နှလုံးဖြူစင်သော သဘော, သိခြင်းသဘော, သိမှုဟူသော ဖြစ်ရာဌာန "မနာယတန"၊ အစိုးတရသိမှု "မနိန္ဒြေ"၊ အထူးသိမှု "ဝိညာဏ"၊ အထူး သိမှုအစု "ဝိညာဏက္ခန္ဓာ"၊ ထိုစိတ်အား လျော်ကပ်သောသိမှု သဘော "မနောဝိညာဏဓာတ်" သည်(ရှိ၏၊) ထိုအခါ မနောဝိညာဏဓာတ်ဟူသည် ဤသဘောဖြစ်၏။

အထက်ဖော်ပြရာပါ မနောဝိညာဏဓာတ် (၇၆)ပါးတို့၏ သဘောသရုပ် များကိုလည်း (စေတသိက်ယှဉ်ပုံ၌) အသေးစိတ် ခွဲခြမ်းစိတ်ဖြာ၍ ပြဆို၏။

## စိတ်၏မူလ

အထက်၌ ဖော်ပြခဲ့သည်များကို လိုရင်းသို့ ချုပ်လိုက်သည်ရှိသော်-(စိတ်) တရား၏မူလအရင်းအမြစ်သည် (ဘဝင်အကြည်) ဖြစ်သည်မှာ ထင်ရှား၏။

ထိုဘဝင်အကြည်မှ (၁)မနောဓာတ် အသိတရားနှင့် (၂) မနောဝိညာဏဓာတ် အသိတရားဟူ၍ ပင်မအမျိုးနှစ်ခု ခွဲခြားထား၏။

မနောဓာတ်အသိသည် ဒွေပဉ္စဝိညာဏ်ဟု ဆိုသော (ပသာဒရုပ် ငါးခုနှင့် အာရုံငါးပါး)တို့၏ ပေါင်းဆုံမှုကြောင့် ဖြစ်ပေါ်သော တရားများကို သိကာမျှသဘောဖြစ်၏။

မနောဝိညာဏဓာတ်သည် ဘဝင်အကြည်နှင့် အာရုံခြောက်ပါးတို့ ပေါင်းဆုံမှုကြောင့် ဖြစ်ပေါ်သော အထူးသိမှုသဘော ဖြစ်၏၊ အထက်၌ ဖော်ပြခဲ့သော အသိတရား (၇၆) ခုနှင့် ဆက်ဆံ၏၊ တရားတပါးစီ၏ သိနည်းသိဟန် အကျယ်မှာ-ထိုတရားတို့နှင့်တကွ ဖြစ်ဘက်စေတသိက်တရားများကို ကြည့်၍ သိနိုင်၏။

## သိမှုအပြား

အထက်ပါ စကားများကို ပိုမိုရှင်းလင်းသွားစေရန် ရည်သန်လျက် ပဥ္စဝိညာဏ်,မနောဓာတ်နှင့် မနောဝိညာဏ ဓာတ်တို့၏ ကွဲပြားခြားနားပုံကို ဥပမာအားဖြင့် သရုပ်ဆောင်၍ ပြပါဦးအံ့။

ကျွန်ုပ်တို့၏ မျက်စေ့အကြည်၌ အဆင်း အရိပ်ထင်တိုင်း အသိစခန်းသို့ မရောက်ပါ၊ ထိုနည်းငှင်းပင် နားအကြည်၌ အသံနှင့်ထိခိုက်တိုင်း မသိ၊ နှာခေါင်းအကြည်၌ အနံ့နှင့် ထိခိုက်တိုင်း မသိ၊ လျှာအကြည်၌ အရသာနှင့် တွေ့တိုင်းမသိ၊ ကိုယ်အကြည်၌ အတွေ့နှင့်ထိတိုင်း မသိကြပါ။

ဆိုလိုရင်းမှာ မြင်မှုနှင့်သိမှုသည်ငှင်း, ကြားမှုနှင့် သိမှုသည်ငှင်း, နံမှုနှင့်သိမှုသည်ငှင်း,လျက်မှုနှင့်သိမှုသည်ငှင်း, ထိမှုနှင့်သိမှုသည်ငှင်း တရားသဘောတခုစီ ဖြစ်ပါသည်၊ တဖန် သိမှုဆိုရာ၌လည်း သိကာမတ္တသဘော (မနောဓာတ်)၊ ဝိပါက်စိတ်သိနှင့် အထူးသိသဘော (မနောဝိညာဏဓာတ်) စိတ်သိဟူ၍ ကွဲပြားခြားနားမှု ရှိကြပါသည်။

## ဝိညာဏလက္ခဏပဥှာ

ထို့ကြောင့်ပင်လျှင် မိလိန္ဒပဥှာပါဠိတော် ဝိညာဏလက္ခဏ ပဥှာ၌ အောက်ပါအတိုင်း ဘော်ပြပါရှိ၏။

"အသျှင်ဘုရား နာဂသေန....ဝိညာဏ်သည် အဘယ်လက္ခဏာ ရှိပါသနည်းဟု (မေးလျှောက်၏၊) မင်းမြတ်....ဝိညာဏ်သည် အာရုံကို သိခြင်းလက္ခဏာရှိ၏ဟု (မိန့်တော်မူ၏)"။

"ဥပမာပြုတော်မူဦးလော့-ဟု(လျှောက်၏၊) မင်းမြတ်....။ပ။ မျက်စိ-စက္ခုပသာဒဖြင့် အကြင် အဆင်း-ရူပါရုံကို မြင်၏၊ ထို အဆင်း—ရူပါရုံကို ဝိညာဏ်ဖြင့်သိ၏၊ နား—သောတပသာဒဖြင့် အကြင်အသံ-သဒ္ဒါရုံကို ကြား၏၊ ထိုအသံ-သဒ္ဒါရုံကို ဝိညာဏ် ဖြင့်သိ၏၊ နှာခေါင်း-ဃာနပသာဒဖြင့် အကြင်အနံ့-ဂန္ဓာရုံကို နမ်းရှူ၏၊ ထိုအနံ့-ဂန္ဓာရုံကို ဝိညာဏ်ဖြင့်သိ၏၊ လျှာ-ဇိဝှါ ပသာဒဖြင့် အကြင်အရသာ-ရသာရုံကို လျက်၏၊ ထိုအရသာ-ရသာရုံကို ဝိညာဏ်ဖြင့်သိ၏၊ ကိုယ်-ကာယပသာဒဖြင့် အကြင် အတွေ့အထိ-ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိ၏၊ ထိုအတွေ့အထိ-ဖောဋ္ဌဗ္ဗာ ရုံကို ဝိညာဏ်ဖြင့်သိ၏၊ စိတ်ဖြင့် အကြင် ဓမ္မာရုံကို သိ၏၊ ထို ဓမ္မာရုံကို ဝိညာဏ်ဖြင့်သိ၏၊ မင်းမြတ်....ဤသို့လျှင်ဝိညာဏ်သည် အာရုံကိုသိခြင်း လက္ခဏာရှိ၏-ဟု(မိန့်တော်မူ၏)"။

"အသျှင်ဘုရား နာဂသေန....သင့်လျော် လျောက်ပတ်ပါပေ၏-ဟု(လျှောက်၏)"။

ဤစကားမှန်သည်,မမှန်သည်ကို မိမိတို့၏ကိုယ်၌ လက်တွေ့ စူးစမ်းကြည့်ခြင်းဖြင့် ဒိဋ္ဌသိနိုင်မည် ဖြစ်သောကြောင့် အကျယ် မရေးတော့ပြီ။

သရုပ်မှာ ပဥ္စပသာဒနှင့်သက်ဆိုင်ရာ အာရုံငါးပါးတို့ ထိမိတိုင်း ထင်ခြင်းသို့ရောက်ကြသော်လည်း သိမှုစခန်းသို့ မရောက်သောအဆင့်ကို (ပဥ္စဝိညာဏ်)ဟု ခေါ်နိုင်သည်။

ဒုတိယအဆင့်အားဖြင့် ပုဂ္ဂိုလ်တဦးသည် စာတအုပ်ကို ဖွင့်၍ ဘတ်ရာ၌ စာမျက်နှာပေါ်တွင် ရှိနေကြသော စာလုံးများအား မြင်ကာမျှ သဘောမျိုးကို (မနောဓာတ်) အသိဟု ဆိုနိုင်၏။

အထက်နည်းအတိုင်းပင် ကြားမိသယောင်, နံမိသယောင်, လျက်မိသယောင်, ထိမိသယောင်မျှလောက်သော အသိမျိုးကို ခွဲ၍ကြည့်လျှင် အရိပ်သဘော (ဝိပါက်) ဖြစ်သော (မနောဓာတ်)၏သရုပ်ကို သဘောပေါက်နိုင်၏။

ထို ဥပမာ၌ မိမိ၏ဘတ်ရှုသဲ စာလုံး၏ပုံသဏ္ဍာန်, အသံထွက်, အနက်အဓိပ္ပါယ် အစရှိသဖြင့် အထူးသိမှုသဘော (အဆင့်) ကို မနောဝိညာဏဓာတ်၏ အသိဟု ခေါ်ဆိုနိုင်ပါသည်။

## ပိဋကနှင့် ဟပ်၍ကြည့်သော်

ယခုတဖန်ပိဋကနှင့်ဟပ်၍ ဥပမာပြလိုက်ပါဦးအံ့၊ အကြင်သူသည် ခလုတ်တိုက်မိသဖြင့်နာကျင်မှုကြောင့်စိတ်ဆင်းရဲ၏၊ ထိုစိတ်ကို ဒုက္ခနှင့်တကွဖြစ်သော ကာယဝိညာဏ်စိတ်ဟု ခေါ်၏၊ယင်းစိတ်၌ပါသော သဘောတရားစုကို ခွဲခြားစိတ်ဖြာ ကြည့်လျှင် စိတ်တိုင်း၌ပါကြသော (ဖဿ, ဝေဒနာ, သညာ, စေတနာ, ဧကဂ္ဂတာ, ဇီဝိတိန္ဒြေ,မနသိကာရစေတသိက် (၇) မျိုး၏ သဘောကို တွေ့နိုင်၏။

ထိုတွင် စိတ်တို့၏ နိယာမအတိုင်း (ဘဝင်စိတ်) မှ စသော ကာယဒွါရစိတ်အစဉ် တခုခုသည်အကြောင်းအားလျော်စွာ ဖြစ်တော့၏၊ ဥပမာ- ဘဒ္ဒါရမ္မဏဝါရ အတိမဟန္တာရုံ ကာယဒွါရ ဝီထိစိတ်ဖြစ်သည် ဆိုကြပါအံ့၊ (၁) အတီတဘဝင် (၂) ဘဝင်စလန (၃) ဘဝင်္ဂုပစ္ဆေဒ (၄) ပဉ္စဒွါရာဝဇ္ဇန်း (၅) ကာယဝိညာဏ် (၆) သမ္ပဋိစ္ဆိုင်း (မနောဓာတ်) (၇) သန္တီရဏ (မနောဝိညာဏဓာတ်) (၈) ဝုဋ္ဌော (၉) ဇော (၇) ကြိမ် (၁၆) တဒါရုံ (၁၇) တဒါရုံ, ဘဝင်စသော စိတ်အစဉ်များ ဖြစ်ပေါ်၏။

ဤစိတ်အစဉ်တွင် ဒေါသစိတ်နှစ်မျိုးအနက်မှ တမျိုး ဖြစ်ပေါ်၏၊ ထိုစိတ်နှင့်အတူ စိတ္တဇရုပ် (၁၅) မျိုးအနက်မှ ဖြစ်သင့် ဖြစ်ထိုက်သော စိတ်ကြောင့်ဖြစ်သည့် ရုပ်တို့သည်လည်း စိတ်အကြိမ်ကိုလိုက်၍ အဘန်ဘန်ဖြစ်ပျက်ကြ၏။

အထက်ပါ ဒေါသစိတ်၏ အနှစ်သာရကို စိစစ်ပြန်လျှင် ပိတိကြဉ်သော အညသမာန်း စေတသိက် (၁၂), အကုသလသာဓာရဏ စေတသိက် (၄), ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ထိန, မိဒ္ဓ, စေတသိက်တရားပေါင်း (၂၂)မျိုး၏ သဘောများ ပါဝင်သည်ကို တွေ့နိုင်၏၊ ၎င်းတရားများအနက် ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ထိန, မိဒ္ဓတရား (၅) မျိုးသည် ရံခါဖြစ်၍ ရံခါ၌မဖြစ်ချေ။

အထက်ဖော်ပြပါ စိတ်,စေတသိက်တရားများအား ဝေဒနာ သဘောအားဖြင့် ၎င်း, ဟိတ်အားဖြင့်၎င်း, ကိစ္စအားဖြင့်၎င်း

ဒွါရအားဖြင့်ရင်း,အာရုံအားဖြင့်ရင်း, ဝတ္ထုအားဖြင့်ရင်း ဝေဘန်နိုင်သေး၏။

ဤတွင် စိတ်သည် အာရုံကိုသိမှုသဘော တခုတည်းသာ ဖြစ်သော်လည်း ဂုဏ်, သတ္တိ, သဘောသဘာဝအမျိုးမျိုး ပြားနိုင်သောကြောင့် အသိနက်နဲခက်ခဲပုံ အမြွက်မျှသာ ဖြစ်သတည်း။

ဤနေရာ၌ လောကဝေါဟာရစကားတခုကို သတိပြုမိ၏၊ ထိုစကားမှာ— (သယ်-နင်ငါ့စိတ်ကို အသိသားနဲ့)ဟူ၍ ဖြစ်၏၊ လက်တွေ့တွင် (ငါ့စိတ်ကို) နင်လည်းမသိ၊ ငါလည်းမသိ သည်မှာ အမှန်ဖြစ်၏၊ မိမိတို့သည် ကိုယ့်စိတ်ကိုကိုယ် အမြဲသိရှိသဘောပေါက်နေကြလျှင် လူ့သတ္တဝါတို့၌ (မကောင်းမှုမှုရှက်ခြင်း, ထိတ်လန့်ခြင်း) သဘောတရားများ ထာဝစဉ်မြဲနေကြမည်ဖြစ်၍ လူ့လောကကြီးသည် အလွန်ငြိမ်းချမ်း သာယာသောလောကကြီးဖြစ်နေတန်ရာ၏။

## ဘုရားဟော ပါဠိတော်များနှင့် ညီညွတ်ခြင်း

ကမ္မဇရုပ်တို့သည် ရှေးကံကြောင့်ဖြစ်၏၊ ထိုကံပြတ်သည့်အခါ၌ နောက်ထပ်၍ ကံကြောင့်ဖြစ်သောရုပ်သည်လည်း မဖြစ်တော့ပေ။

ဘဝင်စိတ်သည်လည်း ရှေးကံကြောင့် ဖြစ်သော (ဝိပါက်) တရားဖြစ်၏၊ ကံပြတ်သည့်အခါ၌ ဘဝင်စိတ်သည်လည်း နောက်ထပ်၍ မဖြစ်တော့ပေ။

ရုပ်ကိုဖြစ်စေသောကံနှင့် စိတ်ကိုဖြစ်စေသောကံတို့ ပေါင်းဆုံမိကြသောအခါ ရုပ်, နာမ် နှစ်မျိုးရှိသော သတ္တဝါ ဖြစ်မှုအားအကျိုးပြု၏။

ကမ္မဇရုပ်သည် ရှေးကံကြောင့် ဖြစ်သော်လည်း (ပဝတ္တိ) အသက်ဆက်မှုမှာ (ဇီဝိတိန္ဒြေတရား) ကြောင့် ဖြစ်၏။

နာမ်တရား၏ မူလဖြစ်သော (ဘဝင်စိတ်)သည်လည်း ရှေးကံကြောင့်ဖြစ်၏၊ တကွဖြစ်ဘက်တရားများနှင့် (ပဝတ္တိ)အသက်ဆက်မှုမှာ (ဇီဝိတိန္ဒြေတရား)ကြောင့် ဖြစ်၏။

ဤကား ကံကြောင့်ဖြစ်သောရုပ်, ကံကြောင့်ဖြစ်သော ဘဝင်စိတ်နှင့် ဇီဝိတိန္ဒြေ တရားတို့၏ သဘောနှင့် ဆက်ဆံပုံ အခြင်းအရာတည်း။

အထက်တွင် ဘော်ပြခဲ့သည်တို့ကို ထောက်၍ နာမ်တရားတို့၏ မူလဖြစ်သော(ဘဝင်စိတ်)သည် ရှေးကံနှင့် ဇီဝိတရုပ်တို့ကို စွဲမှီ၍ ဖြစ်သည်မှာ အထူးထင်ရှားနေ၏။

သိမှု(မနောဝိညာဏဓာတ်) မှာမူကား အထက်ပါ (ဘဝင်စိတ်)နှင့် သဘာဝဓမ္မများ (ဓမ္မာရုံ)ကို စွဲမှီ၍ဖြစ်၏၊ ဤတွင် စောစောပိုင်း၌ ကိုးကားဘော်ပြခဲ့သော မြတ်စွာဘုရား ဟောကြားတော်မူသည့် (သုတ္တန်ဒေသနာတော်များ) နှင့် တကွ(ဓမ္မသင်္ဂဏီ ပါဠိတော်)တို့နှင့် အံဝင်ဂွင်ကျ ဖြစ်လေတော့သည်။

အချုပ်အားဖြင့် ဆိုရသော် မနောဝိညာဏ်သည် ဘဝင်အကြည်(မနောဒွါရ)၌ဖြစ်၏၊ (မနောဓာတ်နှင့် မနောဝိညာဏဓာတ် နှစ်မျိုးကိုပေါင်း၍ မနောဝိညာဏ်ဟု သုံးနှုန်းပါသည်။)

ဘဝင်အကြည်သည်လည်း ဇီဝိတရုပ်(ကမ္မဇတေဇောဓာတ်) ကို မှီ၍ဖြစ်၏၊ ဇီဝိတရုပ်(ကမ္မဇတေဇောဓာတ်)သည် သတ္တဝါ၏ တကိုယ်လုံး၌ ပျံ့နှံ့၍တည်၏။

ထို့ကြောင့် မနောဝိညာဏ်သည် ဇီဝိတရုပ်၏ ပျံ့နှံ့ရာဒွါရ အားလုံး၌ ဖြစ်ပေါ်နိုင်ကြပါသည်၊ ဤစကားမှန်၏၊ ခုဒ္ဒက နိကာယ်ဝင် သုတ္တန်ပိဋကမိလိန္ဒပဥှာပါဠိတော် စက္ခုဝိညာဏာ ဒိပဥှာ၌ အောက်ပါအတိုင်းပါရှိ၏။

## စက္ခုဝိညာဏာဒိပဥှာ

"မိလိန္ဒမင်းသည် အသျှင်ဘုရား နာဂသေန....အကြင် စက္ခုဒွါရ၌ စက္ခုဝိညာဏ်စိတ် ဖြစ်၏၊ ထိုစက္ခုဒွါရ၌ မနောဝိညာဏ် ဖြစ်နိုင်ပါသလောဟု မေးလျှောက်၏၊ မင်းမြတ်....အကြင်စက္ခုဒွါရ၌ စက္ခုဝိညာဏ် ဖြစ်၏၊ထိုစက္ခုဒွါရ၌ မနောဝိညာဏ်သည်လည်း ဖြစ်နိုင်ပါသည်ဟု (မိန့်တော်မူ၏)"။

"အသျှင်ဘုရား နာဂသေန....အသို့ပါနည်း၊ ရှေးဦးစွာ စက္ခုဝိညာဏ်ဖြစ်၍ နောက်မှ မနောဝိညာဏ်ဖြစ်ပါသလော၊သို့မဟုတ် မနောဝိညာဏ် ရှေးဦးစွာဖြစ်၍ နောက်မှ စက္ခုဝိညာဏ် ဖြစ်ပါသလောဟု မေးလျှောက်၏၊ မင်းမြတ်....ရှေးဦးစွာစက္ခုဝိညာဏ်ဖြစ်၍ နောက်မှ မနောဝိညာဏ် ဖြစ်၏ဟု (မိန့်တော်မူ၏)"။

" အသျှင်ဘုရားနာဂသေန .... အကြင်ဒွါရ၌ သောတဝိညာဏ်သည် ဖြစ်၏၊ ထိုဒွါရ၌ မနောဝိညာဏ်သည် ဖြစ်ပါသလောဟု (လျှောက်၏) ။ပ။အကြင်ဒွါရ၌ ဃာနဝိညာဏ်သည် ဖြစ်၏၊ အကြင်ဒွါရ၌ ဇိဝှါဝိညာဏ်သည် ဖြစ်၏၊ အကြင်ဒွါရ၌ ကာယဝိညာဏ်သည် ဖြစ်၏၊ ထိုဒွါရ၌ မနောဝိညာဏ်သည် ဖြစ်ပါသလောဟု (လျှောက်ထား၏၊) မင်းမြတ်....ဟုတ်

၏၊ အကြင်ဒွါရ၌ ကာယဝိညာဏ်ဖြစ်၏၊ ထိုဒွါရ၌ မနော ဝိညာဏ်သည်လည်း ဖြစ်၏ဟု (မိန့်တော်မူ၏)"။

**အမှာစကား**။ ။ဤနေရာ၌ သင်္ဂြိုဟ်ကျမ်းတွင် ပဉ္စဒွါရ၌ **ကာမ** စိတ်(၅၄) ဖြစ်နိုင်သည်ဟု ဆိုသည်ကိုလည်း **သတိပြုသင့်လေသည်**။

အထက်ပါ သုတ္တန် ဒေသနာတော်၌ ဖြစ်ပေါ်ရာ ဒွါရဖြစ် ခြင်းကြောင့် ဝိညာဏ်ဖြစ်ပေါ်ပုံကို အကျယ်ဟောပြောထားပါ သည်၊ ဟဒယဝတ္ထုသည် (ဒွါရ) မဟုတ်သည်ကို အထူးသတိ ချပ်သင့်လှ၏။

## စိတ်ဖြစ်ပေါ်ပုံ

အထက်မိလိန္ဒပဉှာ ပါဠိတော်နှင့် ဤစာအုပ်တွင် ကိုးကား ခဲ့သော ဒေသနာတော်များကို ထောက်၍ စိတ်ဖြစ်ပေါ်ပုံ အခြင်းအရာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ဘဝင်စိတ်၌ ဖဿ, ဝေဒနာ, သညာ, စေတနာ, ဧကဂ္ဂတာ, ဇီဝိတိန္ဒြေနှင့် မနသိကာရဟု ဆိုသော တရားသဘောများနှင့် ယှဉ်၍ ကံ, ကမ္မနိမိတ်နှင့် ဂတိနိမိတ် **အတိတ်အာရုံ** တခုခုကို အာရုံပြုခြင်းကို ဖော်ပြခဲ့ပါပြီ။

မျက်စိအကြည်နှင့် အဆင်းအာရုံတို့ ပေါင်းဆုံမိကြသော အခါ ထိုအာရုံသည် မျက်စိ အကြည်ရုပ်နှင့်တကွ စက္ခုဒွါရ အတွင်း၌ပျံ့နှံ့နေသည့် ဇီဝိတရုပ်ကိုမှီ၍ တဖြတ်ဖြတ်ပေါ်သော ဘဝင် အကြည်၌လည်း တပြိုင်နက်တည်း အာရုံထင်ကြပါ သည်၊ ထိုအခိုက်တွင် ဘဝင်စိတ်၏ မူလအတိတ် အာရုံပြတ်၍

ပစ္စုပ္ပန်အဆင်း အာရုံသစ်ပေါ်ခြင်းကို (မနောဓာတ်စိတ်သို့) သမ္ပဋိစ္ဆိုင်းစိတ်ဟု ခေါ်ပါသည်၊ ၎င်းစိတ်၌ စေတသိက်(၁၀) မျိုးယှဉ်နိုင်သည်ကိုလည်း အထက်တွင်ရေးခဲ့ပါပြီ။

(နား,နှာခေါင်း,လျှာနှင့် ကိုယ်တို့၌ပေါ်သော အာရုံများနှင့် မနောဓာတ် ဖြစ်ပေါ်ပုံကိုလည်း အထက်နည်းကိုမှီး၍ သိသာလောက်ပေပြီ။)

မနောဓာတ်စိတ်သည် အရှိန်အဟုန်ရရှိလျက်(ဇောစိတ်)များ ဖြစ်ပေါ်နိုင်ရန် အရည်အခြင်း ပြည့်ဝလာသောအခါ (မနောဝိညာဏဓာတ်) သန္တီရဏစိတ်ဟူ၍ ခေါ်ပြန်ပါသည်။

[အထက်ပါတို့မှာ ပဉ္စဒွါရ၌ အခြေပြုသောစိတ်တို့၏ ဖြစ်စဉ်အကြမ်းသဘော ဖြစ်ပါသည်၊ အကျယ်ကိုသင်္ဂြိုဟ်ကျမ်း၌ ကြည့်ပါ။]

ပညတ်တရား, သုခုမရုပ်, စိတ်, စေတသိက်နှင့် နိဗ္ဗာန်အာရုံများသည် (တကိုယ်လုံး၌ ပျံ့နှံ့နေသော ဇီဝိတရုပ်ကို မှီ၍ တဖြတ်ဖြတ် ဖြစ်ပေါ်သော) ဘဝင်အကြည် (မနောဒွါရ) ၌ တိုက်ရိုက် ထင်သောအခါ (ကြံသိ) သဘော (မနောဝိညာဏဓာတ်) ဟု ဆိုရပါသည်။

မနောဝိညာဏ ဓာတ်သည် (သာမန်အားဖြင့်) ပုထုဇဉ်တို့၏ သန္တာန်၌ (ကာမအာရုံ) ကာမဇောစိတ်များသာ ဖြစ်ကြပါသည်၊ အထူးလေ့ကျင့် ပွားများအားထုတ်ခဲ့ပါလျှင် (မဟဂ္ဂုတ်အာရုံ) မဟဂ္ဂုတ် ဇောစိတ်များလည်း ဖြစ်ပေါ် နိုင်ပါသည်၊

သံသရာဝဋ်မှ ထွက်မြောက်လိုသူများမှာ (နိဗ္ဗာန်အာရုံ) မဂ်ဇော စိတ်, ဖိုလ်ဇောစိတ်များ ဖြစ်ပေါ်အောင် အားထုတ်နိုင်ကြပါသည်။

အထက်ပါစိတ်ဖြစ်ပေါ်ပုံသဘောနှင့်ရှေ့ပိုင်းတွင် ကိုးကားခဲ့သည့်ပိဋကတော်တို့ကိုထောက်၍ ခန္ဓာကိုယ်ဘခုလုံး၌ပျံ့နှံ့လျက်ရှိသော ဇီဝိတိန္ဒြေရုပ်ကိုမှီ၍တဖြတ်ဖြတ်ဖြစ်ပေါ်သော (ဘဝင်) စိတ်အား(၆)ဒွါရမှလွတ်သော (ဒွါရဝိမုတ်)စိတ်ဟု ပညတ်ထားသည်ကို သတိချပ်စေလိုပါသည်၊ ယင်းဘဝင်စိတ်တွင် ယှဉ်ဘက်တရားများကိုထောက်၍ အကြောင်းအားလျော်စွာ ခြောက်ဒွါရစိတ် အသီးအသီးဖြစ်ပေါ်ကြပုံကိုသည်း နားရှင်းလောက်ပြီဟု ယူဆပါသည်။

နိဂုံးတွင် စိတ်ဖြစ်ပေါ်ပုံသဘောကို သိပ္ပံအတွေ့နှင့်နှိုင်းယှဉ်၍ပြရသော် ဇီဝိတိန္ဒြေရုပ်သည် လျှပ်စစ်ကြိုးနှင့်တူ၏၊ ဘဝင်အကြည်စိတ်သည် လျှပ်စစ်ကြိုး တလျှောက်၌ တစက္ကန့်လျှင် (Frequency) အကြိမ်(၅၀) နှုန်းမျှ ဖြစ်ပျက်နေသောလျှပ်စစ်အားနှင့်တူပါသည်။

ယင်းလျှပ်စစ်ကြိုး၌ ကိန်းနေသော လျှပ်စစ် ဓာတ်သည် အတိုက်ဓာတ်နှင့် တွေ့ထိသောအခါ မီးပေါက် မီးဖွား အပူဓာတ်များ တဖြတ်ဖြတ်ဖြစ်ပေါ်ဘိသကဲ့သို့ ဇီဝိတိန္ဒြေရုပ်အစဉ်၌ ကိန်းနေသော ဘဝင် အကြည်သည်လည်း အတိုက်ဓာတ်မှာရုံနှင့် တွေ့ထိသောအခါ မနောဝိညာဏဓာတ်သည် တဖြတ်ဖြတ်ဖြစ်ပေါ်သကဲ့သို့တည်း၊

## ဇီဝိတရုပ်ဓာတ်နှင့်စိတ်

နှလုံးတုန်ခြင်း,ရင်ခုန်ခြင်း သဘောတို့မှာ စိတ္တဇရုပ်၏ အသွင် လက္ခဏာများသာ ဖြစ်ပါသည်၊ စိတ်သည် နှလုံးအိမ် (ဟဒယ ဝတ္ထု)ကို မှီ၍ဖြစ်သောကြောင့် တုန်လှုပ်ခြင်းဖြစ်သည်ဟု ယူဆ ခဲ့လျှင် ဗုဒ္ဓအဘိဓမ္မာ၏ နက်နဲခက်ခဲ သိမ်မွေ့သည့် သဘောကို ပြက်ရယ်ပြုရာ ရောက်မည်ကို အထူးစိုးရိမ်ရပါသည်၊ ဘဝင်စိတ် ဟု ခေါ်သော (သိစိတ်)တို့၏ အခြေခံမူလ (မနာယတန)သည် လူသာမန်တို့ သဘောပေါက်နိုင်ရန် အလွန် ခက်ခဲနက်နဲသော (ဇီဝိတရုပ်ဓာတ်)ကို မှီရမှသာ ဖြစ်ပေါ်နိုင်ပါသည်၊ ဤစကား မှန်၏၊ သစ်တုံး,ကျောက်ခဲ, လူသေ အလောင်းကောင် အစရှိ သော (ဇီဝိတရုပ်ဓာတ်) ကင်းမဲ့ ဆိတ်သုဉ်းသည့် တရားတို့၌ (စိတ်) မဖြစ်နိုင်သည်ကို ထောက်၍ သိလေ။

ဤကိစ္စကို အနည်းငယ်ချဲ့၍ ရေးရသော် ဇီဝိတနှင့် ဝိညာဏ် သည် တရားတမျိုးစီဖြစ်ပါသည်၊သတ္တာဝါသ (၉) ပါး အနက်မှ အသညသတ်ဘုံသားနှင့် နေဝသညာနာသညာယတန ဘုံသား တို့အား ဝိညာဏဌီတိ (၇) ပါး၌ထည့်သွင်းရေတွက်ခြင်း မပြုဘဲ ချန်လှပ်ထားခြင်းကိုကြည့်စေလိုပါသည်၊ သိမှုဝိညာဏ်နှင့်သညာ စသော စေတသိက်များလည်း တရားတမျိုးစီဖြစ်၏။

ယခုဆက်လက်၍ လူ၏ကိုယ်ခန္ဓာတခုလုံး၌ ပျံ့နှံ့၍ တည် သော (ဇီဝိတရုပ်) ခေါ် အသက်ရုပ်၏သဘောကို သိပ္ပံပညာ၏ အတွေ့နှင့်နှိုင်းယှဉ်လျက် အောက်တွင်ဖော်ပြလိုက်ပါသည်။

## ဇီဝိတရုပ်နှင့်သိပ္ပံအတွေ့

"All tissues are made up of cells. Microsoope specks of jelly, in which the fundamental prosses of life take place. There are nerve cells, musele cells, liver cells and so on, all different, depending on the work, they do, yet all basically the same self-contained units of life."

"Altogether 1,000,000,000,000 cells exist in the body of one human being."

(Mordern Biology by Professor Henry Harris and Dr.J.F.Watkins.Oxford Univarsity.)

မြန်မာပြန်ဆိုလိုရင်းမှာ "(ကိုယ်ခန္ဓာ၌ ယှက်သန်းဖွဲ့စည်းနေသော) အသားစိုင်အသားမျှင်တို့မှာ ကလာပ်စည်းများဖြင့်ပြီးလေသည်၊ (ထိုကလာပ်စည်းများကို) မှန်ဘီလူးဖြင့် ကြည့်သောအခါ ပျစ်ချွဲနေသော ဝတ္ထုအတွင်း၌ အသက် (ဇီဝ) ၏ မူလဖြစ်ပေါ်မှုအစဉ်ကို တွေ့ရသည်"။

"ယင်းကလာပ်စည်း များမှာ-အာရုံကြော ကလာပ်စည်း, ကြွက်သားကလာပ်စည်း, အသဲကလာပ်စည်းအစရှိသဖြင့် (လူ၏ခန္ဓာကိုယ်အရပ်ရပ်၌)၎င်းတို့၏လုပ်ငန်းအလျောက် ကလာပ်စည်းအမျိုးမျိုးရှိကြသော်လည်း စင်စစ်မှာ ထိုကလာပ်စည်းတို့သည် အသက်(ဇီဝ)နှင့်ပြည့်စုံသော အခြေခံဌာနများဖြစ်မှုတွင်အရင်းခံအားဖြင့်တူညီကြလေသည်"။

"လူတဦး၏ခန္ဓာကိုယ်တွင် (ဆိုခဲ့သည့်)ကလာပ်စည်းပေါင်း ကုဋေတသိန်းရှိလေသည်"။

အထက်ဖော်ပြပါ သိပ္ပံပညာ၏ အတွေ့နှင့် (ဇီဝိတရုပ်သည် လူတကိုယ်လုံး၌ ပျံ့နှံ့ရှိတည်၏၊ သိစိတ်အားလုံး၏ ပင်ရင်း ဖြစ်သော ဘဝင်စိတ်သည် ဇီဝိတရုပ်ဓာတ်ကို မှီ၏၊ထိုသိစိတ်တို့သည် လျှပ် တပြက်မျှကာလအတွင်း၌ ကုဋေတသိန်းဖြစ်၍ပျက်ကြ၏) ဟု ဆိုသောစကားသည် တိုက်တိုက်ဆိုင်ဆိုင် ရှိနေကြသည်ကို သတိပြုသင့်လှပေသည်။

ဗုဒ္ဓ၏အဘိဓမ္မာမှာ အလွန်ခက်ခဲနက်နဲ သိမ်မွေ့သော အဘိဓမ္မာဖြစ်ပါသည်၊ မိမိ အတွက်မှာ ထိုအဘိဓမ္မာ၏ သဘောကို လေ့လာရာ၌ (အစအဆင့်)မျှလောက်မှာပင် ရှိနေပါသေးသည်၊ ထို့ကြောင့် ယခုစာတမ်းတွင်ပါရှိသည်များမှာ အမှားအယွင်းနှင့် ချို့ယွင်းချက်များ ပါရှိနေခဲ့ပါလျှင် မိမိအား ခွင့်လွှတ်တော်မူကြစေရန် ပန်ကြားအပ်ပါသည်။

ယခုစာတမ်းများကို ရေးသားလျက် ဓမ္မမိတ်ဆွေတို့အား ဝေငှပေးပို့ရသည့် ရည်ရွယ်ချက်မှာ မြတ်စွာဘုရား ဟောထားခဲ့သော ပိဋကတော်များ၏ သန့်စင်ရေးကိုကြိုးပမ်းသော အားဖြင့်ပိဋကတော်များ၏ အဓွန့်ရှည်စွာ တည်ရေးကို အကျိုးပြုနိုင်သည့်အတိုင်း ဤကိစ္စတွင် ပညာရှိပုဂ္ဂိုလ်များ လျစ်လျူမပြုဘဲ ရှေ့တန်းမှ ပါဝင်တော်မူလာစေရန် အစပျိုးသည့် သဘောမျှ လောက်သာ ဖြစ်သည်ကို ရှင်းလင်းစွာအစီရင်ခံအပ်ပါကြောင်း။

ဘုရားဟောပိဋကတော်များ

# သန့်စင်ရေးအတွက် မှတ်ကျောက် တင်နည်း

(အခန်း—၄)

မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး ဟောကြားတော်မူခဲ့သော အဘိဓမ္မာပိဋကတော်များ အတွင်းသို့ (ဟဒယဝတ္ထု)ဆိုသော ရုပ်တမျိုးကို ထပ်မံဖြည့်စွက်ခြင်းသည်၎င်း၊ ဂဗ္ဘသေယျက သတ္တဝါတို့၌ မနောဝိညာဏ်သည် (ဟဒယဝတ္ထု)ကို မှီ၍ဖြစ်သည်ဆိုသော ပါဠိတော်များနှင့် ဆန့်ကျင်ကွဲလွဲသည့် စကားများနှင့် ထိုစကားတို့ဖြင့်ဆက်စပ်၍ ဖွင့်ဆိုကြသော စကားအရပ်ရပ်တို့သည်၎င်း မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုခါနီး၌ ပညတ်ခဲ့သော ပညတ်တော်များနှင့် ညီညွတ်ခြင်း (ရှိမရှိ)ကို ထင်ရှားစွာ ချင့်ချိန်နိုင်ရန် (မဟာဝဂ်ပါဠိတော် မဟာပရိနိဗ္ဗာနသုတ် မဟာပဒေသလေးပါး) တရားတော်ကို (ဆဋ္ဌသံဂါယနာတင် ပိဋကတော် ဒီဃနိကာယ်ဝင် သုတ္တန်ပိဋက မဟာဝဂ် ပါဠိတော် မြန်မာပြန်)ကျမ်းမှ ရေးကူးလျက် အောက်တွင် ဖော်ပြလိုက်ပါသည်။

### မဟာပဒေသ လေးပါး

ထိုအခါ မြတ်စွာဘုရားသည် ဘဏ္ဍုရွာ၌ အလိုရှိသမျှ နေတော်မူပြီးလျှင်“အာနန္ဒာ....လာ- သွားကုန်အံ့၊ ဟတ္ထိရွာ,အမ္ဗရွာ

နှင့်ဘောဂမြို့သို့ ချဉ်းကပ်ကုန်အံ့”ဟု အသျှင် အာနန္ဒာအား မိန့်တော်မူ၏၊ “အသျှင်ဘုရား....ကောင်းပါပြီ”ဟု အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဝန်ခံ၏။

ထိုအခါ မြတ်စွာဘုရားသည် များစွာသော ရဟန်းသံဃာနှင့်အတူ ဘောဂမြို့သို့ ကြွရောက်တော်မူ၏။

မြတ်စွာဘုရားသည် ဘောဂမြို့ အာနန္ဒစေတီ၌ နေတော်မူ၏၊ ထိုအခါ အာနန္ဒစေတီ၌ (နေတော်မူစဉ်) မြတ်စွာဘုရားသည် “ရဟန်းတို့....မဟာပဒေသ လေးပါးတို့ကို ဟောကြားအံ့၊ ထိုမဟာပဒေသ တရားကို နာကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကုန်လော့၊ ဟောပေအံ့”ဟု ရဟန်းတို့အား မိန့်တော်မူ၏။

“အသျှင်ဘုရား....ကောင်းပါပြီ”ဟု ရဟန်းတို့သည် မြတ်စွာဘုရားအား ဝန်ခံကုန်၏၊ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏။

ရဟန်းတို့.... ဤ(သာသနာတော်)၌ (တစုံတယောက်သော) ရဟန်းသည် ဤသို့ပြောဆိုငြားအံ့။

“ငါ့သျှင်တို့....ငါသည် ဤတရားကို မြတ်စွာဘုရား မျက်မှောက်တော်မှ ကြားနာခဲ့ရ၏၊ ခံယူခဲ့ရ၏၊ ဤကားတရားတော်ပါတည်း, ဤကား ဝိနည်းတော်ပါတည်း, ဤကား ဘုရားရှင်အဆုံးအမတော်ပါတည်း”ဟု (ပြောဆိုငြားအံ့)။

ရဟန်းတို့....ထိုရဟန်း၏ စကားကို လက်လည်း မခံအပ်သေး၊ ပယ်လည်းမပယ်အပ်သေး၊ လက်လည်းမခံ ပယ်လည်းမပယ်သေးဘဲ ထို (ပြောဆိုသော) ပုဒ်ဗျည်းတို့ကို ကောင်းစွာမှတ်သား၍ သုတ်တရားတော်၌ သွင်းကြည့်အပ်ကုန်၏၊ ဝိနည်းတော်၌ နှိုးနှော ကြည့်အပ်ကုန်၏။

(ဤသို့) သုတ်တရားတော်၌ သွင်းကြည့်လျက် ဝိနည်းတော်၌ နှိုးနှောကြည့်သည်ရှိသော် ထို (ပုဒ်ဗျည်း) တို့သည် သုတ်တရားတော်၌လည်း မသက်ဝင်ကုန်ငြားအံ့၊ ဝိနည်းတော် ၌လည်း မနှိုးနှောမိကုန်ငြားအံ့၊ (သို့ဖြစ်လျှင်) "ဤစကားသည် မြတ်စွာဘုရား၏ စကားတော်စင်စစ် မဟုတ်ချေ၊ ဤရဟန်း၏ မှားယွင်းစွာ ယူထားသောစကားသာ ဖြစ်ချေသည်" ဟု ဤအရာ၌ ဆုံးဖြတ်ကြရမည်၊ ရဟန်းတို့ .... ဤသို့ (ဆုံးဖြတ်၍) ထို စကားကို ပယ်ကြလေ။

(သို့မဟုတ်) သုတ်တရားတော်၌ သွင်းကြည့်လျက် ဝိနည်းတော်၌ နှိုးနှောကြည့်သည်ရှိသော် ထို (ပုဒ်ဗျည်း) တို့သည် သုတ်တရားတော်၌လည်း သက်ဝင်ကုန် ငြားအံ့၊ ဝိနည်းတော်၌လည်း နှိုးနှောမိကုန်ငြားအံ့၊ (သို့ဖြစ်လျှင်) "ဤစကားသည် ထိုမြတ်စွာဘုရား၏ စကားတော်စင်စစ် ဖြစ်ပေသည်၊ ဤရဟန်း၏ ကောင်းစွာသင်ယူထားသော စကားလည်း ဖြစ်ပေသည်" ဟု ဤအရာ၌ ဆုံးဖြတ်ကြရမည်၊ ရဟန်းတို့ .... ရှေးဦး စွာသော ဤမဟာပဒေသကို မှတ်ထားကြကုန်လော့။ (၁)

ရဟန်းတို့....ထို့ပြင် ဤ (သာသနာတော်) ၌ တစုံတယောက်သော ရဟန်းသည် ဤသို့ ပြောဆိုငြားအံ့။

"ဤမည်သော ကျောင်းကြီး၌ အကြီးအမှူးမထေရ်နှင့်တကွသော သံဃာသည် နေလျက်ရှိ၏၊ ငါသည် ထိုသံဃာ၏ မျက်မှောက်မှ ကြားနာခဲ့ရပါ၏၊ သင်ယူခဲ့ရပါ၏၊ ဤကား တရားတော်ပါတည်း, ဤကား ဝိနည်းတော်ပါတည်း, ဤကား ဘုရားသျှင် အဆုံးအမတော်ပါတည်း" ဟု ပြောဆိုငြားအံ့။

ရဟန်းတို့....ထိုရဟန်း၏ စကားကို လက်လည်း မခံအပ်သေး၊ ပယ်လည်းမပယ်အပ်သေး၊ လက်လည်းမခံ ပယ်လည်းမပယ်မူ၍ ထို (ပြောဆိုသော) ပုဒ်ဗျည်းတို့ကို ကောင်းစွာ မှတ်သား၍ သုတ်တရားတော်၌ သွင်းကြည့်အပ်ကုန်၏၊ ဝိနည်းတော်၌ နှိုးနှော ကြည့်အပ်ကုန်၏။

(ဤသို့) သုတ်တရားတော်၌ သွင်းကြည့်လျက် ဝိနည်းတော် ၌ နှိုးနှောကြည့်သည်ရှိသော် ထို (ပုဒ်ဗျည်း)တို့သည် သုတ် တရားတော်၌လည်း မသက်ဝင်ကုန်ငြားအံ့၊ ဝိနည်းတော်၌လည်း မနှိုးနှောမိကုန်ငြားအံ့၊ (သို့ဖြစ်လျှင်)"ဤစကားသည် ထိုမြတ်စွာ ဘုရား၏ စကားတော်စင်စစ် မဟုတ်ချေ၊ ထိုသံဃာတော်၏ မှားယွင်းစွာ သင်ယူထားသော စကားသာ ဖြစ်ချေသည်"ဟု ဤအရာ၌ ဆုံးဖြတ်ကြရမည်၊ ရဟန်းတို့....ဤသို့ (ဆုံးဖြတ်၍) ထိုစကားကို ပယ်ကြလေ။

(သို့မဟုတ်) သုတ်တရားတော်၌ သွင်းကြည့်လျက် ဝိနည်း တော်၌ နှိုးနှောကြည့်သည်ရှိသော် ထို( ပုဒ်ဗျည်း ) တို့သည် သုတ်တရားတော်၌လည်း သက်ဝင်ကုန်ငြားအံ့၊ ဝိနည်းတော် ၌လည်း နှိုးနှောမိကုန်ငြားအံ့၊ (သို့ဖြစ်လျှင်) "ဤစကားသည် မြတ်စွာဘုရား၏ စကားတော် စင်စစ် ဖြစ်ပေသည်၊ ထိုသံဃာ တော်၏ ကောင်းစွာသင်ယူထားသော စကားလည်းဖြစ်ပေသည်" ဟု ဤအရာ၌ ဆုံးဖြတ်ကြရမည်၊ ရဟန်းတို့....နှစ်ခုမြောက်သော ဤမဟာပဒေသကို မှတ်ထားကြကုန်လော့။　(၂)

ရဟန်းတို့....ထို့ပြင် ဤ(သာသနာတော်)၌ တစုံတယောက်သော ရဟန်းသည် ဤသို့ ပြောဆိုငြားအံ့။

"ဤမည်သော ကျောင်း၌ အကြားအမြင် များကုန်သော ပါဠိတော်ကို နှုတ်ငုံဆောင်ကုန်သော တရားတော် ဝိနည်းတော်ကို ဆောင်ကုန်သော ပါတိမောက်ကို ဆောင်ကုန်သော များစွာသော မထေရ်ရဟန်းတို့သည် နေလျက် ရှိနေကြကုန်၏၊ ငါသည် ထိုမထေရ်တို့၏ မျက်မှောက်မှ ကြားနာခဲ့ရပါ၏၊ ခံယူခဲ့ရပါ၏၊ ဤကား တရားတော်ပါတည်း, ဤကား ဝိနည်းတော်ပါတည်း, ဤကား ဘုရားသျှင် အဆုံးအမတော်ပါတည်း" ဟု (ပြောငြားအံ့)။

ရဟန်းတို့....ထိုရဟန်း၏စကားကို လက်လည်း မခံအပ်သေး။ပ။ ဝိနည်း၌လည်း မနှီးနှောမိကုန်ငြားအံ့၊ (သို့ဖြစ်လျှင်) "ဤစကားသည် ထိုမြတ်စွာဘုရား၏ စကားတော် စင်စစ် မဟုတ်ချေ၊ ထိုမထေရ်တို့၏ မှားယွင်းစွာသင်ယူထားသောစကားသာ ဖြစ်ချေသည်"ဟု ဤအရာ၌ ဆုံးဖြတ်ကြရမည်၊ ရဟန်းတို့....ဤသို့ (ဆုံးဖြတ်၍) ထိုစကားကို ပယ်ကြလေ။

(သို့မဟုတ်) သုတ်တရားတော်၌ သွင်းကြည့်လျက်။ပ။ ထို (ပုဒ်ဗျည်း)တို့သည် ဝိနည်းတော်၌လည်း နှီးနှောမိကုန်ငြားအံ့၊ ဤစကားသည် မြတ်စွာဘုရား၏ စကားတော်စင်စစ် ဖြစ်ပေသည်၊ ထိုမထေရ်တို့၏ ကောင်းစွာ သင်ယူထားသော စကားလည်း ဖြစ်ပေသည်"ဟု ဤအရာ၌ ဆုံးဖြတ်ကြရမည်၊ ရဟန်းတို့....သုံးခုမြောက်သော ဤမဟာပဒေသကို မှတ်ထားကြကုန်လော့။ (၃)

ရဟန်းတို့....ထို့ပြင် ဤ(သာသနာတော်)၌ တစုံတယောက်သော ရဟန်းသည် ဤသို့ ပြောဆိုငြားအံ့။

"ဤမည်သော ကျောင်း၌ အကြားအမြင်များသော ပါဠိတော်ကို နှုတ်ငုံဆောင်သော တရားတော် ဝိနည်းတော်ကို ဆောင်သော ပါတိမောက်ကိုဆောင်သော တဦးသော မထေရ်သည် နေလျက်ရှိ၏၊ ငါသည် ထိုမထေရ်၏ မျက်မှောက်မှ ကြားနာခဲ့ရပါ၏၊ ခံယူခဲ့ရပါ၏၊ ဤကား တရားတော်ပါတည်း, ဤကား ဝိနည်းတော်ပါတည်း, ဤကား ဘုရားသျှင် အဆုံးအမတော်ပါတည်း"ဟု (ပြောဆိုငြားအံ့)။

ရဟန်းတို့....ထိုရဟန်း၏စကားကို လက်လည်း မခံအပ်သေး၊ ပယ်လည်း မပယ်အပ်သေး၊ လက်လည်းမခံ ပယ်လည်းမပယ်မူ၍ ထိုပြောဆိုသော(ပုဒ်ဗျည်း)တို့ကို ကောင်းစွာမှတ်သား၍ သုတ်တရားတော်၌ သွင်းကြည့်အပ်ကုန်၏၊ ဝိနည်းတော်၌ နှိုးနှော ကြည့်အပ်ကုန်၏။

(ဤသို့)သုတ်တရားတော်၌ သွင်းကြည့်လျက် ဝိနည်းတော်၌ နှိုးနှောကြည့်သည်ရှိသော် ထို(ပုဒ်ဗျည်း) တို့သည် သုတ်တရားတော်၌လည်း မသက်ဝင်ကုန်ငြားအံ့၊ ဝိနည်းတော်၌လည်း မနှိုးနှောမိကုန်ငြားအံ့၊ (သို့ဖြစ်လျှင်) ဤစကားသည် ထိုမြတ်စွာဘုရား၏ စကားတော်စင်စစ် မဟုတ်ချေ၊ ထိုမထေရ် မှားယွင်းစွာ သင်ယူထားသော စကားသာ ဖြစ်ချေသည်"ဟု ဤအရာ၌ ဆုံးဖြတ်ကြရမည်၊ ရဟန်းတို့... ဤသို့ (ဆုံးဖြတ်၍) ထိုစကားကို ပယ်ကြလေ။

(သို့မဟုတ်) သုတ်တရားတော်၌ သွင်းကြည့်လျက် ဝိနည်းတော်၌ နှိုးနှော့ကြည့်သည်ရှိသော် ထို(ပုဒ်ဗျည်း)တို့သည် သုတ်တရားတော်၌လည်း သက်ဝင်ကုန်ငြားအံ့၊ ဝိနည်းတော်၌လည်း နှိုးနှော့မိကုန်ငြားအံ့၊ (သို့ဖြစ်လျှင်) "ဤစကားသည် ထိုမြတ်စွာ ဘုရား၏ စကားတော် စင်စစ် ဖြစ်ပေသည်၊ ထိုမထေရ်၏ ကောင်းစွာ သင်ယူထားသော စကားလည်း ဖြစ်ပေသည်"ဟု ဤအရာ၌ ဆုံးဖြတ်ကြရမည်၊ ရဟန်းတို့... လေးခုမြောက်သော ဤမဟာပဒေသကို မှတ်ထားကြကုန်လော့။ (၄)

ရဟန်းတို့....ဤမဟာပဒေသ လေးပါးတို့ကို မှတ်ထားကုန်လော့ဟု (မိန့်တော်မူ၏)။

## ဘုရားပေးသောနည်းလမ်း

အထက်တွင် ဖော်ပြအပ်သော မဟာပဒေသတရားလေးပါးတို့မှာ မြတ်စွာဘုရား၏ စကားတော်စင်စစ် မှန်သည့်မမှန်သည်များကို စိစစ်ရန် ဘုရားပေးခဲ့သော နည်းလမ်းဖြစ်ပါသည်။

သို့ရာတွင် နိကာယ်ငါးရပ် ပိဋကတော်လာ ဒေသနာတော်များကို အဋ္ဌကထာနှင့် ဋီကာကျမ်းများဖြင့် စံထိုးစိစစ်လျက် အမှားအမှန် ဝေဖန်ပြင်ဆင်နေကြသော ပုဂ္ဂိုလ် အချို့သည် မဟာပဒေသလေးပါး တရားတော်ကြီးများနှင့်တိုက်ရိုက်ဆန့်ကျင်အံမဝင်ဘဲရှိမည်ကို သတိချပ်အပ်လှပေသည်။

မြတ်စွာဘုရားကိုယ်တော်မြတ်၏ (တိုက်ရိုက်ဟောကြားအပ်သောစကား) တော်နှင့် စပ်လျဉ်း၍မူကား စိတ်နှစ်ခွ ရှိခြင်းကို

မြတ်စွာဘုရား ကိုယ်တော်မြတ်က ရှုတ်ချပစ်တင်တော် မူသည်ကို ဘော်ပြအပ်သော အင်္ဂုတ္တိုရ်ပါဠိတော် မြန်မာပြန် ဆက္ကနိပါတ် ဒုတိယပဏ္ဏာသက မဟာဝဂ် ပုရိသိန္ဒြိယဉာဏသုတ်မှ ကောက်နုတ်ချက်များကို အောက်၌ဘော်ပြပါဦးအံ့။

## ပုရိသိန္ဒြိယဉာဏသုတ်

"အကျွန်ုပ်သည်" ဤသို့ ကြားခဲ့ရပါသည်။

အခါတပါး မြတ်စွာဘုရားသည် များစွာသော ရဟန်းသံဃာနှင့်အတူ ကောသလတိုင်းတို့၌ ဒေသစာရီ လှည့်လည်တော်မူသည်ရှိသော် ဒဏ္ဍကပ္ပကမည်သော ကောသလတိုင်းသူတို့၏ နိဂုံးသို့ ရောက်တော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ခရီးလမ်းမှ ဖဲ၍ သစ်ပင်တပင်၏ အရင်းဝယ် ခင်းထားအပ်သော နေရာ၌ ထိုင်တော်မူ၏၊ ထိုရဟန်းတို့သည်လည်း ဧည့်သည်တို့ (တည်းခိုရန်) နေရာကို ရှာဖွေခြင်းငှာ ဒဏ္ဍကပ္ပက နိဂုံးသို့ ဝင်ကုန်၏၊ ထိုအခါ အသျှင်အာနန္ဒာသည် များစွာသော ရဟန်းတို့နှင့် အတူတကွ ကိုယ်(ခန္ဓာ)ကို ရေသုံးသပ်ရန် အစိရဝတီမြစ်သို့ ချဉ်းကပ်၏၊ အစိရဝတီမြစ်၌ ရေချိုး၍ တဘန် ပြန်တက်ပြီးလျှင် ကိုယ်ကို ခြောက်သွေ့စေကာ သင်္ကန်းတထည်ဝတ်လျက် ရပ်နေ၏၊ထိုအခါ ရဟန်းတပါးသည် အသျှင်အာနန္ဒာထံသို့ ချဉ်းကပ်၍ အသျှင်အာနန္ဒာအား—

"ငါ့သျှင် အာနန္ဒာ....အကြောင်းအသို့နည်း၊ မြတ်စွာဘုရားသည် စိတ်အားလုံးကို ဆင်ခြင်၍ "ဒေဝဒတ်သည် အပါယ်၌

ဖြစ်လိမ့်မည်၊ ငရဲ၌ဖြစ်ရလိမ့်မည်၊ အာယုကပ်ပတ်လုံး တည်လိမ့်မည်၊ ကုစားရန် မတတ်ကောင်း"ဟု ဒေဝဒတ်ကို မိန့်ကြားတော်မူသလော။

သို့မဟုတ် အကြောင်း (ပရိယာယ်)တစုံတခုဖြင့် မိန့်ကြားတော်မူပါသလော"ဟု(ပြောဆို၏) ။ပ။

(အသျှင်အာနန္ဒာသည် အထက်ပါ ရဟန်း၏ စကားကို မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားသောအခါ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးက အောက်ပါအတိုင်း အမိန့်ချမှတ်တော်မူသည်။)

"အာနန္ဒာ....ထိုရဟန်းသည် ရဟန်းပြု၍ မကြာသေးသော ရဟန်းသစ်မူလည်း ဖြစ်လိမ့်မည်၊မထေရ်ဖြစ်မူ မိုက်မဲသူ မလိမ္မာသူသော်လည်း ဖြစ်ပေလိမ့်မည်၊ ငါသည် တိုက်ရိုက် မိန့်ကြားအပ်သည့် စကား၌ အဘယ်ကြောင့် စိတ်နှစ်ခွ ရှိခြင်းသို့ ရောက်ဘိသနည်း"။

## ဘုရား၏တိုက်ရိုက်စကား

အထက်တွင်မြတ်စွာဘုရားက "ငါသည် တိုက်ရိုက်မိန့်ကြားအပ်သည့်စကား၌"ဟု ဆိုရာဝယ် အင်္ဂုတ္တိုရ်ပါဠိတော် အဋ္ဌကနိပါတ် ဒေဝဒတ္တ ဝိပတ္တိသုတ်၌ ဟောကြားတော် မူအပ်သော စကားကို ရည်ညွှန်းခြင်း ဖြစ်ပါသည်၊ ထိုစကားတော်ကို ထင်ရှားစေရန် အောက်၌ ကောက်နုတ်လျက် ဘော်ပြလိုက်ပါသည်။

## ဒေဝဒတ္တဝိပတ္တိသုတ်

အခါတပါး၌ မြတ်စွာဘုရားသည် ဒေဝဒတ် သင်းခွဲထွက်သွား၍ မကြာမြင့်မီ ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌(သိတင်းသုံး)နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ဒေဝဒတ်ကို အကြောင်းပြု၍ ရဟန်းတို့ကို မိန့်တော်မူ၏။ပ။ "ဒေဝဒတ်သည် အပါယ်သို့ကျမည့်သူတည်း၊ ငရဲ၌ကျက်ရမည့်သူတည်း၊ အာယုကပ်ပတ်လုံး တည်ရမည့်သူတည်း၊ကုစားခြင်းငှာ မတတ်ကောင်းသူတည်း"။ပ။

ဤကိစ္စနှင့် စပ်လျဉ်း၍ တင်ပြလိုသည်မှာ မြတ်စွာဘုရား ဟောကြားတော်မူသော ပိဋကတော်များတွင် (ပရိယာယ်အားဖြင့်) ဟောကြားခဲ့သော်(ပရိယာယ်အားဖြင့်) ဟောကြားတော်မူကြောင်းဖြင့် အတိအလင်း ဘော်ပြပါရှိပါသည်။

ပိဋကတော်များတွင် (ပရိယာယ်အားဖြင့်) ဟောကြား သည်ဟု အတိအလင်းမဆိုချေသော် အထက်ပါသုတ်တရားတို့၌ ပါရှိသော မြတ်စွာဘုရား၏ စကားကို ထောက်ရှု၍ (တိုက်ရိုက်မိန့်ကြားအပ်သည့်စကား) များဖြစ်သည်ဟု ယူဆနားလည်ချန်သာ ရှိပါသည်။

အထက်ပါတို့မှာ အဘိဓမ္မာ ပိဋကတော်များကို မူလကျမ်းရင်းအတိုင်း(သံဂါယနာတင်မှုအတိုင်း) တည်ရှိနေစေခြင်း အားဖြင့် ယခုခေတ်သိပ္ပံပညာ၏ အရေးဆိုမှုကို ကြံ့ကြံ့ခံနိုင်မည်ဟု ဗုဒ္ဓဘာသာဝင် သူတော်စင် အပေါင်းတို့အား နှိုးဆော်ရခြင်း ဖြစ်ပါသည်။

မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး "တိုက်ရိုက် မိန့်ကြားအပ်သောစကား"ဖြစ်သည့် အဘိဓမ္မာတရားတော်နှင့် ကွဲလွဲသော အခြားအခြားသော အရေးအသား အယူအဆများလည်း ရှိနေသေးသည်ဖြစ်ရာ ပညာရှိသူတော်ကောင်းအပေါင်းတို့ကလျစ်လျူမရှုဘဲ မြတ်စွာဘုရား၏ ရွှေမျက်နှာတော်ကို ထောက်သောအားဖြင့် အမှန်တရားကို ထုတ်ဘော်တော်မူကြပါရန် လေးစားစွာ မေတ္တာရပ်ခံအပ်ပါသည်။

## လောကဓာတ်ပညာနှင့် ဗုဒ္ဓအဘိဓမ္မာ

လောကဓာတ် သိပ္ပံပညာ၏ စွမ်းဆောင်မှု အရပ်ရပ်သည် မည်သို့ပင် ကြီးကျယ်မြင့်မားစွာ တိုးတက်ခဲ့ပြီး ရှေ့အဘို့၌ မည်မျှပင် ဆက်လက်တိုးတက်ဦးမည် ဆိုစေကာမူ လူ့သတ္တဝါတို့၏ အရေးအကြီးဆုံးသော လိုအပ်ချက်ကို ဖြည့်စွမ်းနိုင်ရန်မှာ မဖြစ်နိုင်ပါ။

အဘယ့်ကြောင့်ဆိုသော် လောကဓာတ်သိပ္ပံပညာ၏ ဦးတည်ချက်များသည် သတ္တဝါအပေါင်းအား (၁) အိုမင်းရင့်ရော်ခြင်းမှ လွတ်မြောက်နိုင်ရန်ငှင်း၊ (၂) နာမှုအမျိုးမျိုးမှကင်းစင်စေရန်ငှင်း၊ (၃) သေဘေးအမျိုးမျိုးမှ လွတ်မြောက်စေရန်ငှင်း ရှေးရှုသည် မဟုတ်သောကြောင့် (ဝါ) မစွမ်းဆောင်နိုင်သောကြောင့် ဖြစ်ပါသည်။

ဗုဒ္ဓအဘိဓမ္မာ၏ ရှေးရှုဦးတည်ချက်မှာကား သတ္တဝါများအား (၁) အိုမင်းရင့်ရော်ခြင်းမှငှင်း၊ (၂) နာခြင်း အမျိုး

မျိုးမှုရင်း၊ (၃) သဘောအမျိုးမျိုးမှုရင်း လွတ်မြောက်စေရန် ဖြစ်သောကြောင့် သတ္တဝါအပေါင်းတို့အတွက် အမြင့်မားဆုံးသော ရည်မှန်းချက် ဖြစ်သည်မှာ အထူးဘော်ပြရန် မလိုတော့ပါ။

ဤ၍ ဤမျှ လောက်သော စကားဖြင့် ဗုဒ္ဓအဘိဓမ္မာ၏ ဦးတည်ချက်နှင့် လောကဓာတ်သိပ္ပံပညာ၏ ဦးတည်ချက်များ၏ ကွဲပြားခြားနားပုံသည် ပေါ်လွင်ထင်ရှားနေပေပြီ။

လောက (ဓမ္မ) ဟူသမျှ၌ (အကြောင်းအကျိုး) တရားနှင့် ကင်းလွတ်သော (ဓမ္မ) ဟူ၍မရှိ၊ ထို့ကြောင့် (၁) အိုမင်းရင့်ရော်မှု (၂) နာမှုနှင့် (၃) သေမှု တရားများ သည်လည်း (အကြောင်းအကျိုး) တရားများနှင့် မကင်းနိုင်ပါ။

ဗုဒ္ဓအဘိဓမ္မာသည် (၁) အိုခြင်း (၂) နာခြင်းနှင့် (၃) သေခြင်း တရားများ၏ အကြောင်းရင်းကို ထင်ရှားစွာ ဘော်ထုတ်နိုင်သည့်အပြင် ထိုထိုဘေးဆိုးကြီးများမှ ကျွတ်လွတ်စေနိုင်သည့် နည်းကောင်းလမ်းမှန် တို့ကိုလည်း ခိုင်လုံစွာ လက်တွေ့ပြသနိုင်သော အဘိဓမ္မာဖြစ်ပါသည်။

ထိုမျှနက်နဲခက်ခဲ သိမ်မွေ့သော ဗုဒ္ဓအဘိဓမ္မာကို လေ့လာရာ၌ ရုပ်တရားနှင့် နာမ်တရားများကို (အပိုအလိုမရှိ) မြတ်စွာဘုရား ဟောကြားတော်မူသည့်အတိုင်း သဘောပေါက် ခံယူရန်မှာ အခြေခံလိုအပ်ချက် ဖြစ်ပါသည်။

ထို့ကြောင့် ယင်းအခြေခံ တရားများနှင့် စပ်လျဉ်း၍မိမိတို့၏ အစွဲအလမ်း ဟူသမျှကို ပယ်ရှားလျက် မြတ်စွာဘုရားဟောကြားထားတော် မူခဲ့သော(မဟာပဒေသ) တရားကြီးများနှင့် အညီ မည်သူ့မျက်နှာကိုမျှမထောက်ဘဲ မြတ်စွာဘုရား၏စကားတော် အစစ်အမှန် ဖြစ်သော (အမှန်တရားကို) ရှာတွေ့နိုင်ကြပါစေသတည်း။

# နောက်ဆက်တွဲ

## သမ္မာဒိဋ္ဌိအမြင်

ဤစာအုပ်ငယ်တွင် ကျွန်တော် ရေးသားခဲ့သည်တို့၏ ပဌမ ရည်မှန်းချက်မှာ မြတ်စွာဘုရား ဟောထားခဲ့သော (ရုပ်တရား) အမှန်ကို ဖော်ထုတ်ရန်ဖြစ်၍ ဒုတိယ ရည်မှန်းချက်မှာ (စိတ်တရား) တို့၏ သဘောသဘာဝနှင့် ဖြစ်ပျက်ပုံ အခြင်းအရာ အမှန်ကို ဖော်ထုတ်ရန် ဖြစ်ပါသည်၊ အဘယ်ကြောင့် ဆိုသော် မိမိတို့၏ခန္ဓာကို သုံးသပ်ရာ၌ ဤတရားနှစ်ပါးအား အမှန်အတိုင်း သိရှိထားမှသာလျှင် မှန်ကန်သော (သမ္မာဒိဋ္ဌိ) အယူအတွက် အထောက်အကူ ဖြစ်နိုင်ပါသည်။

အထက်စကား မှန်ကြောင်း ထင်ရှားစေရန် အောက်၌ အနည်းငယ် ရှင်းလင်းတင်ပြလိုပါသည်။

လူ၌ ရှိသောတရားတို့ကို ဗုဒ္ဓအဘိဓမ္မာဖြင့် စိစစ်လိုက်သော် (နာမ်ရုပ်) တရားနှစ်မျိုးသာ အမှန်ရှိပါသည်၊ ထိုတရားနှစ်ခုကို ခန္ဓာဖွဲ့လိုက်လျှင် (၁) ရူပက္ခန္ဓာ (၂) ဝေဒနာက္ခန္ဓာ (၃) သညာက္ခန္ဓာ (၄) သင်္ခါရက္ခန္ဓာနှင့် (၅) ဝိညာဏက္ခန္ဓာဟူ၍ ငါးမျိုး ရပါသည်၊ ထိုခန္ဓာငါးမျိုးကို ကျဉ်းလိုက်သည် ရှိသော် ရူပက္ခန္ဓာကို (ရုပ်) ဟူ၍၎င်း၊ ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာနှင့် သင်္ခါရက္ခန္ဓာတို့ကို(နာမ်)ဟူ၍၎င်း၊ ဝိညာဏက္ခန္ဓာကို (ဝိညာဏ်) ဟူ၍၎င်း တရားသုံးပါးရပါသည်၊ ထိုတရားသုံးပါးကို အကျဉ်းနည်းဖြင့် (ဝိညာဏ်, နာမ်, ရုပ် ) ဟူ၍ သုံးနှုန်း ခေါ်ဝေါ်ပါသည်။

လူသတ္တဝါ၏ (ဘဝ) အစ၌ ဖြစ်သော စိတ်ကို ပဋိသန္ဓေ စိတ် (ဝါ) ပဋိသန္ဓေ ဝိညာဏ်ဟူ၍ ခေါ်ပါသည်၊ အလားတူ စိတ်ကိုပင် ပဋိသန္ဓေအခါ၏နောက်၌ ဖြစ်ခဲ့လျှင် (ဘဝင်) စိတ်ဟု ခေါ်ပြန်ပါသည်၊ ထိုစိတ်မျိုးကိုပင် သတ္တဝါသေသည့်အချိန်၌ (စုတိ) စိတ်ဟူ၍ (ကိစ္စအားလျော်စွာ) ခေါ်ပါသည်၊ ယင်းစိတ် အားလုံးမှာ ရှေးကံကြောင့်ဖြစ်သော ဝိပါက်စိတ် (ဝါ) ဝိပါက် ဝိညာဏ်များ ဖြစ်ကြပါသည်။

အဆိုပါ လူသတ္တဝါ၏ (ဘဝ) အစ၌ ဖြစ်ခဲ့သော (ဝိပါက်) ဝိညာဏ်၏ အကြောင်းကြောင့် (နာမ်ရုပ်) ဆိုသော အကျိုး တရားစု ဖြစ်ပေါ်ရပါသည်။

နာမ်ရုပ်ဟုဆိုသော အထက်စကား၌ (နာမ်) ဆိုသည်မှာ- ဝိပါက်ဝိညာဏ်ဟု ဆိုသော (ဘဝင်) အကြည်နှင့် အာရုံ ခြောက်ပါးတို့၏ တွေ့ထိမှုကြောင့် ဖြစ်ပေါ်သော ပစ္စုပ္ပန် ကုသိုလ်, အကုသိုလ်စိတ်နှင့် ယှဉ်ဘက်စေတသိက် တရားစုကို ခေါ်ပါသည်။

ရုပ်ဆိုသည်မှာ (ယခုကိစ္စအလို့ငှာ) ရှေးကံကြောင့်ဖြစ်သော (ကမ္မဇရုပ်) နှင့် စိတ်ကြောင့် ဖြစ်သော (စိတ္တဇရုပ်) များကို ဆိုပါသည်။

ထိုမှတဖန် ရှေ့သို့ဆက်၍ လေ့လာပြန်သော် အထက်၌ ဆိုခဲ့သော (နာမ်—ရုပ်) ဟူသောအကြောင်းကြောင့် (ဝါ) ကုသိုလ်, အကုသိုလ်စိတ်, စေတသိက်နှင့် ကမ္မဇရုပ်, စိတ္တဇရုပ် ဟူသော အကြောင်းကြောင့် (ဝါ) ကာယကံမှု, ဝစီကံမှု, မနောကံမှု ဟူသောအကြောင်းကြောင့် သတ္တဝါ၏ (ဘဝ) အစ၌ဖြစ်သော

(ပဋိသန္ဓေဝိညာဏ်)ဟု ဆိုအပ်သော အကျိုးတရားသည် တဖန် ဖြစ်ပေါ်ရပြန်ပါသည်။

အထက်တွင် ကျွန်တော် ရေးခဲ့သော စကားများ၌ (လူ သတ္တဝါ)ဟု ဆိုသော စကားသည်၎င်း၊ မွေးသည့်, သေသည် ဆိုသော စကားတို့သည်၎င်း လူသားတို့၏ နားလည်မှုအတွက် သုံးနှုန်းထားသော (ဝေါဟာရ)များသာ ဖြစ်ပါသည်၊ ပရမတ္ထ သဘာဝ၏ အမှန်သဘော အရမှာ (ဝိညာဏ်,နာမ်,ရုပ်)တရား တို့၏ အသွင်သဏ္ဍာန် အမျိုးမျိုးဖြင့်(ဖြစ်တုံ–ပျက်တုံ)သဘော အစဉ်အတန်းကြီးသာ အမှန်ရှိပါသည်။

## မဟာနိဒါနသုတ်

အထက်ပါစကားသည် မှန်၏၊ ဒီဃနိကာယ် မဟာဝဂ္ဂ ပါဠိတော် မဟာနိဒါနသုတ်၌ မြတ်စွာဘုရားသည် အသျှင် အာနန္ဒာအား ဟောကြားခဲ့သည်များမှ ကောက်နုတ်၍ ဖော်ပြ ရသော်–

“အာနန္ဒာ....သိခြင်း ‘ဝိညာဏ်’ဟူသော အကြောင်းကြောင့် နာမ်ရုပ်ဖြစ်၏ ဟူသော ဤစကားကို (ငါ) ဆိုခဲ့၏၊ ထိုစကား၌ ‘ဝိညာဏ်’ဟူသောအကြောင်းကြောင့် နာမ်ရုပ်ဖြစ်ပုံကို (ဤဆို လတ္တံ့သော) အကြောင်းဖြင့်လည်း သိနိုင်ပေ၏။

အာနန္ဒာ....သိခြင်း‘ဝိညာဏ်’သည် အမိဝမ်း၌ မသက်ရောက် ငြားအံ့၊ နာမ်ရုပ်သည် အမိဝမ်း၌ တပေါင်းတည်း ဖြစ်နိုင်ပါ ဦးမည်လောဟု (မိန့်တော်မူ၏)။

မဖြစ်နိုင်ပါ အသျှင်ဘုရား–ဟု (လျှောက်၏)။

အာနန္ဒာ....သိခြင်း 'ဝိညာဏ်'သည် အမိဝမ်း၌ သက်ရောက်ပြီးလျှင် ချုပ်သွားငြားအံ့၊ နာမ်ရုပ်သည် ဤခန္ဓာကိုယ်ဖြစ်ခြင်းငှာ ဖြစ်နိုင်ပါဦးမည်လောဟု (မိန့်တော်မူ၏)။

မဖြစ်နိုင်ပါအသျှင်ဘုရား....ဟု(လျှောက်၏)။

အာနန္ဒာ....သိခြင်း 'ဝိညာဏ်' သည်လည်း သူငယ်အားဖြစ်စေ,သူငယ်မအားဖြစ်စေ ငယ်စဉ်ကပင် ချုပ်သွားငြားအံ့၊ နာမ်ရုပ်သည် ကြီးပွားစည်ပင် ပြန့်ပွားခြင်းသို့ ရောက်နိုင်ပါဦးမည်လောဟု (မိန့်တော်မူ၏)။

မရောက်နိုင်ပါအသျှင်ဘုရား....ဟု(လျှောက်၏)။

အာနန္ဒာ....ထို့ကြောင့် ဤဝိညာဏ်သည်သာလျှင်နာမ်ရုပ်၏ အကြောင်းရင်း 'ဟိတ်' ပေတည်း၊ အခြေခံ 'နိဒါန်း' ပေတည်း၊ ဖြစ်ကြောင်း 'သမုဒယ' ပေတည်း၊ အထောက်အပံ့ 'ပစ္စည်း' ပေတည်း။

အာနန္ဒာ....နာမ်ရုပ် ဟူသော အကြောင်းကြောင့် သိခြင်း 'ဝိညာဏ်'သည် ဖြစ်၏ဟူသော ဤစကားကို (ငါ) ဆို၏၊ ထိုစကား၌ နာမ်ရုပ်ဟူသောအကြောင်းကြောင့် သိခြင်း'ဝိညာဏ်' ဖြစ်ပုံကို ဤ(ဆိုလတ္တံ့သော) အကြောင်းဖြင့်လည်း သိနိုင်ပေ၏။

အာနန္ဒာ....သိခြင်း 'ဝိညာဏ်' သည် နာမ်ရုပ်၌ မှီရာကိုမရငြားအံ့၊ နောင်အခါ၌ ပဋိသန္ဓေနေခြင်း,အိုခြင်း,သေခြင်းတို့နှင့် တကွ ဆင်းရဲအပေါင်းသည် ထင်ရှားနိုင်ပါ ဦးမည်လော-ဟု (မိန့်တော်မူ၏)။

မထင်ရှားနိုင်ပါအသျှင်ဘုရား....ဟု (လျှောက်၏)။

အာနန္ဒာ....ထို့ကြောင့် နာမ်ရုပ် သည်သာလျှင် သိခြင်း 'ဝိညာဏ်'၏ ကြောင်းရင်း 'ဟိတ်'ပေတည်း၊ အခြေခံ 'နိဒါန်း' ပေတည်း၊ ဖြစ်ကြောင်း 'သမုဒယ' ပေတည်း၊ အထောက်အပံ့ 'ပစ္စည်း' ပေတည်း။

အာနန္ဒာ.... ဤအချင်းချင်း ကျေးဇူးပြုသော ဝိညာဏ်နှင့် နာမ်ရုပ်မျှဖြင့် (သတ္တဝါသည်) ဖြစ်မှုလည်း ဖြစ်ပေါ်ရာ၏၊ အိုမှုလည်း အိုရာ၏၊ သေမှုလည်း သေရာ၏၊ အဖန်ဖန် စုတေမှုလည်း စုတေရာ၏၊ အဖန်ဖန်ဖြစ်မှုလည်းဖြစ်ရာ၏၊ ဤဝိညာဏ်နှင့် နာမ်ရုပ်မျှဖြင့် အမည်ဖြစ်ခြင်း၏အကြောင်းသည် ဖြစ်၏၊ ဤဝိညာဏ်နှင့် နာမ်ရုပ်မျှဖြင့် သဒ္ဒါဖြစ်ခြင်း၏ အကြောင်းသည် ဖြစ်၏၊ ဤဝိညာဏ်နှင့် နာမ်ရုပ်မျှဖြင့် ပညတ်ဖြစ်ခြင်း၏ အကြောင်းသည် ဖြစ်၏၊ ဤဝိညာဏ်နှင့် နာမ်ရုပ်မျှဖြင့် ပညတ်၏ကျက်စားရာသည် ဖြစ်၏၊ အချင်းချင်း ကျေးဇူးပြုသော ဤဝိညာဏ်နှင့် နာမ်ရုပ်မျှဖြင့် ဝဋ္ဋသုံးပါးသည် လည်၏၊ ခန္ဓာငါးပါးကိုလည်း ခေါ်ဝေါ် ပညတ်ခြင်းငှာ ထင်ရှား၏"။

ဤသည်တို့ကား (ဝိညာဏ်-နာမ်-ရုပ်) တို့အား ငါ သူတပါး, အထီးအမ, မွေးသည် သေသည်, ဖန်ဆင်းသည် အစရှိသဖြင့် အထင်အမှတ်မှား, အကြံအသိမှားနှင့် အယူမှားခြင်းတို့မှ ကင်းကွာ ပြတ်စဲလျက် အမြင်မှန်သို့ ဆိုက်ရောက်အောင် ရှင်းရှင်းလင်းလင်းကြီး ဟောကြားတော်မူသော မြတ်စွာဘုရား၏ စကားတော်ဖြစ်ပါသည်။

## မဂ်ဖိုလ်ဉာဏ်၏အခြေခံ

နိဂုံးအားဖြင့် ဤစာအုပ်ငယ်တွင် (စိတ်) တရားနှင့်(စေတသိက်)တရားတို့၏ ခြားနားပုံနှင့် အချင်းချင်း ဆက်ဆံပုံကိုရင်း၊ (ဝိပါက်-ဝိညာဏ်) နှင့် (ပဝတ္တိဝိညာဏ်) တို့၏ ခြားနားပုံ, အချင်းချင်း ဆက်ဆံပုံနှင့် ဖြစ်ပျက်ပုံများကိုရင်း၊ (ရုပ်) တရားအလို့ငှာ မြတ်စွာဘုရား ဟောကြားတော်မူသော တရားစုနှင့် (အသုဘသညာ) တရားအလို့ငှာ ဟောတော်မူသော (ဟဒယဝတ္ထု) တို့၏ ကွဲပြားခြားနားပုံနှင့် အနှစ်သာရ သဘောကိုရင်း ပေါ်လွင်ထင်ရှားစေရန် ကျွန်တော် တတ်အားသ၍ ပါဠိတော်အကိုးအကားများဖြင့် ဖော်ပြခဲ့ပါပြီ၊ ဤရွေ့ဤမျှလောက်သော မိမိ၏ကြိုးပမ်းမှုသည် မဂ်ဉာဏ်,ဖိုလ်ဉာဏ်များအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် မှန်ကန်သော (သမ္မာဒိဋ္ဌိ)အယူရှိသူ ဖြစ်စေကြောင်း၌ အထောက်အပံ့ ဖြစ်ကြပါစေသတည်း။

## အိုဘေး, နာဘေး, သေဘေးမှ လွတ်မြောက်ရာ

(၁) ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ ထူပြောသော ဇာတိကြောင့် ယင်းတဏှာ ထူပြောသော ဇရာ, မရဏ ဖြစ်ရသည်။

(၂) တဏှာထူပြောသော မရဏကြောင့် တဏှာထူပြောသော ဇာတိတဖန် ဖြစ်ရပြန်သည်။

(၃) ပစ္စုပ္ပန်ဘဝတွင် ယင်းတဏှာကို အကြွင်းမရှိအောင် သုတ်သင်နိုင်လျှင် ဘဝတဖန်ဆက်ရန် အကြောင်း ပြတ်သည်။

သင်၏ ခန္ဓာအဆက်ဆက်ကို တည်ဆောက်ခဲ့သော တဏှာ လက်သမားအား မြင်အောင်ကြည့်၍ သုတ်သင်နိုင်ပါစေ။

ဘုရားဟောဒေသနာ အစစ်အမှန်များ
ထင်ရှားပါစေသောဝ်

သခင်တင်
၁၃၃၆—ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၃—ရက်။

---

ဤ၁၁အုပ်တွင်
**ကိုးကားသည့်ကျမ်းများ**

| | | |
|---|---|---|
| (၁) | ဓမ္မသင်္ဂဏီပါဠိတော် | (ဗုဒ္ဓသာသနအဖွဲ့) |
| (၂) | ဝိဘင်းပါဠိတော် ခန္ဓဝိဘင်း | (ၛင်း) |
| (၃) | ပဋ္ဌာန်းပါဠိတော် နိဿယ | (ၛင်း) |
| (၄) | သံယုတ်ပါဠိတော်များ | (ၛင်း) |
| (၅) | အင်္ဂုတ္တိုရ်ပါဠိတော်များ | (ၛင်း) |
| (၆) | ပဏ္ဏာသပါဠိတော်များ | (ၛင်း) |
| (၇) | သုတ်မဟာဝါပါဠိတော် | (ၛင်း) |
| (၈) | မိလိန္ဒပဉှာ | (ၛင်း) |
| (၉) | ပဋ္ဌာနုဒ္ဒေသဒီပနီ | (လယ်တီဆရာတော်) |
| (၁၀) | နိဗ္ဗာနဝိသဇ္ဇနာ | (ၛင်း) |
| (၁၁) | ရူပဒီပနီ | (ၛင်း) |
| (၁၂) | ပရမတ္ထ ဒီပနီပုစ္ဆာအဖြေ | (ၛင်း) |
| (၁၃) | လယ်တီနိုင်ငံခြား ပုစ္ဆာအဖြေ | (ၛင်း) |
| (၁၄) | ဝိပဿနာဉာဏတန္တိဋီကာ | (ပန်းတောင်းဆရာတော်) |
| (၁၅) | သင်္ဂြိုဟ်ဘာသာဋီကာ | (အသျှင်ဇနကာဘိဝံသ) |
| (၁၆) | အခြေပြုသင်္ဂြိုဟ် | (ၛင်း) |
| (၁၇) | ဝီထိနှင့်သုံးချက်စု ဘာသာဋီကာ | (ၛင်း) |
| (၁၈) | မူလတန်းသင်္ဂြိုဟ် | (မစိုးရိမ်ဆရာတော်) |
| (၁၉) | အဘိဓမ္မတ္ထသရူပဒီပက | (ဒုတိယမြို့ပြင်ကြီးဆရာတော်) |
| (၂၀) | ပဋ္ဌာန်းအမေးအဖြေ | (လယ်တီပဏ္ဍိတ–ဦးမောင်ကြီး) |
| (၂၁) | ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒ | (ဦးအေးမောင်) |

## ဗုဒ္ဓ-ဓမ္မ-သံဃံ

ဗုဒ္ဓ၏တရားသည်....

(၁) မုချရှိသောတရားနှင့် မုချမရှိသောတရားတို့ကို ခွဲခြား ဝေဖန်၍ပြ၏။

(၂) မုချရှိသော တရားများ၌လည်း.... ဖောက်ပြန် ပျက်စီးတတ်သော တရားနှင့် မဖောက်မပြန်, မပျက်, မစီးတတ်သောတရားကို ခွဲခြား၍ပြ၏။

(၃) မဖောက်, မပြန်, မပျက်, မစီးတတ်သော တရားကို သိပြီးသောအခါ....

ဖောက်ပြန် ပျက်စီးတတ်သော တရားတို့၏ ကင်းရာ, ကုန်ရာ, ချုပ်ရာ, ငြိမ်းရာသို့ သွားသောလမ်းကိုပြ၏။

(နိဗ္ဗာန်သို့ညွှတ်သောဉာဏ်)

(သခင်တင်)